# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


## ဝီရိယကို မြဲမြံစွာအားထုတ်

ပျင်းရိသည်ဖြစ်၍ ဝီရိယမရှိဘဲ အနှစ်တစ်ရာပတ်လုံး အသက်ရှည်နေရခြင်းထက် ဝီရိယကို မြဲမြံစွာ အားထုတ်သော သူ၏ တစ်ရက်မျှအသက်ရှည်ရခြင်း သည် မြတ်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၁၂)


၁၃၈၆ ခုနှစ်၊ ကဆုန်လဆန်း ၁၂ ရက် | ၂၀၂၄ ခုနှစ်၊ မေ ၁၉ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၆၃)၊ အမှတ်(၂၂၇)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်း ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၊ တက္ကသိုလ်ဘွဲ့နှင်းသဘင် ခန်းမဆောင်ကြီး ဆောက်လုပ်ရန်အတွက် ရတနာအုတ်မြစ်တော်စီ မဟာမင်္ဂလာအခမ်းအနားကျင်းပ

## ဦးဆောင်အလှူ့ဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်၍ ပတ္တမြားရတနာ အုတ်မြစ်တော်ကို စီသွင်း

**နေပြည်တော် မေ ၁၈**

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၊ တက္ကသိုလ်ဘွဲ့နှင်းသဘင် ခန်းမဆောင်ကြီး ဆောက်လုပ်ရန်အတွက် ရတနာအုတ်မြစ်တော်စီ မဟာမင်္ဂလာ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျင်းပပြုလုပ်သည်။

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ အကျိုးတော်ဆောင်၊ တက္ကသိုလ်ဒုတိယအဓိပတိ မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် မစိုးရိမ်တိုက်သစ် မဟာနာယက၊ ဓမ္မသမိဒ္ဓိကျောင်းတိုက် ပဓာနနာယက ဆရာတော်အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဝါသေဋ္ဌာဘိဝံသ၊ နိုင်ငံတော်ဩဝါဒါစရိယ၊ တက္ကသိုလ်ဩဝါဒါစရိယ သီတဂူကမ္ဘာ့ ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ သီတဂူဆရာတော်ကြီး ဒေါက်တာဘဒ္ဒန္တ

*စာမျက်နှာ ၃ ကော်လံ ၁* ❖



ဦးဆောင်အလှူ့ဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမဆောင် အလယ်ဗဟိုချက်တည့်တည့်ရှိ ပတ္တမြားရတနာအုတ်မြစ်တော်အား ပရိတ်နံ့သာရည်များ ပက်ဖျန်းပေးစဉ်။


**ယနေ့** *ဖတ် စ ရာ*

**ကဆုန်လနှင့် ညောင်ရေသွန်းပွဲတော်** ဆောင်းပါး | စာ ၆

**ခက်ခဲကြမ်းတမ်းသည့် ပြည်ပရောက်နေ့စွဲများ** ဆောင်းပါး | စာ ၁၀

**စာများများဖတ်ကြစို့ ဆောင်ပုဒ်ဖြင့် မွန်ဂိုလီးယား အမျိုးသားစာအုပ်ပွဲတော် စတင်** နိုင်ငံတကာသတင်း | စာ ၁၃




# အစဉ်အမြဲ တံခါးဖွင့်ထားသည့် ပညာဘဏ်တိုက် ပြတိုက်များ

နှစ်စဉ် မေလ ၁၈ ရက်နေ့သည် "အပြည်ပြည်ဆိုင်ရာ ပြတိုက်များနေ့" (International Museum Day) ဖြစ်သည်။ နိုင်ငံတကာရှိ ပြတိုက်များကို ပြတိုက်ဆိုင်ရာ နည်းပညာများနှင့် အကြံဉာဏ်များ၊ ကျွမ်းကျင်မှုများ အကူအညီပေးနိုင်ရန်အတွက် အပြည်ပြည်ဆိုင်ရာပြတိုက်များကောင်စီ (International Council of Muse-um – ICOM) ကို ၁၉၄၆ ခုနှစ်တွင် ပြင်သစ်နိုင်ငံ ပါရီမြို့တွင် ဖွဲ့စည်းတည်ထောင်ခဲ့ခြင်းဖြစ်ပြီး မြန်မာနိုင်ငံရှိ ပြတိုက်များသည်လည်း နိုင်ငံတကာရှိပြတိုက်များနှင့် ပိုမိုပူးပေါင်းဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ၂၀၁၆ ခုနှစ်တွင် အပြည်ပြည်ဆိုင်ရာပြတိုက်များကောင်စီအဖွဲ့ဝင်အဖြစ် ဝင်ရောက်ခဲ့သည်။

ပြတိုက်များသည် ပြည်သူများ အသိပညာဗဟုသုတရရှိနိုင်ရေးအတွက် ငွေကြေးအကျိုးအမြတ်ကို ပဓာနမထားဘဲ ဝန်ဆောင်မှုပေးကြရသည့် အဖွဲ့အစည်းများပင်ဖြစ်သည်။ ပြတိုက်များသည် အများပြည်သူကို ပြသရန်အတွက် ပစ္စည်းများ စုဆောင်းကြရသည်။ စုဆောင်းရရှိထားသည့်ပစ္စည်းများ၊ ပြသထားသည့်ပစ္စည်းများ ရေရှည်တည်တံ့စေရန်လည်း ထိန်းသိမ်းစောင့်ရှောက်ကြရသည်။ အဆိုပါပစ္စည်းများ၏ အချက်အလက်များနှင့်စပ်လျဉ်း၍လည်း ပိုမိုခိုင်မာစွာသိရှိစေရန် သုတေသနပြုကြရသည်။ ပြည်သူများ သိရှိနိုင်စေရန်လည်း ခင်းကျင်းပြသပေးကြရသည်။ မြန်မာနိုင်ငံသည် ရှည်လျားသည့် သမိုင်းကြောင်းနောက်ခံရှိပြီး ဒြပ်ရှိဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များ ကြွယ်ဝသည့်နိုင်ငံဖြစ်သည်။ ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ်မှသည် မြို့ပြနိုင်ငံများတည်ထောင်ခဲ့ကြသည့် ခေတ်အဆက်ဆက်တို့မှ ကြွင်းကျန်ရစ်သည့် သမိုင်းအထောက်အထားများစွာ မြေပေါ်မြေအောက်တွင်ရှိနေပြီး နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ ပုဂံအပါအဝင် ပြည်တွင်းရှိပြတိုက်များစွာတို့တွင် ပြသပစ္စည်းများအဖြစ် ရှိနေသလို အကြောင်းအမျိုးမျိုးဖြင့် ပြည်ပရှိပြတိုက်များသို့ ရောက်ရှိနေကြသည့် ပစ္စည်းများလည်းရှိသည်။

ပြတိုက်များသို့ သွားရောက်ကြည့်ရှုလေ့လာခြင်းဖြင့် ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုးတို့၏ ကိုယ်ပိုင်ယဉ်ကျေးမှု၊ ရိုးရာဓလေ့ထုံးစံများ၊ သမိုင်းကြောင်းနောက်ခံများ စသည်တို့ကို မျက်ဝါးထင်ထင်တွေ့မြင်နိုင်ပြီး ပိုမိုနားလည်သိမြင်စေနိုင်သည်။ အမျိုးသားအဆင့်ပြတိုက်ကြီးများမှသည် ဌာနအဆင့်၊ ဒေသအဆင့်၊ ဝါသနာရှင်အဆင့်ပြတိုက်များအထိ အကြောင်းအရာအမျိုးမျိုးဖြင့် ခင်းကျင်းပြသမှုများက မိမိတို့အား အသိသုတအမျိုးမျိုးတို့ကို ပေးအပ်နိုင်သည်။ စာကြည့်တိုက်များနည်းတူ ပြတိုက်များသည်လည်း အများပြည်သူအား ဗဟုသုတ၊ အသိပညာများပေးရန်ဟူသော ရည်ရွယ်ချက်များဖြင့် တည်ထောင်ထားခြင်းဖြစ်ရာ ဗဟုသုတနှင့် အသိပညာကို လိုလားသူအမျိုးကောင်းသား၊ အမျိုးကောင်းသမီးတို့ ပညာရှာမှီးနိုင်ရန် လက်ကမ်းစောင့်ကြိုလျက်ရှိသည်။ သုတေသနပြုလိုသူတို့အတွက်လည်း ဝန်ဆောင်မှုပေးရန် အသင့်ရှိကြသည်။ နိုင်ငံတကာတွင် အမျိုးသားအဆင့်စာကြည့်တိုက်ကြီးများနှင့် ပြတိုက်ကြီးများသည် ပြည်တွင်းပြည်ပဧည့်သည်များနှင့် စည်ကားလှရာ မိမိတို့နိုင်ငံ၏ နိုင်ငံတကာအဆင့်မီစာကြည့်တိုက်ကြီးများနှင့် ပြတိုက်ကြီးများတွင်လည်း ဗဟုသုတရှာဖွေသူတို့ စည်ကားစေလိုသည်။

ပြတိုက်တို့ကို တည်ထောင်ခင်းကျင်းပြသရာတွင် ယဉ်ကျေးမှုအရရော၊ သမိုင်းနောက်ခံနှင့် အနုပညာလက်ရာမြောက်မှုအရပါ တန်ဖိုးမြင့်မားသည့် ဒြပ်ရှိဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် ပြည်သူများကို ပညာပေးရန် ရည်ရွယ်ခြင်းဖြစ်ရာ ရည်ရွယ်ချက်ပေါက်မြောက်ရန်လိုသည်။ ကျောင်းသား၊ ကျောင်းသူ လူငယ်များနှင့် ပြည်သူများ ပြတိုက်များကို စိတ်ဝင်စားမှု မြင့်မားလာစေရေးအတွက် လှုံ့ဆော်မှုများ၊ လှုပ်ရှားမှုများ၊ ပူးပေါင်းဆောင်ရွက်မှုများ စဉ်ဆက်မပြတ်ပြုလုပ်ခြင်းဖြင့် ရည်ရွယ်ချက်ကောင်းများဖြင့် တန်ဖိုးကြီးစွာ ရင်းနှီးတည်ထောင်ထားသည့် ပြတိုက်ကြီးများ အောင်မြင်နိုင်ပါစေကြောင်း။ ။

# ကိုရီးယား၌ E-9 Visa လုပ်သားများ သတ်မှတ်ရမှတ်ပြည့်မီပါက E-7- 4 Visa (ကျွမ်းကျင်လုပ်သားဗီဇာ) ပြောင်းလဲလျှောက်ထားနိုင်



**ရန်ကုန် မေ ၁၈**

ကိုရီးယားသမ္မတနိုင်ငံ၌ ကျွမ်းကျင်လုပ်သားရှားပါးလာသည့် အခက်အခဲကို ဖြေရှင်းနိုင်ရန်အတွက် E-9 Visa လုပ်သားများအနေဖြင့် သတ်မှတ်ရမှတ်များနှင့် ပြည့်မီပါက E-7-4 Visa (ကျွမ်းကျင်လုပ်သားဗီဇာ) ပြောင်းလဲလျှောက်ထားနိုင်ကြောင်း ကိုရီးယားသမ္မတနိုင်ငံဆိုင်ရာ မြန်မာသံရုံး(ယာပုံ)က အသိပေးကြေညာထားသည်။

အဆိုပါ သံရုံးအနေဖြင့် ကိုရီးယားသမ္မတနိုင်ငံ၏ ပြောင်းလဲလိုက်သော ဗီဇာမူဝါဒအခြေအနေကို မေ ၁၆ ရက်တွင် အသိပေးခဲ့ခြင်းဖြစ်သည်။ ထိုကြေညာချက်၌ ကိုရီးယားသမ္မတနိုင်ငံ တရားရေးဝန်ကြီးဌာနမှ ကြီးမှူးကျင်းပသည့် 2024 Briefing Session on Visa Policy အစည်းအဝေးသို့ မြန်မာသံရုံး ဆိုလ်းမြို့မှ ပါဝင်တက်ရောက်ခဲ့ရာ အဆိုပါအစည်းအဝေးတွင် ကိုရီးယားသမ္မတနိုင်ငံ၌ ကျွမ်းကျင်လုပ်သားရှားပါးလာသည့် အခက်အခဲကို ဖြေရှင်းနိုင်ရန်အတွက် E-9 Visa လုပ်သားများအနေဖြင့် သတ်မှတ်ရမှတ်များနှင့် ပြည့်မီပါက E-7 – 4 Visa (ကျွမ်းကျင်လုပ်သားဗီဇာ) ပြောင်းလဲလျှောက်ထားနိုင်ကြောင်းကို သက်ဆိုင်ရာသံရုံးမှတစ်ဆင့် အသိပေးကြေညာနိုင်ရန် ဆွေးနွေးဆုံးဖြတ်နိုင်ခဲ့သည်ဟု အသိပေးထားသည်။

ဆွေးနွေးချက်များအရ E-7-4 Visa လျှောက်ထားလိုသူများအနေဖြင့် E-9၊ E-10 နှင့် H-2 Visa ဖြင့်နေထိုင်သူများလျှောက်ထားနိုင်ပြီး ကိုရီးယားနိုင်ငံအတွင်း လွန်ခဲ့သည့် ၁၀ နှစ်အတွင်း၌ လေးနှစ်နှင့်အထက် နေထိုင်သူ၊ လက်ရှိ အလုပ်လုပ်ကိုင်နေသည့် ကုမ္ပဏီတွင် အလုပ်သမားစာချုပ်နှစ်နှစ်အနည်းဆုံးရှိရမည်ဖြစ်ပြီး နှစ်စဉ်လုပ်ခလစာ ကိုရီးယားဝမ် ၂၆ သန်းနှင့်အထက် ရရှိသူဖြစ်ရမည်ဟုပါရှိသည်။

ထို့အတူ လုပ်သက်တစ်နှစ်နှင့်အထက် အနည်းဆုံးရရှိထားသော လက်ရှိလုပ်ကိုင်နေသည့် ကုမ္ပဏီထောက်ခံချက်နှင့် ကိုရီးယားဘာသာစကား တတ်ကျွမ်းမှုရမှတ် ၂၀၀ နှင့်အထက်ရရှိသူနှင့် ကိုရီးယားနိုင်ငံအတွင်း၌ နေထိုင်ပြီး ပြစ်မှုတစ်စုံတစ်ရာ ကျူးလွန်ဖူးခြင်းမရှိသူ ဖြစ်ရမည်ဟုလည်း ဖော်ပြထားသည်။

ထို့အပြင် ကိုရီးယားနိုင်ငံ၏ မွေးဖွားမှုနှုန်း ကျဆင်းခြင်းနှင့် သက်ကြီးရွယ်အိုများပြားလာခြင်း၊ လုပ်ငန်းခွင် ဝင်ရောက်နိုင်သူနည်းပါးလာခြင်း အခြေအနေတို့ကြောင့် နယ်မြို့ ၆၆ မြို့တွင် နိုင်ငံခြားသားများအတွက် ရည်ရွယ်၍ Regional-Specialized Visa(F-2-R)ကိုလျှောက်ထားနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို https://www.hikorea.go.ko/Main.pt တွင် လေ့လာနိုင်ကြောင်းလည်း သံရုံးမှ အသိပေးကြေညာထားသည်။ **MT**

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၉-၅-၂၀၂၄ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၆၂၅ | ၂၇၀၀ | ၂၆၀၀ | ၂၆၃၀ | ၂၇၀၀ | ၂၇၁၅ | ၂၇၂၅ | ၂၆၀၀ | ၂၈၁၅ | ၂၈၄၅ | ၂၆၉၀ | ၂၇၀၅ | ၂၇၄၀ | ၂၇၂၅ | ၂၇၄၀ | ၃၁၄၅ | ၃၆၀၀ |
| 95 Ron | ၂၇၅၀ | ၂၈၂၅ | ၂၈၀၅ | ၂၇၅၅ | ၂၈၂၅ | ၂၈၄၀ | ၂၈၅၀ | ၂၈၀၅ | ၂၉၃၅ | ၂၉၆၅ | ၂၈၁၅ | ၂၈၃၀ | ၂၈၆၀ | ၂၈၅၀ | ၂၈၆၅ | ၃၂၇၀ | ၃၇၀၀ |
| HSD (500 ppm) | ၂၃၄၅ | ၂၄၂၅ | ၂၄၀၀ | ၂၃၅၅ | ၂၄၂၅ | ၂၄၄၀ | ၂၄၅၀ | ၂၄၀၅ | ၂၅၃၅ | ၂၅၆၅ | ၂၄၁၅ | ၂၄၃၀ | ၂၄၆၀ | ၂၄၅၀ | ၂၄၆၀ | ၂၈၇၀ | ၃၆၅၀ |
| HSD (50 ppm) | ၂၃၈၅ | ၂၄၇၅ | ၂၄၅၀ | ၂၄၀၅ | ၂၄၇၅ | ၂၄၈၅ | ၂၅၀၀ | ၂၄၅၅ | ၂၅၈၅ | ၂၆၁၅ | ၂၄၆၀ | ၂၄၇၅ | ၂၅၁၀ | ၂၅၀၀ | ၂၅၁၀ | ၂၉၂၀ | ၃၇၁၀ |
| HSD (10 ppm) | ၂၃၈၅ | ၂၄၇၅ | ၂၄၅၀ | ၂၄၀၅ | ၂၄၇၅ | ၂၄၈၅ | ၂၅၀၀ | ၂၄၅၅ | ၂၅၈၅ | ၂၆၁၅ | ၂၄၆၀ | ၂၄၇၅ | ၂၅၁၀ | ၂၅၀၀ | ၂၅၁၀ | ၂၉၂၀ | ၃၇၁၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၄၈၈ | ၂၅၇၁ |
| 95 Ron | ၂၆၀၉ | ၂၆၉၅ |
| HSD (500 ppm) | ၂၂၂၀ | ၂၂၉၄ |
| HSD (50 ppm) | ၂၂၆၇ | ၂၃၄၂ |
| HSD (10 ppm) | ၂၂၆၇ | ၂၃၄၂ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

■ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

■ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။



နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မစိုးရိမ်တိုက်သစ် ဆရာတော်ကြီးထံမှ ဦးဆောင်အလှူဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ အမှူးပြုသည့် ဧည့်ပရိသတ်များ ငါးပါးသီလခံယူဆောက်တည်ကြစဉ်။

❖ *ရှေ့ဖုံးမှ*

ဉာဏ်သဃရ၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓ သာသနာပြု တက္ကသိုလ် ပါမောက္ခချုပ် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဒေါက်တာဘဒ္ဒန္တဆေကိန္ဒ အမှူးပြုသော ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး ဦးဆောင်အလှူဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့် မိသားစုဝင်များ၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့်ဇနီး၊ ကောင်စီဝင်များနှင့်ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့်ဇနီး၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် ဇော်ဟိန်း၊ ရန်ကုန်မြို့တော်ဝန်နှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် အလှူရှင်များ တက်ရောက်ကြသည်။

### ငါးပါးသီလခံယူ

ဦးစွာ မဟာမင်္ဂလာ အခမ်းအနား အစီအစဉ် ပထမပိုင်းကို "နမောတဿ" သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ ဖွင့်လှစ်ပြီး နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ အကျိုးတော်ဆောင် မစိုးရိမ်တိုက်သစ် ဆရာတော်ကြီးထံမှ နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး အမှူးပြုသည့် ဧည့်ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် ဥပါသကာများက ရတနာ အုတ်မြစ်တော်များနှင့် အုတ်မြစ်တော်စီရာတွင် အသုံးပြုမည့် ရွှေဒယ်များ၊ ရွှေသံလက်တော်များအား သံဃာတော်များထံ ဆက်ကပ်လှူဒါန်းပြီး ဆရာတော်၊ သံဃာတော်များ ရွတ်ပွား သရဇ္ဈာယ် ချီးမြှင့်တော်မူသော ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။



ဦးဆောင်အလှူဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ သီတဂူဆရာတော်ကြီးထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

ယင်းနောက် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ ကောင်စီဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ အခမ်းအနားတက်ရောက်လာကြသူများက ဆရာတော်ကြီးများထံ လှူဖွယ်ပစ္စည်းများကို ဆက်ကပ် လှူဒါန်းကြပြီး နိုင်ငံတော်ဩဝါဒါစရိယ သီတဂူ ဆရာတော်ကြီးထံမှ အနုမောဒနာ တရားနာကြား၍ လှူဒါန်းမှုအစုစု အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ဆက်လက်၍ အခမ်းအနား ဒုတိယပိုင်းကို ကျင်းပပြုလုပ်ရာ အခမ်းအနားမှူးက မင်္ဂလာ အခါတော်စာတမ်းကို ဖတ်ကြားပြီး မင်္ဂလာအချိန်တွင် ဦးဆောင် အလှူဒါယကာ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က တက္ကသိုလ်ဘွဲ့နှင်းသဘင် ခန်းမဆောင် အလယ်ဗဟိုချက် တည့်တည့်၌ ပတ္တမြားရတနာ အုတ်မြစ်တော်ကို စီသွင်းသည်။ ထိုအချိန်တွင် နိုင်ငံတော်ဩဝါဒါစရိယ သီတဂူဆရာတော်ကြီးက မဟာပထဝီဇယ မန္တာန်တော်ကြီးကို ရွတ်ပွားသရဇ္ဈာယ်ချီးမြှင့်ပေးတော်မူသည်။ ထို့နောက် ကောင်စီတွဲဖက်အတွင်းရေးမှူးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ အလှူရှင်များက ရတနာအုတ်မြစ်တော်များကို သတ်မှတ်ထားသည့် အရပ်ရှစ်မျက်နှာရှိ နေရာအသီးသီး၌ အစဉ်လိုက်စီသွင်းကြသည်။

### ပရိတ်နံ့သာရည်များ ပက်ဖျန်း

ယင်းနောက် ဦးဆောင်အလှူဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ခန်းမဆောင် အလယ်ဗဟိုချက် တည့်တည့်ရှိ ပတ္တမြား ရတနာအုတ်မြစ်တော်အား မြေသရွတ်တော်ဖြင့် အခိုင်အခံ့ပြုလုပ်ကာ ပရိတ်နံ့သာရည်များ ပက်ဖျန်းပေးသည်။ ဆက်လက်၍ ကြွရောက်တော်မူကြသည့် ဆရာတော်၊ သံဃာတော်များ၊ ဦးဆောင်အလှူဒါယကာ နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး အမှူးပြုသည့် ဧည့်ပရိသတ်များက "ဇယန္တော ဗောဓိယာမူလေ" အစချီနှစ်ဂါထာကို ရွတ်ဆိုပူဇော်ကြပြီး ရတနာအုတ်မြစ်တော်စီ အခမ်းအနားကို "ဗုဒ္ဓသာသနံစိရံတိဋ္ဌတု" သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့်ဇနီး ဆရာတော်ကြီးထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့်ဇနီး ဆရာတော်ကြီးထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

*စာမျက်နှာ ၄ သို့*

*စာမျက်နှာ ၃ မှ*

ထို့နောက် ရတနာအုတ်မြစ်တော်စီအခမ်းအနား အောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့က ရတနာရွှေမိုး၊ ငွေမိုးများ ရွာသွန်းဖြိုးကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ အခမ်းအနား တက်ရောက်လာကြသူများက ဆရာတော်ကြီးများကို နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။



ဦးဆောင်အလှူဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမဆောင် အလယ်ဗဟိုချက်တည့်တည့်၌ ပတ္တမြားရတနာအုတ်မြစ်တော်ကို စီသွင်းစဉ်။

အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ်၊ တက္ကသိုလ်ဘွဲ့နှင်း သဘင်ခန်းမဆောင်ကြီးကို ပါမောက္ခချုပ်ဆရာတော် အရှင်ဆေကိန္ဒ၏ ဦးဆောင်မှုဖြင့် နိုင်ငံတကာအဆင့်မီ ဘွဲ့နှင်းသဘင်ခန်းမဆောင်အဖြစ် ဆောက်လုပ်ရန် စီမံဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ဘွဲ့နှင်းသဘင်ခန်းမဆောင်ကြီး ဆောက်လုပ်ရန်အတွက် ဦးဆောင်အလှူဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး မိသားစုနှင့် အလှူရှင်များ စုပေါင်းလှူဒါန်းခဲ့ခြင်းဖြစ်သည်။ ဘွဲ့နှင်းသဘင်ခန်းမဆောင်ကြီးသည် အလျား ၂၀၄ ပေ၊ အနံ ၁၅၄ ပေ၊ အမြင့် ၉၃ ပေ ၆ လက်မရှိ ၄ ထပ်ဆောင်သံကူကွန်ကရစ်အမျိုးအစားဖြစ်ပြီး ဓာတ်လှေကားများ၊ ကားရပ်နားရန် နေရာများ၊ ဘက်စုံသုံးခန်းမ၊ စာကြည့်တိုက်၊ စာသင်ခန်း၊ ရုံးခန်း၊ ဧည့်သံဃာတော်များအတွက် အိပ်ဆောင်များ ပြည့်စုံစွာဖြင့် ထည့်သွင်းတည်ဆောက်သွားမည်ဖြစ်ကာ အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ်၊ တက္ကသိုလ်ဘွဲ့နှင်း သဘင်ခန်းမဆောင်ကြီး တည်ဆောက်ပြီးစီးပါက သံဃာတော်အပါး ၇၀၀ အား နိုင်ငံတကာအဆင့်မီ ဘွဲ့နှင်းသဘင် အခမ်းအနားများကို ဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး ညိုစောနှင့် ဇနီး ဆရာတော်ကြီးထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့်ဇနီး ဆရာတော်ကြီးထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မိုးအောင်နှင့်ဇနီး ဆရာတော်ကြီးထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့် ဇနီး ဆရာတော်ကြီးထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်နှင့် ဇနီး ဆရာတော်ကြီးထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



**“ဘွဲ့နှင်းသဘင်ခန်းမဆောင်ကြီးသည် အလျား ၂၀၄ ပေ၊ အနံ ၁၅၄ ပေ၊ အမြင့် ၉၃ ပေ ၆ လက်မရှိ ၄ ထပ်ဆောင်သံကူကွန်ကရစ်အမျိုးအစားဖြစ်ပြီး ဓာတ်လှေကားများ၊ ကားရပ်နားရန် နေရာများ၊ ဘက်စုံသုံးခန်းမ၊ စာကြည့်တိုက်၊ စာသင်ခန်း၊ ရုံးခန်း၊ ဧည့်သံဃာတော်များအတွက် အိပ်ဆောင်များ ပြည့်စုံစွာဖြင့် ထည့်သွင်းတည်ဆောက်သွားမည်ဖြစ်ကာ အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ်၊ တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမဆောင်ကြီး တည်ဆောက်ပြီးစီးပါက သံဃာတော်အပါး ၇၀၀ အား နိုင်ငံတကာအဆင့်မီ ဘွဲ့နှင်းသဘင်အခမ်းအနားများကို ဆောင်ရွက်သွားနိုင်မည်ဖြစ်”**

# နေပြည်တော်ကောင်စီနယ်မြေ၌ မွေးမြူရေးထွက်ကုန်ပစ္စည်းထုတ်လုပ်မှု တိုးမြှင့်ဆောင်ရွက်နိုင်ရေး မွေးမြူရေးဇုန်များ ဖော်ထုတ်လျက်ရှိ

**နေပြည်တော် မေ ၁၈**

နေပြည်တော်ကောင်စီနယ်မြေ၌ မွေးမြူရေးထွက်ကုန် အသား၊ ဥ၊ နို့နှင့် နို့ထွက်ပစ္စည်းထုတ်လုပ်မှုတိုးမြှင့် ဆောင်ရွက်နိုင်ရေးအတွက် တပ်ကုန်းမြို့နယ် ကံကြီးကျေးရွာ၊ သပြေချောင်းကျေးရွာနှင့် လယ်ဝေးမြို့နယ် ပြောင်းခေါင်းကြီးကျေးရွာ၊ မင်းပြင်ကျေးရွာတို့တွင် မွေးမြူရေးဇုန်များဖော်ထုတ်၍ မွေးမြူရေးတောင်သူများနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ အောင်မြင်စွာမွေးမြူလုပ်ကိုင်နိုင်ကြစေရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက လိုအပ်ချက်များ ကူညီပံ့ပိုးပေးလျက်ရှိရာ ယနေ့ နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် ကံကြီးမွေးမြူရေးဇုန်နှင့် ရွှေမြို့ မွေးမြူရေးဇုန်များအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထိုသို့စစ်ဆေးစဉ် မွေးမြူရေးတောင်သူများ ပုဂ္ဂလိကမွေးမြူရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းခွင်အတွေ့အကြုံများကို ရင်းနှီးခင်မင်စွာမေးမြန်းပြီး နိုင်ငံတော်အစိုးရ၏စားရေရိက္ခာဖူလုံပိုလျှံရေးအလေးထားဆောင်ရွက်နေမှု၊ မိမိတို့ဝန်ကြီးဌာန၏ ဆောင်ရွက်ချက်များနှင့် မွေးမြူသူများ၏အခက်အခဲများကို ဇုန်တာဝန်ခံနှင့် တာဝန်ရှိသူများကို တင်ပြ၍ အကူအညီရယူနိုင်မှု၊ မြေယာအသုံးပြုခွင့်၊ လုပ်ကိုင်ခွင့်များကို ဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်ကြရန်နှင့် မွေးမြူရေးဇုန်ဆိုင်ရာညွှန်ကြားချက်များ၊ စည်းမျဉ်းစည်းကမ်းများကို စနစ်တကျလိုက်နာဆောင်ရွက်ရန် လိုအပ်ချက်များ၊ ဇုန်အတွင်းအကောင်အထည်ဖော် ဆောင်ရွက်နိုင်ခြင်းမရှိသောနေရာများတွင် အမှန်တကယ် ရင်းနှီးမြှုပ်နှံလုပ်ကိုင်လိုသူများ လုပ်ပိုင်ခွင့်ရရှိရေး စီမံဆောင်ရွက်နေမှုအခြေအနေများ၊ မွေးမြူရေးထွက်ကုန်များ၏ ဈေးကွက်အလားအလာနှင့် ထုတ်လုပ်မှုတိုးမြှင့်နိုင်ရေးအခွင့်အလမ်းများကို ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ မွေးမြူရေးတောင်သူများ ပုဂ္ဂလိကမွေးမြူရေးလုပ်ငန်းရှင်များ၏ တင်ပြချက်များကို ပြည်ထောင်စုဝန်ကြီးနှင့် နေပြည်တော်ကောင်စီဝင်တို့က ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

နေပြည်တော်ကောင်စီနယ်မြေတွင် မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာရေးနှင့် မွေးမြူရေးအခြေခံကုန်ထုတ်လုပ်မှု တိုးမြှင့်နိုင်ရေးအတွက် သတ်မှတ်ဇုန် လေးခုတွင် ဒေသနွား၊ နို့စားနွား၊ အသားတိုးဝက်၊ သိုး၊ ဆိတ်နှင့်ကြက်များ မွေးမြူလုပ်ကိုင်လျက်ရှိပြီး ဒေသ၏ အသား၊ ဥ၊ နို့စားသုံးမှုအပြင် တိုင်းဒေသကြီး ပြည်နယ်အသီးသီးသို့လည်း တင်ပို့ဖြန့်ဖြူးပေးလျက်ရှိကြောင်း သိရသည်။



ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ပျဉ်းမနားမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ပျားမွေးမြူရေးအလုပ်ရုံသို့ သွားရောက်ပြီး မြန်မာနိုင်ငံပျားလုပ်ငန်းအသင်းက မေလ ပထမပတ်အတွင်း ပြည်ပမှတင်သွင်းလှူဒါန်းထားသည့် ပျားဘုရင်မများကို ကြည့်ရှုစစ်ဆေးပြီး ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲထွန်းဝင်းနှင့်တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ဥအုနှုန်းကျဆင်းလာသည့် ပျားဘုရင်မများနေရာတွင် အစားထိုးလဲလှယ်နိုင်ရေး၊ ပျားအုံများတိုးပွားရေးနှင့် နေကြာစိုက်ခင်းများတွင် စနစ်တကျ အသုံးပြုသွားရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံခြားငွေဘဏ်လုပ်ငန်းဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန AD လိုင်စင်ရဘဏ်များ၊ ကုန်သည်စက်မှုအသင်းချုပ်တာဝန်ရှိသူများ ဆွေးနွေးပွဲကျင်းပ

**နေပြည်တော် မေ ၁၈**

နိုင်ငံခြား ငွေလဲလှယ်နှုန်းနှင့် နိုင်ငံခြား ငွေကြေးပိုင်းဆိုင်ရာကိစ္စရပ်များ၊ ကုန်သွယ်ရေးဆိုင်ရာကိစ္စရပ်များနှင့် ဘဏ်စနစ်အသုံးပြုရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်းသည့်ဆွေးနွေးပွဲကို ယနေ့ နံနက် ၁၁ နာရီက မြန်မာနိုင်ငံတော်ဗဟိုဘဏ် ရန်ကုန်ဘဏ်ခွဲ အစည်းအဝေးခန်းမ၌ ကျင်းပသည်။





ဆွေးနွေးပွဲသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ဒုတိယဥက္ကဋ္ဌများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI) မှ အတွင်းရေးမှူးနှင့် နိုင်ငံခြားသုံးငွေများ ရောင်းဝယ်ဖောက်ကားသည့်လုပ်ငန်း (AD) လိုင်စင်ရဘဏ်များမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌက မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် နိုင်ငံခြားငွေလဲလှယ်နှုန်းတည်ငြိမ်မှုရှိစေရန် မူဝါဒများချမှတ်၍ ထိန်းကျောင်းလျက်ရှိကြောင်း၊ Online Trading Platform သည် တရားဝင်နိုင်ငံခြားငွေရောင်းချဝယ်ယူသည့် တရားဝင်ဈေးကွက်ဖြစ်ကြောင်း၊ ဘဏ်များမှတစ်ဆင့် ဝယ်လိုသူ/ ရောင်းချလိုသူတို့သည် ၎င်းတို့ ရောင်းချ/ ဝယ်ယူလိုသည့် Rate ကို နေ့စဉ်တင်ပြပြီး ဈေးကွက်ပေါက်ဈေးအတိုင်း ရောင်းချသည့်တရားဝင် Foreign Exchange Market ဖြစ်ကြောင်း၊ အများပြည်သူသိရှိစေရန်အတွက်လည်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ နေ့စဉ် Facebook Page နှင့် ဗဟိုဘဏ် Website ၌ ကြေညာပေးလျက်ရှိကြောင်း၊ တရားမဝင်ဈေးကွက်များ (Online, Facebook)တို့တွင် ရောင်းချနေမှုများကို အရေးယူလျက်ရှိပြီး တရားမဝင်ဈေးကွက်တွင် ရောင်းချမှုများကြောင့် ဆုံးရှုံးမှုများကိုလည်း တွေ့မြင်ရကြောင်း၊ စည်းမျဉ်းစည်းကမ်းနှင့် အညီ ရောင်းချနေသည့် ဈေးကွက်ကို သာလျှင် ပြည်တွင်း/ ပြည်ပအဖွဲ့အစည်းများက ယုံကြည်မှုရှိမည်ဖြစ်ကြောင်း။

တရားမဝင် ငွေလွှဲဟွန်ဒီများ ဆောင်ရွက်မှုများကိုလည်း နိုင်ငံတကာကစောင့်ကြည့်နေပြီး ဗဟိုဘဏ်အချင်းချင်း ပူးပေါင်းဆောင်ရွက်မှုများကြောင့်လည်း အရေးယူခံရနိုင်မှုများရှိကြောင်း၊ Online Trading Platform မှတစ်ဆင့် ဈေးကွက်ဝယ်လိုအား/ရောင်းလိုအားအပေါ် မူတည်၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ လိုအပ်သည့် နိုင်ငံခြားငွေများကို ဝင်ရောက်ရောင်းချပေးလျက်ရှိကြောင်း၊ နိုင်ငံခြားငွေလဲလှယ်နှုန်းနှင့် ပတ်သက်၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ချမှတ်ထားသည့် မူဝါဒများကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ဈေးကွက်၌ ပါဝင်သူများအားလုံး (အစိုးရ/ ပုဂ္ဂလိကကဏ္ဍ) မှ ပူးပေါင်းပါဝင်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ လွတ်လပ်စွာရောင်းချသည့် နိုင်ငံခြားငွေဈေးကွက်ဖော်ဆောင်ရာတွင် အဟန့်အတားများကို အထူးသဖြင့် ကောလာဟလများကြောင့် ဈေးကစားသူများကို ထိန်းကျောင်းရန် လိုအပ်ပါကြောင်း၊ သို့မှသာ လွတ်လပ်စွာရောင်းဝယ်နိုင်သည့် ဈေးကွက်ကို ဖော်ဆောင်နိုင်မည်ဖြစ်ပါကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ကုန်သွယ်မှုလုပ်ငန်းများအတွက် ငွေပေးချေမှုများဆောင်ရွက်ရာတွင် တရားဝင်ဘဏ်စနစ်မှ ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ပို့ကုန်ရငွေများကို သတ်မှတ်ကာလအတွင်း ပြန်လည်ဝင်ရောက်ရေးအတွက် ပူးပေါင်းကြိုးကြပ်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ AD လိုင်စင်ရဘဏ်များအနေဖြင့် Online Trading Platform ၌ နိုင်ငံခြားငွေများဝယ်ယူ ဆောင်ရွက်ပေးရာတွင် Beneficiary Owner သို့သာ ရောက်ရှိရန် လိုအပ်ကြောင်း၊ နယ်စပ်ကုန်သွယ်ရေး၌ လည်း သွင်းကုန်လိုင်စင်များ ချပေးရာတွင် ဘဏ်စနစ်မှသွားရန် လိုအပ်ကြောင်း၊ နိုင်ငံခြားငွေများ ရောင်းဝယ်ရာ၌ Online Market Rate အတိုင်း ဝယ်/ရောင်းရန် လိုအပ်ကြောင်း၊ အဆိုပါအချက်အလက်များကို ကုန်ဈေးနှုန်းထိန်းကျောင်းရန် ဆက်စပ်ကော်မတီများသို့လည်း သတင်းပို့ထားပြီး ဖြစ်ပါကြောင်း။

AD လိုင်စင်ရဘဏ်များအနေဖြင့် ဗဟိုဘဏ်မှချမှတ်ထားသော စည်းမျဉ်းစည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ရန် လိုအပ်ကြောင်း၊ Onsite စစ်ဆေးပေါ်ပေါက်ပါက သက်ဆိုင်ရာ ဥပဒေများအရ စီမံခန့်ခွဲမှုဆိုင်ရာ အရေးယူမှုများ ပြုလုပ်သွားမည်ဖြစ်ပါကြောင်း၊ လက်ရှိတွင် ငွေလဲလှယ်နှုန်းတည်ငြိမ်မှုကို အဟန့်အတားဖြစ်စေသော ရွှေနှင့်နိုင်ငံခြားငွေဈေးကစားနေသူများကို ရွှေနှင့် ငွေကြေးဈေးကွက်စောင့်ကြည့်၊ ထိန်းသိမ်း၊ ကြပ်မတ်ရေးလုပ်ငန်းကော်မတီမှ စိစစ်အရေးယူလျက်ရှိကြောင်း၊ ငွေသားအမြောက်အမြား ထုတ်ယူနေခြင်းများနှင့် စပ်လျဉ်း၍ ဒစ်ဂျစ်တယ်ငွေပေးချေမှု နည်းလမ်းဖြင့် လွှဲပြောင်းဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ ဒစ်ဂျစ်တယ်နည်းလမ်းဖြင့် သွားရောက်မှသာ လိုအပ်သည့်ကြီးကြပ်စစ်ဆေးမှုများနှင့် AML / CFT ဆိုင်ရာ ကိစ္စရပ်များအတွက် ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည် ဖြစ်ပါကြောင်း ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီးက ကုန်သွယ်မှုဆိုင်ရာမူဝါဒများ ချမှတ်ဆောင်ရွက်နေမှုများကို လည်းကောင်း၊ UMFCCI မှ အတွင်းရေးမှူးက သိလိုသည်များနှင့် အကြံပြုချက်များကိုလည်းကောင်း ဆွေးနွေးပြီး AD လိုင်စင်ရဘဏ်များကလည်း ပြန်လည်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တောင်ဥက္ကလာပမြို့နယ်၌ အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်ပေး

**တောင်ဥက္ကလာပ မေ ၁၈**

ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် အမှတ်(၅)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ပန်းခင်းစီမံချက်-၃ ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်ပေးခြင်းကို ယနေ့ နံနက် ၁၀ နာရီက ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါ ကွင်းဆင်းဆောင်ရွက်ခြင်းကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန တောင်ဥက္ကလာပမြို့နယ်ဦးစီးမှူးရုံး ဦးစီးအရာရှိ ဦးအောင်ကိုဦးနှင့် ဝန်ထမ်းများက အမှတ်(၅)ရပ်ကွက်အတွင်းရှိ အသက်(၁၆) နှစ်နှင့် အသက်(၁၈)နှစ်ကြား နိုင်ငံသားစိစစ်ရေးကတ် လေးဦး၊ အသက် (၁၈)နှစ်အထက်နိုင်ငံသားစိစစ်ရေးကတ် ခြောက်ဦးနှင့် အိမ်ထောင်စု လူဦးရေစာရင်း ငါးစု ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# ကဆုန်လနှင့် ညောင်ရေသွန်းပွဲတော်

**မြန်မာတို့၏ ဆယ့်နှစ်လရာသီတွင် ကဆုန်လသည် ဒုတိယမြောက်လ ဖြစ်သည်။ ကဆုန်လ၏ သဘာဝအလှတို့ကား စာဖွဲ့မကုန်နိုင်ပါချေ။ မိုးရနံ့နှင့်အတူ ဖူးပွင့်လာသော စကားဝါပန်းကလေးများ၏ မွှေးရနံ့များသည် ရင်ကိုအေးမြစေသည်။ ကဆုန်လတွင် ကျင်းပသည့် ညောင်ရေသွန်းပွဲတော်သည် စည်ကားသိုက်မြိုက်လှသော ပွဲတော်တစ်ခုဖြစ်သည်။**

လွန်းပိုးအိမ်

ကဆုန်လသည် နွေလဖြစ်သည့်အားလျော်စွာ ဆည်မြောင်း၊ ကန်ချောင်း၊ ရေတွင်းရေအိုင်တို့တွင် ရေများခန်းခြောက်သည့်လဖြစ်သည်။ နွေရာသီ ကဆုန်လ၏တောတောင်ရှုခင်းတို့မှာ လွမ်းမောဖွယ် ရှိလှပါသည်။ ဥဩငှက်ကလေးများ၏ လွမ်းမောဖွယ် ကောင်းသော အသံချိုလေးများမှာ ချစ်စရာ ကောင်းလှသည်။

**ကဆုန်လပြည့် ဗုဒ္ဓနေ့**

ကဆုန်လပြည့်နေ့တွင် ဒီပင်္ကရာမြတ်စွာဘုရားက ဂေါတမဘုရားအလောင်းတော် သုမေဓာရှင်ရသေ့အား ဘဒ္ဒကမ္ဘာမှာ ဘုရားအဖြစ်ကိုရလိမ့်မည်ဟု ဗျာဒိတ်ပေးခဲ့ပါသည်။ ဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသားကို ကဆုန်လပြည့်နေ့တွင် ဖွားမြင်ခဲ့သည်။ ဘုရားဖြစ်တော်မူသော ရက်မှာလည်း ကဆုန်လပြည့်နေ့ဖြစ်သည်။ မြတ်ဗုဒ္ဓသည် ကဆုန်လပြည့်နေ့မှာပင် ပရိနိဗ္ဗာန်စံဝင်တော်မူခဲ့သည်။ ထို့ကြောင့် ကဆုန်လပြည့်နေ့ကို ဗုဒ္ဓနေ့ဟူ၍ ဗုဒ္ဓဘာသာဝင်များက အထွတ်အမြတ်ထားခဲ့ကြသည်။

ညောင်ရေသွန်းပွဲတော်ဓလေ့သည် မြန်မာမင်းအဆက်ဆက်မှ ယနေ့ခေတ်တိုင်အောင် ကျင်းပလာခဲ့သော မြန်မာ့ရိုးရာဘာသာရေးပွဲတော် တစ်ခုဖြစ်သည်။ ညောင်ရေသွန်းပွဲတော်များကို နိုင်ငံတစ်ဝန်းလုံး၌ စည်ကားသိုက်မြိုက်စွာ ကျင်းပကြသည်။

**ညောင်ရေသွန်းပွဲတော်ဆိုင်ရာ စာ၊ ကဗျာများ**

ညောင်ရေသွန်းပွဲတော်များကို ပုဂံ၊ ပင်းယ၊ အင်းဝခေတ်ကပင် ဆင်နွှဲခဲ့ကြသည်။ တောင်ငူခေတ် စာဆိုတော် နတ်သျှင်နောင်၏ "ပေါ်နွေလလျှင်" ချီရတုတွင် ညောင်ရေသွန်းပွဲတော်အကြောင်းကို ဤသို့ ထည့်သွင်းဖွဲ့ဆိုထားပါသည်။

**ပေါ်နွေလလျှင်၊ တောင်ကခြိမ့်မြူး**
**မင်းလွင်ဦးနှင့်၊ ပုံ့ပျူးချုပ်ဆိုင်း**
**မုန်တိုင်းဆင်လို၊ တိမ်ညိုမှိုင်းထပ်**
**ပြက်လျှပ်ပြကာ၊ စိမ်းဝါမိုးပန်း**
**ထွေထွေစွန်းက၊ ရေသွန်းသာကြည်**
**ပျော်ရမည်ကို၊ မြရည်သတ်မှတ်**
**ရောက်ခဲလတ်ဟု၊ ချစ်ထွတ်တင်သည် . . .**
**(နတ်သျှင်နောင်)**

ကုန်းဘောင်ခေတ်စာဆိုတော် လက်ဝဲသုန္ဒရ အမတ်ကြီးကလည်း "မဲဇာတောင်ခြေ" ချီရတုတွင်–

**"ပွဲခါညောင်ရေ၊ သွန်းမြဲပေတည့်**
**ရှိသေသဒ္ဓါ၊ ထုံးစဉ်လာဖြင့်**
**မဲဇာရပ်သူ၊ တောင်းဆုယူသည်"** ဟု ထည့်သွင်းဖွဲ့ဆိုခဲ့ပါသည်။

ကဆုန်ညောင်ရေသွန်းပွဲတော် ဖြစ်ပေါ်လာခြင်းနှင့် ပတ်သက်၍ မဟာအတုလမင်းကြီးက–

**မြူခြေငယ်ဝှမ်းပါလို့၊ နေဝန်းငယ်စက်ရှိန်**
**တောက်လောင်ငယ်ထိန်သည်၊**
**ဖန်သူရိန်တေဇာကြောင့်၊**
**ပူဗျာပါ ကဲတဲ့လကိုလေး၊**
**ရာသီငယ်ပြိသာ၊ မဟေသီလဲ၊**
**ရွှေညီခလို့၊ ပန်းမြစကားဝါ၊**
**ဝိသာခါနှင့်၊ တရားခြံရုံ၊**
**စန်းယုန်ငွေဖန်သည့်နှယ်၊**
**ဆဒ္ဒန်ပိုင်ဗွေပုံမှာ၊**
**လကဆုန် ညောင်ရေပွဲချိန်မို့၊**
**သဲလှတယ်လေး"** ဟု ဖွဲ့ဆိုထားပါသည်။

မြေပြင်တွင် အပူဒဏ်မခံနိုင်ဘဲ မိုးကိုသာ မျှော်နေကြသည်။ မိုးဒေဝါကလည်း ရွာတော့မည့်ဟန်ဖြင့် ကောင်းကင်ပြင်တွင် တဂျိမ်းဂျိမ်းနှင့် မိုးခြိမ်းသံပေးနေသည်။ တိမ်ဖြူ တိမ်ပြာတို့ကလည်း



**■ ညောင်ရေသွန်းပွဲတော်သည် မြန်မာတို့၏ ယဉ်ကျေးမှု၊ မြန်မာ့ဓလေ့၊ မြန်မာနည်း မြန်မာ့ဟန်ဖြင့် ပေါက်ဖွားလာသော ပွဲတော်တစ်ခုဖြစ်သည်။ ကဆုန်လပြည့်နေ့ ညောင်ရေသွန်းဓလေ့သည် မဇ္ဈိမဒေသနှင့် သီဟိုဠ်တို့တွင် ဘုရားပွင့်တော်မူရာ ဒေသဖြစ်သော်လည်း ရှေးကမရှိခဲ့။ ယနေ့လည်းမရှိ။ မြန်မာတို့တွင်သာ ရှိသောကြောင့် မြန်မာ့ပွဲတော်စစ်စစ်ဟု ဆိုရပေမည်။ ကဆုန်လပြည့်နေ့တွင် ရေအိုးကိုယ်စီရွက်၍လည်းကောင်း၊ တချို့မှာ ဆိုင်းထမ်းများဖြင့်သော်လည်းကောင်း ဗောဓိညောင်ပင်ရှိရာသို့ သွားရောက်၍ ရေစင်သွန်းလောင်းကြသည်မှာ ယဉ်ကျေးသိမ်မွေ့လှသော မြန်မာမှု မြန်မာ့ဟန်၊ မြန်မာ့အသွင်သဏ္ဍာန်ပင်ဖြစ်**

ဟိုပြေးသည်ပြေး ရွေ့လျားနေသည်။ တစ်ခါတစ်ရံ လျှပ်ပန်း၊ လျှပ်နွယ်တို့ကလည်း ပြိုးပြိုးပြက်ပြက်ဖြင့် ကောင်းကင်က မိုးသံပေးလျက်ရှိသည်။

**ကဆုန်လ နွေ၏ မြင်ကွင်းရှုခင်း**

စာဆိုရှင် စုံနံ့သာမြိုင်ဦးကြော့က ကဆုန်လ နွေ၏မြင်ကွင်းရှုခင်းကို မိုးကောင်းကင်တွင် မိုးရွာမည့်ဟန်နှင့် လမ္ဘရာစည် ပုစ္စန်လက်မစည်များကို တီး၍ မိုးသံပေးနေသည်ဟု ရေးဖွဲ့ထားခဲ့သည်။

**"ဟေမန် နွေလှန်လို့ တုံ့ပြန်တော့**
**ဘွေသဟံ ဝေယန်အုံ့ဆီက၊**
**လေပြန်လုံ့ဆော်ခဲ့ပြီ။**
**ပင်ပေါ်ထက် ရော်ရွက်ဝါထိန်ဝေနှင့်**
**ခါဂိမ္ဗေ သည်တခေတ်တွင်မှ၊**
**ညှာလိမ်ကြွေ တမည်လှစ်မည်ကြောင့်**
**အသစ်ထွေ ထွေကာစုပါလို့**
**ပုရစ်ခွေ တမာနုမှာကွယ် ကျေးဥစီစီ။**
**ခင်တန်းလျှိုသပြေပင်က၊**
**ရွှေသဇင် သုတ်လေနှောပြန်တော့**
**နေဝင်လျှင် ဘုတ်တွေရောပါလို့၊**
**ဥရွှေဩရယ်က တွန်သံချို၊**
**ဌာနီနှင့်ကွာဝေး။**
**ဖန်ခါခါ လမ္ဘရာစည်ဒိုင်ဗျိုပေမို့**
**ဝသန်မှာ ဆည်မချိပြီဘူး**
**ပူမိသည် မှော်ရဂုံက**
**တော်ကဆုန် ညောင်ရေသွန်းချိန်မို့၊**
**ဖော်မစုံ အောင်မြေကွန်းဆီသို့**
**လွမ်းလိုက်လှသေး။**

ကဆုန်လသည် အပူချိန်လွန်ကဲသောလ ဖြစ်သည်။ ပုရစ်ဖူး၊ ပုရစ်ငုံကလေးများသည် အစီအရီ အညီအညာ၊ ကြွကြွရွရွ၊ လှလှပပဖြင့် လောကကို အလှတန်ဆာဆင်နေပါသည်။ "ကဆုန် နယုန် လေရူးသုန်" ဟု ဆိုရိုးစကားရှိခဲ့သည့်အတိုင်း အနောက်တောင်မုတ်သုံလေ၏ လေပြည်လေညင်းကလေးများ တိုက်ခတ်စပြုပြီး မိုးပွင့်မိုးဖွားကလေးများကို ရွာကျတော့မယောင် ထင်မှားစေရပြန်သည်။ မုတ်သုံမိုးစက်ကလေးများ၏ ကလူကျီစယ်မှုကြောင့် မြေသင်းရနံ့ သင်းပျံ့ပျံ့ကလေးများကို ခံစားရနိုင်သည်။

စမ်းချောင်းကလေးများဝယ် ရွက်ကြွေကလေးများ မျောပါလာသည်။ လိပ်ပြာရောင်စုံ ကလေးများက မျောပါလာသော သစ်ကိုင်းခြောက်ကလေးများပေါ်၌ နားခိုလိုက်ပါလာသည်။ တန်ခူးရေကုန်၊ ကဆုန်ရေခန်းတတ်သည်။ ထန်းတက်သမားတို့ကလည်း ထန်းရည်လှိုင်ချိန်ဖြစ်၍ ထန်းတက်နေကြသည်။ မိုးမကျမီ အားသွန်ခွန်စိုက် လုံ့လဝီရိယစိုက်ထုတ်ကာ လုပ်ကိုင်နေကြသည်။

**ညောင်ရေသွန်းပွဲတော် စတင်လာခြင်း**

ကဆုန်လသည် အလွန်ပူပြင်းသောလဖြစ်ရာ သီဟိုဠ်နှင့် ဗုဒ္ဓဂယာတို့မှ မျိုးပွားယူ၍ စိုက်ပျိုးထားသော ဗောဓိညောင်ပင်ကို အပူရှိန်ကြောင့် ညှိုးနွမ်းခြောက်သွေ့ သေဆုံးသွားမည်စိုးသဖြင့် ရေသွန်းလောင်းရာမှ အစပြု၍ ညောင်ရေသွန်းပွဲတော် စတင်လာခြင်းဖြစ်သည်။

ညောင်ရေသွန်းပွဲတော် ကျင်းပပုံကို စာဆိုတော် မင်းဇေယျရန္တမိတ်က–

**"ကဆုန်လတွင်၊ ပြာစင်ညက်ဖြူ**
**ရွှေပြည်သူတို့၊ သင်းကြူကြိုင်စွာ**
**ရေနံ့သာဝယ်၊ ရင်းမာကွမ်းဘူး**
**စကားဦးနှင့်၊ ကွန့်မြူးလျှံမောင်း**
**မွေတော်ပေါင်းကို၊ ပျံ့လှောင်းကြိုင်ရွှန်း**
**အဲသီချင်းနှင့်၊ ပြန်တင်းရည်စောင်**
**အဆောင်ဆောင်သည်**
**ခါညောင်မသွန်း လှည့်လေလော့"** ဟူ၍ သီကုံးခဲ့ပေသည်။

ကဆုန်လပြည့်နေ့တွင် ဗောဓိညောင်ပင်ကို ရေသွန်းလောင်းကြသည်။ ညောင်ရေသွန်းပွဲတော်သည် မြန်မာတို့၏ယဉ်ကျေးမှု၊ မြန်မာ့ဓလေ့၊ မြန်မာနည်း မြန်မာ့ဟန်ဖြင့် ပေါက်ဖွားလာသော ပွဲတော်တစ်ခုဖြစ်သည်။ ကဆုန်လပြည့်နေ့ ညောင်ရေသွန်းဓလေ့သည် မဇ္ဈိမဒေသနှင့် သီဟိုဠ်တို့တွင် ဘုရားပွင့်တော်မူရာဒေသဖြစ်သော်လည်း ရှေးကမရှိခဲ့။ ယနေ့လည်းမရှိ။ မြန်မာတို့တွင်သာ ရှိသောကြောင့် မြန်မာ့ပွဲတော်စစ်စစ်ဟု ဆိုရပေမည်။ ကဆုန်လပြည့်နေ့တွင် ရေအိုးကိုယ်စီရွက်၍ လည်းကောင်း၊ တချို့မှာ ဆိုင်းထမ်းများဖြင့်သော်လည်းကောင်း ဗောဓိညောင်ပင်ရှိရာသို့ သွားရောက်၍ ရေစင်သွန်းလောင်းကြသည်မှာ ယဉ်ကျေးသိမ်မွေ့လှသော မြန်မာမှု မြန်မာ့ဟန်၊ မြန်မာ့အသွင်သဏ္ဍာန်ပင် ဖြစ်သည်။

တစ်စုံတစ်ရာ အမှုကိစ္စပေါ်ပေါက်၍ အောင်ရာအောင်ကြောင်း ဆုတောင်းသောအခါတွင် "ဘယ်ဘုရားမှာတဲ့ ဆွမ်းတော်တင်၊ ဘယ်ပလ္လင်မှာ ညောင်ရေလောင်းလို့ ဆုတောင်းရပါမယ်"ဆိုသည့် ညောင်ရေမှာလည်း ကဆုန်လပြည့်နေ့တွင် ဗောဓိညောင်ပင်ကို ရေသွန်းလောင်းသော ညောင်ရေသွန်းခြင်းမှ ပေါက်ဖွားခြင်းဖြစ်ဟန်တူသည်။ ရှေးအခါက ဘုရင့်တပ်မတော် စစ်ထွက်သောအခါတွင်လည်း နန်းတွင်းသူ လှပျိုဖြူကလေးများက "အောင်ပါစေ သပြေပန်းနဲ့ ရေချမ်းကိုလောင်း၊ သွန်းလောင်း ညောင်ရေအောင်ပါစေ"ဟု ဆုတောင်းလေ့ရှိသည်ကို ရေးဖွဲ့သည်။ စာဆိုတစ်ဦးကမူ–

**"သပြေပန်းနဲ့ သွန်းလောင်းညောင်ရေ**
**အောင်မြင်စေဟု၊ အောင်စေရတု**
**အောင်ကြောင်းပြု၍၊ ရုံးစုမပျက်**
**ငြိမ့်ငြိမ့်ထွက်သည်**
**ဘုတ်ကျက်သဘင် တပွဲတည်း"** ဟူ၍ စပ်ဆိုခဲ့သည်။

**ခြိမ့်ခြိမ့်သဲ စည်ကားစွာကျင်းပ**

ကဆုန်လသည် အပူချိန်လွန်ကဲ၍ ခြောက်သွေ့သောလ ဖြစ်သည့်အလျောက် တောင်သူဦးကြီးများလည်း အလုပ်နားကြသည်။ ထို့ကြောင့် ညောင်ရေသွန်းပွဲတော်ကို ခြိမ့်ခြိမ့်သဲ စည်ကားစွာ ကျင်းပကြသည်။ ကဆုန်လပြည့်နေ့မရောက်မီ တစ်ရက်အလိုတွင် ရေသွန်းလောင်းကြမည့် ညောင်ပင်ကို အမွှေးနံ့သာများ ဖျန်းပေးခြင်း၊ ထုံးသုတ်ခြင်း၊ အမှိုက်သရိုက်များ ရှင်းလင်းထားခြင်းများ ပြုလုပ်ကြသည်။

ကဆုန်လပြည့်နေ့တွင် ဆင်ယင်ကျင်းပသော ညောင်ရေသွန်းပွဲတော်သည် ကျက်သရေရှိလှသည်။ ရေအိုးကလေးများ ကိုယ်စီရွက်၍ ဗောဓိညောင်ပင်ရှိရာသို့ ရေစင်သွန်းလောင်းရန်သွားကြသော ဗုဒ္ဓဘာသာ မြန်မာအမျိုးကောင်းသား၊ အမျိုးကောင်းသမီးတို့၏ ပုံရိပ်မှာလည်း မြန်မာ့ဟန်၊ မြန်မာ့သဏ္ဍာန်တို့ဖြင့် ယဉ်ကျေးသိမ်မွေ့ကာ အလှတွေဝေဖြာနေပါသည်။

ညောင်ရေသွန်းပွဲတော်သည် မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်တစ်ရပ်ဖြစ်သကဲ့သို့ ကုသိုလ်ယူစရာ၊ ဝမ်းသာကြည်နူးစရာပွဲတော်လည်း ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ မြန်မာလူမျိုးများသည် ကဆုန်လရောက်တိုင်း ညောင်ရေသွန်းလောင်းရမည့် အချိန်ကာလကို စောင့်မျှော်လျက် ရှိကြပါတော့သည်။ ။

# ရေကြောင်းနှင့် လေကြောင်း လူငယ်မောင်မယ်များ ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်၊ အထင်ကရနေရာများသို့ သွားရောက်လေ့လာ

**နေပြည်တော် မေ ၁၈**
နေပြည်တော်သို့ရောက်ရှိနေသော ရေကြောင်းလူငယ် အခြေခံနှင့် တန်းမြင့် သင်တန်းအမှတ်စဉ် (၁/၂၀၂၄) နှင့် အခြေခံနှင့် တန်းမြင့်လေကြောင်း လူငယ် သင်တန်းအမှတ်စဉ် (၁/၂၀၂၄) မှ သင်တန်းသား သင်တန်းသူများ နှင့် အုပ်ချုပ်သူနည်းပြများသည် ယနေ့တွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်တွင် တည်ထား ပူဇော်ထားရှိသည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော် မြတ်ကြီးအား သွားရောက်ဖူးမြော် ကြည်ညိုကြပြီး သူရဲကောင်းဗိမာန် (နေပြည်တော်) နှင့် တပ်မတော် စစ်သမိုင်းပြတိုက်သို့ သွားရောက် လေ့လာကြသည်။

အဆိုပါ ရေကြောင်းလူငယ်၊ လေကြောင်း လူငယ်သင်တန်းများ မှ သင်တန်းသား၊ သင်တန်းသူ များသည် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်တွင် တည်ထားပူဇော်ထားရှိသည့် ကမ္ဘာ ပေါ်ရှိ ထိုင်တော်မူကျောက်ဆစ် ဗုဒ္ဓ ရုပ်ပွားတော်များအနက် ဉာဏ် တော် အမြင့်ဆုံးဖြစ်သည့် မာရ ဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး အား ဖူးမြော်ကြည်ညိုကြရာ ရှင်းလင်းဆောင်၌ မာရဝိဇယ ဗုဒ္ဓ ရုပ်ပွားတော်မြတ်ကြီး ဂေါပက အဖွဲ့နှင့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက် ပူဇော်ခြင်းနှင့် ထိန်းသိမ်းခြင်း လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ကျွမ်း ကျင်ပညာရှင်များက မာရဝိဇယ ဘုရားကြီး တည်ထားကိုးကွယ် ပူဇော်ရခြင်းရည်ရွယ်ချက်၊ ရုပ်ပွား တော်မြတ်ကြီးအား လုပ်ငန်းစဉ် အဆင့်ဆင့်ဖြင့် အောင်မြင်စွာ တည်ထားပူဇော်နိုင်ခဲ့မှု၊ လက်ရှိ ထိန်းသိမ်းဆောင်ရွက်နေမှု၊ ခေတ်မီ စက်ကိရိယာများ အသုံးပြု၍ ကျောက်စာရုံ စေတီတော်များ တည်ထား ဆောင်ရွက်ခဲ့မှုနှင့် သာသနာရေးဆိုင်ရာ အခမ်းအနား ကြီးများ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့မှု အခြေအနေတို့ကို ရှင်းလင်းပြောကြားကြပြီး မာရ ဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး အောင်မြင်စွာ တည်ထားပူဇော် နိုင်ရန် အဆင့်ဆင့်ဆောင်ရွက်ခဲ့မှု ဗီဒီယိုမှတ်တမ်းကို ပြသသည်။





ထို့နောက် ရေကြောင်းနှင့် လေကြောင်း လူငယ်မောင်မယ် များသည် မာရဝိဇယဗုဒ္ဓရုပ်ပွား တော်မြတ်ကြီးအား သွားရောက် ဖူးမြော်ကြည်ညိုကြပြီး ဘုရား ရင်ပြင်တော် ပတ်လည်၌ စကျင် ကျောက်များအသုံးပြု၍ တည် ဆောက်ထားသည့် ဂန္ဓကုဋီ၊ မော်ကွန်းတိုက်၌ မာရဝိဇယဗုဒ္ဓ ရုပ်ပွားတော်မြတ်ကြီးနှင့် ဗုဒ္ဓ ဥယျာဉ်တော် ပုံစံငယ်ပြသထားမှု၊ မှတ်တမ်းဓာတ်ပုံများ၊ အဂ္ဂါဓိပတိ သာသနာ့ ဗိမာန်တော်ကြီး၊ ကျောက်စာရုံစေတီတော်များနှင့် အခြားသာသနိက အဆောက် အဦများကို လေ့လာကြည့်ရှုကြ သည်။

အလားတူ ရေကြောင်းလူငယ် မောင်မယ်များသည် သူရဲကောင်း ဗိမာန် (နေပြည်တော်) သို့ သွား ရောက် လေ့လာခဲ့ကြပြီး သူရဲ ကောင်း ဗိမာန်အား အဖွဲ့လိုက် အလှည့်ကျ အလေးပြုကြသည်။ ထို့နောက် သူရဲကောင်းဗိမာန်အား လှည့်လည်ကြည့်ရှု လေ့လာကြရာ တာဝန်ရှိသူများက လိုက်လံ ရှင်းလင်းပြသကြသည်။

ထို့ပြင် လေကြောင်းလူငယ် မောင်မယ်များသည် နေပြည်တော် ရှိတပ်မတော်စစ်သမိုင်းပြတိုက်သို့ သွားရောက် လေ့လာကြရာ တပ်မတော် (ကြည်း) ပြကွက်၊ တပ်မတော် (ရေ) ပြကွက်၊ တပ်မတော် (လေ) ပြကွက်နှင့် ပြင်ပပြကွက်များကို တာဝန် ရှိသူများက လိုက်လံရှင်းလင်း ပြသကြပြီး သင်တန်းသားများ၏ သိရှိလိုသည်များ မေးမြန်းမှုကို ပြန်လည် ရှင်းလင်းဖြေကြားခဲ့ ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မြဝတီမြို့၌ ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ် စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးနှင့် ကျောင်းနေအရွယ်ကလေးအားလုံး ပညာသင်ကြားနိုင်ရေး လုပ်ငန်းညှိနှိုင်း

**မြဝတီ မေ ၁၈**
ကရင်ပြည်နယ် မြဝတီမြို့၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် အတွက် အခြေခံပညာကျောင်း များ ပြန်လည်ဖွင့်လှစ်နိုင်ရေးနှင့် ကျောင်းနေအရွယ် ကလေး အားလုံး ပညာသင်ကြားနိုင်ရေး လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို မေ ၁၆ ရက်က မြို့နယ်ပညာရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပ သည်။ **(ယာပုံ)**

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေး မှူး ဦးသက်လွင်က အမှာစကား ပြောကြားပြီး ကြီးကြပ်မှု ကော်မတီနာယက ဦးမြင့်ဦးက ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် မြို့နယ်အဆင့် ကျောင်းအပ်နှံရေး နေ့ အခမ်းအနားကို မေ ၃၀ ရက် တွင် ကျင်းပမည်ဖြစ်ကြောင်း ပြော ကြားသည်။

ထို့နောက် ဌာနဆိုင်ရာ ကော်မတီဝင်များနှင့် အခြေခံ ပညာကျောင်း ၁၂၆ ကျောင်းမှ တက်ရောက်ကြသည့် ကျောင်း အုပ်ကြီးများက သိရှိလိုသည့် အချက်များ မေးမြန်းဆွေးနွေး ခဲ့ကြရာ ကြီးကြပ်မှုကော်မတီ နာယက ဦးမြင့်ဦးက ဖြည့်စွက် ရှင်းလင်း ဆွေးနွေးခဲ့ကြောင်း သိရ သည်။

**ဇာဖြူဝင်း(မြဝတီ)**



❖ *ကျော့ဖုံးမှ*

တောက်လျှောက်ကြိုးပမ်းခဲ့သော်လည်း ဂိုးပြန်မရဘဲ YREO အသင်း အတွက် ဒုတိယဂိုးကို ၉၀+၄ မိနစ်တွင် သင်းသင်းမော်က သွင်းယူခဲ့ သည်။ YREO အသင်းက နှစ်ပွဲကစား သုံးမှတ်၊ ရှမ်းယူနိုက်တက်အသင်းက နှစ်ပွဲကစား နှစ်ပွဲရှုံး အမှတ်မရသေးပေ။

YUSC ကွင်း၌ ကျင်းပသည့်ပွဲတွင် အား/ကာသိပ္ပံအသင်းက ရန်ကုန် ယူနိုက်တက်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ အား/ကာ သိပ္ပံအသင်းသည် နှစ်ပွဲဆက်အနိုင်ရထားသည့် ရန်ကုန်အသင်းကို အနိုင်ယူကာ ဇယားထိပ်ဆုံးသို့ တက်လှမ်းနိုင်ခဲ့သည်။ အား/ကာ သိပ္ပံအသင်းအတွက် အနိုင်ဂိုးများကို ပထမပိုင်းပြီးခါနီးတွင် ရွှေရည် ထွန်းနှင့် ၈၁ မိနစ်တွင် လင်းမြင့်မိုရ်တို့က သွင်းယူခဲ့သည်။ အား/ကာ သိပ္ပံအသင်းက သုံးပွဲကစား ခုနစ်မှတ်၊ ရန်ကုန်အသင်းက သုံးပွဲကစား ခြောက်မှတ် ရရှိထားသည်။ ပွဲစဉ် (၃) ဒုတိယနေ့အဖြစ် မေ ၁၉ ရက် **(ယနေ့)** တွင် စလင်းကွင်း၌ မြဝတီအသင်းနှင့် သစ္စာအားမာန်အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ **ရဲရင့်လွင်၊ ဓာတ်ပုံ-MWL**

❍ *ကျော့ဖုံးမှ*

ဆောက်သမ်တန်နှင့် ဝက်စ်ဘရွန်းအသင်းတို့၏ မေ ၁၂ ရက် က ယှဉ်ပြိုင်ကစားခဲ့သော ပထမ အကျော့ပွဲစဉ်တွင် ပြတ်သားသော ရလဒ်ထွက်ပေါ်ထားခြင်း မရှိ သည့်အတွက် ယခုဒုတိယအကျော့ တွင် နိုင်ပွဲရရှိပြီး ဗိုလ်လုပွဲတက် လှမ်းနိုင်ရေး နှစ်သင်းစလုံး အသင်းကို အကောင်းဆုံးပြင်ဆင် လာသောကြောင့် ပြိုင်ပွဲစတင် သည်နှင့်တစ်ပြိုင်နက် ပြိုင်ဆိုင်မှု ပြင်းထန်မှုရှိခဲ့သည်။

ဝက်စ်ဘရွန်း အသင်းသည် ပြိုင်ဘက် ဆောက်သမ်တန် အသင်း၏ ထိုးဖောက်တိုက်စစ် ဆင်မှုများကို ပွဲချိန်အများစု ခုခံ ကာကွယ်ခဲ့ရသော်လည်း ဂိုးရရှိ ရန် နီးစပ်သည့် အခွင့်အရေး ကောင်းတချို့ ပြုလုပ်နိုင်ခဲ့သည်။ ဆောက်သမ်တန်အသင်းအတွက် သွင်းဂိုးများကို စမောလ်ဘုန်းနှင့် အမ်းစထရောင်းတို့က သွင်းယူ ပေးနိုင်ခဲ့သည်။ ဝက်စ်ဘရွန်း အသင်းအတွက် တစ်လုံးတည်း သော ချေပဂိုးကို ပွဲချိန်ပြည့်ခါနီး တွင် ကီပရီက သွင်းယူပေးခဲ့သည်။

ဝက်စ်ဘရွန်းကို အနိုင်ယူ ကျော်ဖြတ်နိုင်ခဲ့သော ဆောက် သမ်တန်အသင်းသည် ချန်ပီယံ ရှစ်ရှိုးထွက် ဗိုလ်လုပွဲတွင် ယမန် နေ့က ဗိုလ်လုပွဲတက်လှမ်းနိုင်ခဲ့ သော လိဒ်စ်အသင်းနှင့် ယှဉ်ပြိုင် ကစားရမည်ဖြစ်သည်။ ဗိုလ်လုပွဲ တွင် အနိုင်ရရှိမည့် အသင်းသည် ပရီမီယာလိဂ်တန်းတက်ခွင့် လက် ကျန် တစ်နေရာကို ရရှိမည်ဖြစ် သည်။ ဆောက်သမ်တန်နှင့် လိဒ်စ် အသင်းတို့ ချန်ပီယံရှစ်ရှိုးထွက် ဗိုလ်လုပွဲကို မေ ၂၆ ရက်တွင် ဝင်ဘလေကွင်း၌ အကြိတ်အနယ် ယှဉ်ပြိုင်ကစားသွားမည် ဖြစ် သည်။

**အောင်ဇော်**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် မေ ၁၈**
နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) နှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း) တို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်။

**မိုး/ဇလ**

# စက္ကူစက်ရုံ(ရေနီ) အသေးစားစက္ကူစက်ဖြင့် စက္ကူများစမ်းသပ်ထုတ်လုပ်၊ တန်(၂၀) ထုပ်ပိုးစက္ကူစက်ရုံလည်ပတ်နိုင်ရေးအတွက် ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၁၈**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ယမန်နေ့ ညနေပိုင်းက ပဲခူးတိုင်းဒေသကြီး ရေနီမြို့ရှိ စက္ကူစက်ရုံ(ရေနီ)သို့ရောက်ရှိပြီး စက်ရုံခေတ်ခွဲခန်း၌ အသေးစားစက္ကူစက်ဖြင့် စက္ကူများစမ်းသပ်ထုတ်လုပ်နေမှု၊ တန်(၂၀) ထုပ်ပိုးစက္ကူစက်ရုံလည်ပတ်နိုင်ရေးအတွက် စက်ပစ္စည်းများ စစ်ဆေးပြုပြင်နေမှုအခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး စက်ရုံစဉ်ဆက်မပြတ်လည်ပတ်နိုင်ရေးအတွက် ကုန်ကြမ်း၊ စက်အရန်ပစ္စည်း၊ အခြားသွင်းအားစုများကိုလည်း ကြိုတင်ဝယ်ယူစုဆောင်းထားရန်၊ ဝန်ထမ်းများကို ခေတ်မီစက္ကူထုတ်လုပ်သည့် နည်းပညာများရရှိရေးအတွက် ဆွေးနွေးပွဲများ၊ သင်တန်းများကျင်းပပေးရန် မှာကြားသည်။

ပြည်ထောင်စုဝန်ကြီးသည် ယနေ့နံနက်ပိုင်းတွင် မကွေးတိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနသို့ရောက်ရှိပြီး ဝန်ထမ်းများနှင့်တွေ့ဆုံ၍ နိုင်ငံတော်၏လမ်းညွှန်ချက်နှင့်အညီ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် တိုင်းဒေသကြီးအတွင်းရှိ MSME များ ဖွံ့ဖြိုးတိုးတက်အောင် ကူညီဆောင်ရွက်ပေးရန်၊ ပြည်ပသွင်းကုန်အစားထိုးနိုင်ရေးအတွက် MSME များမှ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရန်၊ ဝတ်ဆင်ရေးကဏ္ဍနှင့်ပတ်သက်သည့် ဝါမှဝါဂွမ်း၊ ချည်၊ အထည်ရက်လုပ်ခြင်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များကို ကူညီပံ့ပိုးပေးရန်၊ ထို့ပြင် ပြည်ပမှ စားသုံးဆီတင်သွင်းရမှုကို လျှော့ချနိုင်ရေးအတွက် ပြည်တွင်းစားသုံးဆီဖူလုံရေးကို ဦးတည်ဆောင်ရွက်နေ၍ ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်၊ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်မှသာ နိုင်ငံဖွံ့ဖြိုးတိုးတက်မည်ဖြစ်၍ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေး ကြပ်မတ်စစ်ဆေးဆောင်ရွက်ရန် မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့ရှိ အမှတ်(၄) အထည်စက်ရုံ (ပွင့်ဖြူ) သို့ရောက်ရှိရာ အစည်းအဝေးခန်းမ၌ စက်ရုံမှူးက ၂၀၂၃ - ၂၀၂၄ ခု ဘဏ္ဍာရေးနှစ်တွင် လုပ်ငန်းလည်ပတ်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့မှု၊ ယခုဘဏ္ဍာရေးနှစ်တွင် လုပ်ငန်းဆောင်ရွက်မည့် အစီအမံ၊ ကုန်ထုတ်လုပ်မှုလုပ်ငန်း တိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် စီမံဆောင်ရွက်ထားရှိမှုတို့ကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အနေဖြင့် ပြည်သူလူထုဝတ်ဆင်ရေးကဏ္ဍ ဖူလုံစေရေးအတွက် ဝါကြိတ်စက်ရုံများ၊ ချည်မျှင်စက်ရုံများ၊ အထည်လိပ်ရက်လုပ်သည့် စက်ရုံများကို ရင်းနှီးမြှုပ်နှံတည်ထောင်ထားရှိသဖြင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရေး စီမံဆောင်ရွက်ရန်၊ စက်ရုံအနေဖြင့် စိုက်ပျိုးရေးထွက်ကုန်အခြေခံကုန်ထုတ်လုပ်ငန်းများကို ဆောင်ရွက်နေခြင်းဖြစ်၍ ထုတ်ကုန်များ၏ အရည်အသွေးကောင်းမွန်အောင်နှင့် တစ်ယူနစ်ထုတ်လုပ်မှု ကုန်ကျစရိတ်လျော့နည်းသက်သာအောင် စီမံဆောင်ရွက်ရန်၊ စက်ရုံအနေဖြင့် စက်စွမ်းအားပြည့် လည်ပတ်ပြီး ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ပျက်စီးနေသည့်စက်ပစ္စည်းများ အမြန်ဆုံးပြုပြင်နိုင်ရေးစီမံဆောင်ရွက်ရန်၊ ထို့အပြင် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ စဉ်ဆက်မပြတ် ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သောစက်အရန်ပစ္စည်းများ၊ ကုန်ကြမ်းပစ္စည်းများကို ကြိုတင်ဝယ်ယူစုဆောင်းထားရှိရန် မှာကြားပြီး ဝန်ထမ်းများ၏ တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကာ ချည်များထုတ်လုပ်နေသည့် လုပ်ငန်းစဉ်အဆင့်ဆင့်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။



မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၌ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်နှင့်တွေ့ဆုံ၍ ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးမည့်အခြေအနေနှင့် စက်မှုဝန်ကြီးဌာနမှ ထွက်ရှိလာသည့် ဆီထွက်သီးနှံများကို အပြည့်အဝကြိတ်ခွဲနိုင်ရေးအတွက် စီမံဆောင်ရွက်နေမှုအခြေအနေ၊ နို့နှင့်နို့ထွက်ပစ္စည်းများ တိုးမြှင့်ထုတ်လုပ်ရေး၊ မကွေးတိုင်းဒေသကြီး အတွင်းရှိ MSME များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်ရေးကိစ္စရပ်များကို ဆွေးနွေးညှိနှိုင်းသည်။ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ်က မကွေးစက်မှုဇုန်ကို စနစ်တကျ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှုအခြေအနေ၊ စက်မှုဇုန်စိမ်းလန်းစိုပြည်ရေးအတွက် ဆောင်ရွက်နေမှုအခြေအနေတို့ကို အသေးစိတ်ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မကွေးမြို့ရှိ အမှတ်(၅)စက်မှုသင်တန်းကျောင်း (မကွေး) သို့ရောက်ရှိပြီး သင်တန်းကျောင်းအစည်းအဝေးခန်းမ၌ သင်တန်းနည်းပြဆရာ ဆရာမများနှင့်တွေ့ဆုံ၍ သင်တန်းကျောင်းများကို နိုင်ငံအလိုက် အမျိုးသားအရည်အသွေးသတ်မှတ်ချက်မူဘောင်များ ချမှတ်ထားရှိသဖြင့် အမှတ်(၅) စက်မှုသင်တန်းကျောင်း (မကွေး)သည် မည်သည့်အဆင့်တွင် ရှိနေသည်ကို သိရှိအောင်ဆောင်ရွက်ရန်၊ နည်းပြဆရာ ဆရာမများအနေဖြင့် မိမိတို့၏သင်တန်းကျောင်းအား အရည်အချင်းအဆင့် သတ်မှတ်နိုင်ရေးအတွက် သင်ရိုးညွှန်းတမ်း၊ လက်တွေ့သင်ကြားပြသနေမှုတို့ကို စစ်ဆေးခံနိုင်ရေး ကြိုတင်ပြင်ဆင်ထားရန်၊ သင်တန်းသားများကို သမားရိုးကျလေ့ကျင့်သင်ကြားပေးရေးစနစ်မှ ကျွမ်းကျင်မှုအခြေပြုလေ့ကျင့်သင်ကြားရေးစနစ်ဖြင့် ပြောင်းလဲလေ့ကျင့်သင်ကြားပေးရန်၊ စက်မှုသင်တန်းကျောင်းများသို့ တက်ရောက်အောင်မြင်ပြီးသည့်သူများအား နိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံများတွင် ခန့်အပ်တာဝန်ပေးနိုင်ရေး စီမံဆောင်ရွက်ရန်တို့ကို မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# (၄၇) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာပြတိုက်များနေ့ အမျိုးသားပြတိုက် (ရန်ကုန်) ၌ ကျင်းပ




**ရန်ကုန် မေ ၁၈**

(၄၇) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာပြတိုက်များနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲက ဒဂုံမြို့နယ် ပြည်လမ်း အမျိုးသားပြတိုက် (ရန်ကုန်) ၌ ကျင်းပသည်။

အခမ်းအနားသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဖ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ပြတိုက်ပညာရှင်များ၊ ရှေးဟောင်းသုတေသနပညာရှင်များ၊ သမိုင်းပညာရှင်များ၊ ဗိသုကာပညာရှင်များ၊ ပြတိုက်မှူးများ၊ ဘွဲ့လွန်ပြတိုက်ပညာဒီပလိုမာသင်တန်း တက်ရောက်အောင်မြင်ပြီးသူများ၊ တက်ရောက်ဆဲ ပြတိုက်ပညာဒီပလိုမာသင်တန်းအမှတ်စဉ် (၂၁) သင်တန်းသား သင်တန်းသူများ တက်ရောက်ကြပြီး ပြည်နယ်/တိုင်းဒေသကြီးရှိ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနအောက်ရှိ ဌာနခွဲ၊ ဌာနစုဝန်ထမ်းများက Online ဖြင့် တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီး ဒေါ်နုမြဖ်က ယနေ့သည် ကမ္ဘာတစ်ဝန်းလုံးရှိ ပြတိုက်များကို ဂုဏ်ပြုသည့် **"အပြည်ပြည်ဆိုင်ရာပြတိုက်များနေ့"** (International Museum Day) ဖြစ်ပါကြောင်း၊ အပြည်ပြည်ဆိုင်ရာ ပြတိုက်များကောင်စီ International Council of Museums (ICOM) အဖွဲ့အစည်းကို ၁၉၄၆ ခုနှစ် ပြင်သစ်နိုင်ငံ ပါရီမြို့တွင် စတင်ဖွဲ့စည်းခဲ့ပါကြောင်း၊ ICOM သည် သဘာဝနှင့်ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရန်နှင့် ဒြပ်ရှိ၊ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းကာကွယ်စောင့်ရှောက်မှုများကို တိုးမြှင့်ဆောင်ရွက်ရန်ရည်ရွယ်၍ ကမ္ဘာတစ်ဝန်းလုံးရှိ ပြတိုက်များနှင့် ပြတိုက်ဝန်ထမ်းများ စုစည်းပါဝင်သည့် ပြတိုက်ဆိုင်ရာ အဖွဲ့အစည်းတစ်ခုဖြစ်ပါကြောင်း၊ ICOM သည် အများနှင့်သက်ဆိုင်သည့် နိုင်ငံတကာ အဖွဲ့အစည်းတစ်ခုဖြစ်ပြီး ၂၀၂၁ ခုနှစ်အထိ အဖွဲ့ဝင်ပေါင်း ၄၀၀၀၀ ကျော်ရှိပါကြောင်း၊ အမျိုးသားကော်မတီ (National Committee)ကို ဖွဲ့စည်းထားသည့် နိုင်ငံပေါင်း ၁၁၉ နိုင်ငံနှင့် အပြည်ပြည်ဆိုင်ရာကော်မတီ ၃၂ ခုကို ကိုယ်စားပြုသည့် ပြတိုက်ပညာရှင်များဖြင့် ပါဝင်ဖွဲ့စည်းထားပါကြောင်း၊ အပြည်ပြည်ဆိုင်ရာကော်မတီစုစုပေါင်း ၁၄၁ ခုမှ ပြတိုက်ပညာရှင်များဖြင့် ဖွဲ့စည်းထားသည့် နိုင်ငံအချင်းချင်း ဆက်သွယ်ဆောင်ရွက်လျက်ရှိပြီး ပြတိုက်ကျင့်ဝတ်ဆိုင်ရာကိစ္စများတွင် ဦးဆောင်ဦးရွက်ပြုဆောင်ရွက်နေသည့် ကမ္ဘာ့အကြီးဆုံး ပြတိုက်အဖွဲ့အစည်းတစ်ခုလည်း ဖြစ်ပါကြောင်း။

"အပြည်ပြည်ဆိုင်ရာပြတိုက်များနေ့" ကို အပြည်ပြည်ဆိုင်ရာ ပြတိုက်များကောင်စီ International Council of Museums (ICOM) အဖွဲ့အစည်းက ၁၉၇၇ ခုနှစ် မေ ၁၈ ရက်မှ စတင်သတ်မှတ်ခဲ့ပြီး နှစ်စဉ်ကျင်းပပြုလုပ်ခဲ့ရာ ၂၀၂၄ ခုနှစ်တွင် (၄၇) နှစ် ရှိခဲ့ပြီဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားပြတိုက် (နေပြည်တော်) ညွှန်ကြားရေးမှူး ဒေါက်တာ အေးအေးသင်းက ICOM Myanmar နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး စာတမ်းဖတ်ကြားမည့် စာတမ်းရှင် လေးဦးက စာတမ်းများ ဖတ်ကြား၍ တက်ရောက်လာကြသည့် ဧည့်သည်များက သိလိုသည်များကို မေးမြန်းဖြေကြားပြီး ဒုတိယဝန်ကြီး ဒေါ်နုမြဖ်က နိဂုံးချုပ်အမှာစကား ပြောကြားသည်။

အပြည်ပြည်ဆိုင်ရာ ပြတိုက်များနေ့ အထိမ်းအမှတ်အဖြစ် ပြတိုက်များကို လာရောက်လေ့လာ ကြည့်ရှုသည့် ပြည်တွင်း/ပြည်ပဧည့်သည်များကို ပြတိုက်ဝင်ကြေး ကင်းလွတ်ခွင့်ပြုထားကြောင်းနှင့် အမျိုးသားပြတိုက် (ရန်ကုန်) မြေညီထပ်အဝင်ဝတွင် ၅၅ လက်မ LED ဖြင့် အပြည်ပြည်ဆိုင်ရာ ပြတိုက်များနေ့ကို ဂုဏ်ပြုသောအားဖြင့် အမျိုးသားအဆင့် Museum Talk Show စကားဝိုင်းဆွေးနွေးပွဲ ရိုက်ကူးထုတ်လွှင့်မှုကို ပြသထားသည်။

မွန်းလွဲပိုင်းတွင် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်) ပန်းချီပညာဌာနမှ မဟာဝိဇ္ဇာတန်းများနှင့် စတုတ္ထနှစ် ပန်းချီအထူးပြုကျောင်းသား ကျောင်းသူများ၏ ၂၀၂၃ - ၂၀၂၄ ပညာသင်နှစ် အနုပညာလက်ရာပြပွဲ (Narrative on Canvas) ဖွင့်ပွဲအခမ်းအနားကို အမျိုးသား စာကြည့်တိုက် (ရန်ကုန်) Exhibition Hall ၌ ကျင်းပရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဖ်၊ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးငွေအောင်နှင့် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်) ပါမောက္ခချုပ် ဒေါက်တာကေသီထွေး၊ ဒုတိယပါမောက္ခချုပ်၊ ပြင်ပပညာရှင်ကြီးများ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်ကြီးများ၊ ပညာဌာနအသီးသီးမှ ပါမောက္ခ ဌာနမှူးများ၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများနှင့် ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီး ဒေါ်နုမြဖ်၊ တိုင်းဒေသကြီးလူမှုရေးရာဝန်ကြီး ဦးငွေအောင်၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ် ဒေါက်တာကေသီထွေးနှင့် ဒုတိယပါမောက္ခချုပ်(ငြိမ်း) ဝဏ္ဏကျော်ထင် ဦးသစ်လွင်စိုးတို့က

*စာမျက်နှာ ၉ သို့*

# ပုသိမ်မြို့ရှိ အမှတ်(၇)အခြေခံပညာအထက်တန်းကျောင်း၌ ဖွင့်လှစ်သော နွေရာသီ အင်္ဂလိပ်စာ၊ ကွန်ပျူတာနှင့်မြန်မာ့သိုင်း သင်တန်းဆင်းပွဲပြုလုပ်

**နေပြည်တော် မေ ၁၈**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်း၌ ဖွင့်လှစ်သင်ကြားလျက်ရှိသည့် နွေရာသီ အင်္ဂလိပ်စာသင်တန်း၊ ကွန်ပျူတာသင်တန်းနှင့် မြန်မာ့သိုင်းသင်တန်းဆင်းပွဲကို ယနေ့နံနက်ပိုင်းက အဆိုပါကျောင်းခန်းမ၌ ပြုလုပ်ရာ အနောက်တောင် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလင်းနှင့် တာဝန်ရှိသူများ၊ သင်တန်းနည်းပြများ၊ ဆရာ ဆရာမများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက သင်တန်းဆင်းမိန့်ခွန်းပြောကြားပြီး သင်တန်းသား သင်တန်းသူများအား သင်တန်းဆင်းအောင်လက်မှတ်များနှင့် ဆရာ ဆရာမများကို ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်သည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက မြန်မာ့သိုင်းသင်တန်းသားများ၏ မြန်မာ့သိုင်းစွမ်းရည်သရုပ်ပြသမှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါသင်တန်းများကို သင်တန်းသား ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၅၀ ဖြင့် ဧပြီ ၂၂ ရက်မှ ယနေ့အထိ ဖွင့်လှစ်သင်ကြားပေးခဲ့ကြောင်း သိရသည်။

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် အဆိုပါစာသင်ကျောင်း၌ကျောင်းအပ်နှံရေး ရက်သတ္တပတ်အတွက် စာသင်ဆောင်များ၊ သင်ထောက်ကူပစ္စည်းများနှင့် စာရေးကိရိယာများ အသင့်ရှိနေစေရေး ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိမှုများနှင့် ကျောင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



# ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ ဒြပ်ပစ္စည်းသိပ္ပံသုတေသနဌာန(အေလာ)ရှိ နိုင်ငံ့အကျိုးပြုသုတေသနလုပ်ငန်းများနှင့် ရလဒ်များ ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၁၈**

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျသည် ယနေ့တွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ ဒြပ်ပစ္စည်းသိပ္ပံသုတေသနဌာန (အေလာ)သို့ ရောက်ရှိပြီး ဝန်ထမ်းများ၊ ဝန်ထမ်း မိသားစုဝင်များနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံသည်။



တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက နိုင်ငံ ရေရှည်ဖွံ့ဖြိုးရေးအတွက် Electric Vehicle (EV) သုံး လီသီယမ်ဘက်ထရီ ဒြပ်ပေါင်းများ စမ်းသပ်ထုတ်လုပ်ခြင်း၊ စွန့်ပစ်ဘက်ထရီများ စီမံခန့်ခွဲခြင်းနှင့် လျှပ်စစ်စွန့်ပစ် ပစ္စည်း(E-Waste)များမှ အဖိုးတန်သတ္တုများ စမ်းသပ်ထုတ်လုပ်ခြင်းဆိုင်ရာသုတေသနများကို ထိရောက်စွာဆောင်ရွက်ရန်၊ ဓာတ်ခွဲခန်းများ အကျွေးပြုနိုင်သည့် စွမ်းရည်မြင့်ဝန်ထမ်းများဖြစ်စေရေး အလေးထား ဆောင်ရွက်သွားရန်၊ မျိုးဆက်သစ်သုတေသီများ ပေါ်ထွန်းလာစေရေး စဉ်ဆက်မပြတ်ပျိုးထောင်ပေးသွားရန်၊ သုတေသနရလဒ်နှင့်နည်းပညာများကို သက်ဆိုင်ရာဌာနများသို့ ဖြန့်ဝေလွှဲပြောင်းပေးနိုင်ရေးကြိုးပမ်းဆောင်ရွက်သွားရန် လိုအပ်ကြောင်း တိုက်တွန်းမှာကြားပြီး ဝန်ထမ်းများ၏အခက်အခဲတင်ပြမှုများကို ဖြေရှင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် တာဝန်ရှိသူများအား နည်းပညာ/သုတ/ရသစာအုပ်များနှင့် သုတေသနဂုဏ်ပြုဆုများ၊ ဝန်ထမ်းမိသားစုဝင် ကျောင်းသားများအတွက် ကျောင်းသုံးပစ္စည်းများကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် သတ္တုရိုင်း သန့်စင်ထုတ်လုပ်ရေးဌာနတွင် ရွှေတိဂုံစေတီတော်မြတ်ကြီးရှိ ကြာမောက်ကြာလုန်ဧရိယာမှ ရွှေစင်ရွှေပြားများကို ပြန်လည်သန့်စင်၍ ရွှေစင်နှင့် ကြေးပြန်လည်ထုတ်ယူခြင်းနှင့် EV ဘက်ထရီတွင် ထည့်သွင်းအသုံးပြုနိုင်သော သတ္တုနှင့် ဒြပ်ပေါင်းများထုတ်လုပ်ခြင်းဆိုင်ရာ သုတေသနလုပ်ငန်းများနှင့် ရလဒ်များ၊ ဇလသတ္တုဗေဒဌာနတွင် လီသီယမ်အိုင်းယွန်းဖော့စဖိတ် စမ်းသပ်ထုတ်လုပ်ခြင်း၊ E-Waste များမှ နီကယ်၊ ဇင့်နှင့် သံဖြူတို့ ပြန် လည်ထုတ်ယူခြင်း၊ စွန့်ပစ်လီသီယမ် အိုင်းယွန်းဘက် ထရီများမှ လီသီယမ်ဒြပ်ပေါင်းနှင့် ကိုဘော့ဒြပ်ပေါင်းများထုတ်ယူခြင်း သုတေသနလုပ်ငန်းများနှင့် ရလဒ်များ၊ သံ၊ သံမဏိနှင့် သတ္တုစပ်ထုတ်လုပ်ရေးဌာနတွင် ဖယ်ရိုမဂ္ဂနိစ် (Ferro Manganese) သုတေသနလုပ်ငန်း ဆောင်ရွက်နေမှုနှင့်ရလဒ်များ၊ အရည်အသွေးစစ်ဆေးရေးဌာနနှင့် အခြားဌာနများတွင် သုတေသနလုပ်ငန်းများနှင့် ရလဒ်များကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများကို လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အမျိုးသားတံခွန်စိုက် ရွက်လှေပြိုင်ပွဲ ဆုချီးမြှင့်ခြင်း အခမ်းအနားကျင်းပ

**ရန်ကုန် မေ ၁၈**

မြန်မာနိုင်ငံ ရွက်လှေအဖွဲ့ချုပ် ၂၀၂၄ ခုနှစ် အမျိုးသားတံခွန်စိုက် ရွက်လှေပြိုင်ပွဲ ဆုချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့ ညပိုင်းက ရန်ကုန်မြို့ အင်းလျားကန်ရှိ ရန်ကုန် ရွက်လှေအသင်း၌ ကျင်းပသည်။



ရှေးဦးစွာ မြန်မာနိုင်ငံရွက်လှေ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမိုးမြင့်က ဂုဏ်ပြုအမှာစကား ပြောကြားသည်။ ထို့နောက် ၂၀၂၄ ခုနှစ် အမျိုးသားတံခွန်စိုက် ရွက်လှေပြိုင်ပွဲတွင် ဆုရရှိသည့်အားကစားသမားများကို မြန်မာနိုင်ငံ ရွက်လှေအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမိုးမြင့်နှင့် တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်သည်။

အဆိုပါ အမျိုးသားတံခွန်စိုက် ရွက်လှေပြိုင်ပွဲကြီးကို ရန်ကုန်မြို့ရှိ အင်းလျားကန်နှင့်ဧရာဝတီတိုင်းရှိ ငွေဆောင်တွင် မတ် ၁၆ ရက်မှ မေ ၁၂ ရက်အထိ ကျင်းပခဲ့ပြီး ပြိုင်ပွဲတွင် Optimist Class တွင် ၂၄ ဦး၊ ILCA-4 တွင် ငါးဦး၊ ILCA- 6 (Men) တွင် ငါးဦး၊ ILCA- 6 (Women )တွင် လေးဦးတို့ Ngw-esaung Yacht Club & Resort တွင်လည်းကောင်း၊ Sharpie A တွင် ၁၄ ဦး၊ B တွင် ၁၄ ဦး၊ C တွင် ၁၄ ဦး စုစုပေါင်း ၄၂ ဦးနှင့် Rater တွင် ၁၆ ဦးတို့က အင်းလျားကန်တွင် လည်းကောင်း ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

ယခုကျင်းပသည့် မြန်မာနိုင်ငံ ရွက်လှေအဖွဲ့ချုပ် အမျိုးသားတံခွန်စိုက်ပြိုင်ပွဲ ဆုပေးပွဲသည် ရန်ကုန်ရွက်လှေအသင်း နှစ်(၁၀၀) ပြည့်နှင့် တိုက်ဆိုင်သည့် ဂုဏ်ပြုအခမ်းအနားဖြစ်ပြီး အဆိုပါပြိုင်ပွဲသည် မြန်မာနိုင်ငံ ရွက်လှေအဖွဲ့ချုပ်က တစ်နှစ်တာအတွင်း ကြီးမှူးကျင်းပသည့် ပြိုင်ပွဲများအနက် အဆင့်မြင့်ဆုံး ပြိုင်ပွဲဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# သစ်တောသစ်ပင်နှင့် ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေးဆိုင်ရာ ခရိုင်အဆင့် အသိပညာပေးဟောပြောပွဲကျင်းပ

**ကျောက်ဆည် မေ ၁၈**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် သစ်တောဦးစီးဌာနမှ "သစ်တောသစ်ပင်နှင့် ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးဆိုင်ရာ" ခရိုင်အဆင့် အသိပညာပေးဟောပြောပွဲကို ယနေ့ နံနက် ၉ နာရီက အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း စုဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါဟောပြောပွဲတွင် ကျောက်ဆည်ခရိုင် သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်မောင်အေးနှင့် ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးလမင်းသန်းက သစ်တောနှင့်ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းခြင်း၊ သစ်တောများမှ ပေးစွမ်းနိုင်သောအကျိုးကျေးဇူးများ၊ သစ်တောများနှင့် ရာသီဥတုပြောင်းလဲမှုလျှော့ချရေး၊ သဲကန္တာရဖြစ်ထွန်းမှု တိုက်ဖျက်ရေးအကြောင်းအရာများ၊ မြို့နယ်သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဗိုလ်တင်လင်းက သစ်တောများနှင့် ရေဝေရေလဲဒေသများ ထိန်းသိမ်းရေးဆိုင်ရာ အကြောင်းအရာများကို အသိပညာပေးဟောပြောကြပြီး ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များနှင့်ပတ်သက်၍ မေးခွန်းများမေးမြန်းမှုအပေါ် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**



*စာမျက်နှာ ၈ မှ*

ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးက အမှာစကား ပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဌေးအောင်က ဂုဏ်ပြုအမှာစကား ပြောကြားသည်။

ထို့နောက်အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်) ပါမောက္ခချုပ်က ပြပွဲကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ပန်းချီပြပွဲသို့ တက်ရောက်လာကြသည့် ဧည့်သည်တော်များက ပြခန်းအတွင်း လှည့်လည်ကြည့်ရှုကြသည်။

Narrative on Canvas ပန်းချီပြပွဲတွင် စတုတ္ထနှစ် ပန်းချီကျောင်းသား ကျောင်းသူ ၁၄ ဦးနှင့် မဟာဝိဇ္ဇာတန်း လေးဦး၏ အခရိုင်လစ်ရှစ်ကား၊ ရေဆေးပန်းချီ တစ်ကား၊ Charcoal တစ်ကား၊ ဆီဆေးပန်းချီ ၄၅ ကား စုစုပေါင်းပန်းချီကား ၅၅ ကားကို ခင်းကျင်းပြသထားပြီး မေ ၁၈ ရက်မှ ၂၅ ရက်အထိ နံနက် ၉ နာရီမှ ညနေ ၄ နာရီအတွင်း အမျိုးသားစာကြည့်တိုက်(ရန်ကုန်) Exhibition Hall တွင် မည်သူမဆို လာရောက်ကြည့်ရှုနိုင်ကြောင်းနှင့် နှစ်သက်ပါက ဝယ်ယူအားပေးနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

# ခက်ခဲကြမ်းတမ်းသည့် ပြည်ပရောက်နေ့စွဲများ

**အာရပ်စော်ဘွားများပြည်ထောင်စု (UAE) မှာ သွားရောက်အလုပ်လုပ်ကိုင်ရာကနေ အခက်အခဲတွေ အများကြီးကြုံတွေ့ရပြီး သက်ဆိုင်ရာကို အကူအညီတောင်းခံလာတဲ့ မြန်မာအမျိုးသမီးရွှေ့ပြောင်းအလုပ်သမားငါးဦးက ပြီးခဲ့တဲ့ ဧပြီလကုန်ပိုင်းမှာ ဒူဘိုင်းမြို့မှာရှိတဲ့ မြန်မာကောင်စစ်ဝန်ချုပ်ရုံးရဲ့ ကူညီဆောင်ရွက်ပေးမှုနဲ့ မြန်မာနိုင်ငံကို ပြန်လည်ရောက်ရှိလာခဲ့ပါတယ်။**

မင်းသော်

အာရပ်စော်ဘွားများ ပြည်ထောင်စုမှာရှိတဲ့ ဒူဘိုင်းမြို့အပါအဝင် အရှေ့အလယ်ပိုင်း နိုင်ငံအချို့မှာ အလုပ်လုပ်ကိုင်ဖို့ ထွက်ခွာသွားတဲ့ မြန်မာအမျိုးသမီး ရွှေ့ပြောင်းအလုပ်သမားအချို့ အလုပ်အကိုင်မရရှိတာ၊ အခြားသူတွေထံ ထပ်ဆင့်ပို့ဆောင်ခြင်းခံရတာနဲ့ ပိတ်လှောင်ထားကာ အတင်းအကျပ်စေခိုင်းခြင်းခံရတာမျိုးတွေအပါအဝင် အကြမ်းဖက်ခံရပုံနဲ့ လူကုန်ကူးခံရတဲ့အခြေအနေမျိုးတွေ၊ မြန်မာအစိုးရရဲ့ ကူညီကယ်ဆယ်ပေးနေမှု အခြေအနေတွေကို ယခုနောက်ပိုင်းမှာ ခပ်စိပ်စိပ် မြင်တွေ့ရပါတယ်။

ပြည်တွင်းပွဲစားတွေရဲ့ အမျိုးမျိုးသော မက်လုံးတွေက ဒူဘိုင်းမရောက်ဖူးသေးတဲ့ မြန်မာအမျိုးသမီးများအဖို့ မက်လောက်စရာပါပဲ။ တစ်လကို မြန်မာငွေ ဆယ်သိန်းနဲ့အထက် ရရှိမယ်ဆိုတဲ့ မက်လုံးကြောင့် ပြည်ပကိုထွက်ခွာဖို့ ဆုံးဖြတ်ခဲ့ကြပါတယ်။ ပွဲစားအများစုက ကုန်ကျစရိတ်အားလုံးကို ပက်ကေ့ချ်စနစ်နဲ့ ကြိုတင်ထုတ်ပေးလိုက်ပြီး သိန်း ၆၀ ဝန်းကျင် ကုန်ကျပါတယ်။ ပြည်ပထွက်ခွာဖို့ ကုန်ကျစရိတ်ကို ပွဲစားကထုတ်ပေးပြီး နှစ်နှစ် သို့မဟုတ် တစ်နှစ် အလုပ်လုပ်ပေးပါ့မယ်ဆိုတဲ့ စာချုပ်တွေချုပ်ဆိုကြရပါတယ်။ များသောအားဖြင့် အလုပ်သမားအများစုက စာချုပ်ထဲမှာပါတဲ့အလုပ်ခွင်ကို မရောက်ရှိခဲ့ကြပါဘူး။

**ယူအေအီးက**
**ငါးဦး ပြန်လည်ရောက်ရှိလာ**

ဧပြီလ ၂၆ ရက်နဲ့ ၂၈ ရက်နေ့တို့မှာ ပြန်လည်ရောက်ရှိလာတဲ့သူ မပိုးအိခိုင်အပါအဝင် မြန်မာအမျိုးသမီးငါးဦးအနက် လေးဦးက ဒူဘိုင်းမှာရှိတဲ့ ပွဲစားတွေကနေ အလုပ်အကိုင်ရှာဖွေရေးအေဂျင်စီ အဆင့်ဆင့်ကို လက်လွှဲရောင်းချခံရသူတွေ တစ်နည်းအားဖြင့် လူကုန်ကူးခံရသူတွေ ဖြစ်ပါတယ်။ ကျန်တစ်ဦးကတော့ အိမ်ရှင်တွေနဲ့ အဆင်မပြေတဲ့အတွက် ပွဲစားကိုပြောတာကို ပွဲစားက တာဝန်မယူမဖြေရှင်းပေးတာ၊ ဒူဘိုင်းဘက်က အလုပ်အေဂျင်စီကလည်း မြန်မာနိုင်ငံကူးလက်မှတ်ကို သိမ်းဆည်းခံထားရတာမို့ ဒူဘိုင်းမှာ ထွက်ပြေးနေရသူဖြစ်တယ်လို့ ဒူဘိုင်းရှိ မြန်မာကောင်စစ်ဝန်ချုပ်ရုံးက နိုင်ငံခြားရေးဝန်ကြီးဌာနကို သတင်းပေးပို့ချက်အရ သိရှိရပါတယ်။

**“ပြည်တွင်းမှာ တရားမဝင်အေဂျင်စီအမည်နဲ့ လုပ်သားစေလွှတ်တာတွေရှိသလို ဒူဘိုင်းကို ရောက်နေပြီးသား မြန်မာအချို့ကလည်း လူမှုကွန်ရက်တွေပေါ်ကနေ အလုပ်အကိုင်ခေါ်ယူတာတွေက မကြာခဏ မြင်တွေ့နေရပါတယ်။ အချို့ကတော့ ဒူဘိုင်းလို့ ပြောဆိုခေါ်ယူပေမယ့် အခြားနိုင်ငံတွေဆီ ပို့ဆောင်ခံရပြီး တစ်နေရာတည်းမှာ ပိတ်လှောင်ထားတာ၊ အခကြေးငွေ အနည်းငယ်နဲ့ အချိန်ပိုင်းအိမ်အကူအလုပ်လုပ်တာ၊ ရသမျှလုပ်အားခကို ခေါင်းပုံဖြတ်တာတွေအပြင် အကြမ်းဖက်ခိုင်းစေတာနဲ့ အစာရေစာဝလင်အောင် မကျွေးမွေးတာတွေကိုပါ ကြုံတွေ့နေရ”**

**“လက်ရှိမှာလည်း လူမှုကွန်ရက်ကနေ အရှေ့အလယ်ပိုင်းနိုင်ငံတွေဆီ အိမ်အကူအလုပ်လုပ်ကိုင်ရမယ်ဆိုပြီး ခေါ်ယူမှုတွေကို မြင်တွေ့နေရဆဲဖြစ်ပြီး နေ့စဉ်နှင့်အမျှ ကြမ်းတမ်းတဲ့နေ့ရက်တွေကို ရင်ဆိုင်နေရလို့ ထပ်မလာဖို့ ရင်ဖွင့်ကြတဲ့ မြန်မာအမျိုးသမီးတွေကိုလည်း လူမှုကွန်ရက်စာမျက်နှာတွေပေါ်မှာ မြင်တွေ့နေရ”**

မပိုးအိခိုင်အပါအဝင် ငါးဦးကို ဒူဘိုင်းမှာရှိတဲ့ ကောင်စစ်ဝန်ချုပ်ရုံးက ပြန်လည်ကယ်ဆယ်နိုင်ရေးအတွက် ကြိုးပမ်းခဲ့ပါတယ်။ နိုင်ငံခြားရေးဝန်ကြီးဌာနကနေတစ်ဆင့် အာရပ်စော်ဘွားများပြည်ထောင်စုနိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာနနဲ့ အာဏာပိုင်အဖွဲ့အစည်းတွေကို ဆက်သွယ်ပြီး မြန်မာအမျိုးသမီးငါးဦးကို ပြန်လည်ခေါ်ယူဖို့ ညှိနှိုင်းခဲ့ပါတယ်။ ငါးဦးအနက် မပိုးအိခိုင်၊ မနှင်းနှင်းဝေနဲ့ မဖြိုးသက်ခိုင်တို့ သုံးဦးက အယ်လ်အိန်းမြို့က ဟီလီရဲစခန်းမှာ ထိန်းသိမ်းခံနေရပြီး မခင်မျိုးဌေးနဲ့ မဇူးဇူးလှိုင်တို့ကတော့ ဒူဘိုင်းမြို့ရှိ အဆောင်တစ်ခုမှာ ခေတ္တနေထိုင်နေတာကို ကနဦး သိရှိခဲ့ရပါတယ်။

အမျိုးသမီးငါးဦးမှာ မပိုးအိခိုင်ဆိုသူက လွန်ခဲ့တဲ့ သုံးလဝန်းကျင်က ယူအေအီးကို ရောက်ခဲ့တာပါ။ မနှင်းနှင်းဝေကတော့ ပြီးခဲ့တဲ့နှစ်ကုန်ပိုင်းမှာ ရောက်ရှိလာသူဖြစ်ပါတယ်။ သူတို့နှစ်ဦးက ရန်ကုန်မြို့ လှိုင်မြို့နယ်က ဒေါ်တင်တင်စီ (ရန်ကုန်ပွဲစား) ကနေ ဒူဘိုင်းမှာရှိတဲ့ ဒေါ်တင်တင်စီရဲ့သားကျော်ဇေယျနဲ့ ဇနီးဖြစ်သူတို့ထံကို ရောက်ရှိလာခဲ့ပါတယ်။ ပွဲစားကျော်ဇေယျတို့ထံကနေ အဆင့်ဆင့်လက်လွှဲရောင်းချခံရပြီး အယ်လ်အိန်းမြို့က နေအိမ်တစ်အိမ်စီ တစ်ဦးက အလုပ်လုပ်နေပြီး တစ်ဦးက ခေတ္တနေထိုင်နေပါတယ်။

မခင်မျိုးဌေးနဲ့ မဇူးဇူးလှိုင်တို့ကတော့ လွန်ခဲ့တဲ့ ရှစ်လဝန်းကျင်က ယူအေအီး ကို ရောက်ရှိခဲ့သူဖြစ်ပြီး ရန်ကုန်ပွဲစား ဖြူဖြူဝင်းရွှေ(သုဝဏ္ဏ)နဲ့ ရတနာဦး(ခ) မီးမီး ကျန်စစ်မင်းအိမ်ရာ၊ ဒူဘိုင်းပွဲစား ဟန်လင်းစိုးတို့နဲ့ ချိတ်ဆက်ရောက်ရှိလာတာပါ။ သူတို့ကလည်း ပွဲစားတွေထံကနေ အေဂျင်စီရုံးအဆင့်ဆင့် လက်လွှဲရောင်းချခံရပြီး ဒူဘိုင်းမြို့က အဆောင်တစ်ခုမှာ ခေတ္တနေထိုင်ခဲ့ရသူတွေဖြစ်ပါတယ်။

**နိုင်ငံကူးလက်မှတ်သိမ်းဆည်းခံရ**

မဖြိုးသက်ခိုင်ကတော့ ဒဂုံမြို့သစ်အရှေ့ပိုင်းက ပွဲစား သင်းနွယ်စိုးကနေတစ်ဆင့် ဒူဘိုင်းက Ajamn Tadbeer (ပွဲစား)ထံကို လွန်ခဲ့တဲ့သုံးလက ရောက်ရှိလာခဲ့ပါတယ်။ အိမ်ရှင်တွေနဲ့ အဆင်မပြေလို့ ပြန်လာတဲ့အခါ ပွဲစားဘက်က တာဝန်မယူတာ၊ နိုင်ငံကူးလက်မှတ်ကို သိမ်းဆည်းခံထားရတာကြောင့် ထွက်ပြေးလာခဲ့ပြီး ဒူဘိုင်းမြို့က မိတ်ဆွေတစ်ဦးထံမှာ ခေတ္တနေထိုင်ခဲ့သူဖြစ်ပါတယ်။

အမျိုးသမီးငါးဦးအတွက် အထောက်အထားလက်မှတ်များ ထုတ်ပေးနိုင်ရေးနဲ့ မြန်မာနိုင်ငံကို ပြန်လည်ပို့ဆောင်နိုင်ဖို့စီစဉ်ရေး၊ လေကြောင်းလိုင်းနဲ့ ပြန်လည်ပို့ဆောင်ရေး၊ ရန်ကုန်လေဆိပ်မှာ အဆင်ပြေချောမွေ့စေရေးနဲ့ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့နဲ့ အလွတ်သဘော ချိတ်ဆက်ရေးတွေကို ဒူဘိုင်းမြို့မှာရှိတဲ့ မြန်မာကောင်စစ်ဝန်ချုပ်ရုံးက ကူညီဆောင်ရွက်ပေးခဲ့တယ်လို့ သိရှိရပါတယ်။ ဒါကြောင့် မပိုးအိခိုင်အပါအဝင် ငါးဦးက ဧပြီလ ၂၆ ရက်နဲ့ ၂၈ ရက်တို့မှာ အမိမြေကို ပြန်လည်ခြေချခွင့်ရရှိခဲ့ကြပါတယ်။ မပိုးအိခိုင်အပါအဝင် ငါးဦးကိစ္စကို ဆောင်ရွက်ပေးစဉ်အတွင်းမှာပဲ အယ်လ်အိန်းမြို့ ဟီလီရဲစခန်းမှာ ဖမ်းဆီးခံထားရတဲ့ မြန်မာအမျိုးသမီးနှစ်ဦးကို ထပ်မံတွေ့ရှိခဲ့ပါတယ်။ မစန္ဒာထွေးနဲ့ မအိရွှေစင်တို့ဖြစ်ကြပြီး အဆိုပါအမျိုးသမီးနှစ်ဦးကလည်း နေရပ်ပြန်နိုင်ဖို့ အကူအညီတောင်းခံထားပြီး အထောက်အထားလက်မှတ်တွေ ထုတ်ပေးတာ၊ နေရပ်ပြန်ဖို့ ညှိနှိုင်းမှုတွေကို ကောင်စစ်ဝန်ချုပ်ရုံးက ဆက်လက်လုပ်ဆောင်ပေးနေပါပြီ။

**အလုပ်သမားများကို**
**အဆင့်ဆင့်လက်လွှဲရောင်းချ**

ပြည်တွင်းမှာ တရားမဝင် အေဂျင်စီအမည်နဲ့ လုပ်သားစေလွှတ်တာတွေရှိသလို ဒူဘိုင်းကို ရောက်နေပြီးသား မြန်မာအချို့ကလည်း လူမှုကွန်ရက်တွေပေါ်ကနေ အလုပ်အကိုင် ခေါ်ယူတာတွေက မကြာခဏမြင်တွေ့နေရပါတယ်။ အချို့ကတော့ ဒူဘိုင်းလို့ ပြောဆိုခေါ်ယူပေမယ့် အခြားနိုင်ငံတွေဆီ ပို့ဆောင်ခံရပြီး တစ်နေရာတည်းမှာ ပိတ်လှောင်ထားတာ၊ အခကြေးငွေအနည်းငယ်နဲ့ အချိန်ပိုင်း အိမ်အကူအလုပ်လုပ်တာ၊ ရသမျှလုပ်အားခကို ခေါင်းပုံဖြတ်တာတွေအပြင် အကြမ်းဖက်ခိုင်းစေတာနဲ့ အစာရေစာ ဝလင်အောင် မကျွေးမွေးတာတွေကိုပါ ကြုံတွေ့နေရပါတယ်။

ဒီလိုဒုက္ခမျိုးစုံကို ရင်ဆိုင်နေရတာ မြန်မာအမျိုးသမီးတွေချည်းမဟုတ်ပါဘူး။ ပင်လယ်ကွေ့ အာရပ်နိုင်ငံတွေမှာ အိမ်အကူအမျိုးသမီး နှစ်သန်းလောက်ရှိနိုင်ပြီး အိုမန်က အိမ်အကူအမျိုးသမီး ၄၀၀ကို Do Bold ရွှေ့ပြောင်းအလုပ်သမားဆိုင်ရာ လူမှုရေးအဖွဲ့က စာရင်းကောက်ယူရာမှာ စစ်တမ်းတစ်ခုလုံးရဲ့ ရာနှုန်းပြည့်နီးပါးက လူကုန်ကူးမှုရဲ့ သားကောင်တွေ ဖြစ်နေတာကို တွေ့ရှိရပါတယ်။ အချို့အိမ်အကူတွေက အိမ်ရှင်တွေရဲ့ လိင်သားကောင်ဘဝကိုပါ ရောက်ရှိခဲ့ရပြီး အများစုကတော့ အကြမ်းဖက်ခံရတာ၊ အလုပ်ချိန်များပြားတာနဲ့ ဖိနှိပ်စေခိုင်းတာ၊ လုပ်အားခခေါင်းပုံဖြတ်တာ၊ ပိတ်လှောင်ခံရတာ၊ တစ်နေ့ကို ထမင်းတစ်နပ်မျှသာကျွေးတာ စသည်ဖြင့် ဒုက္ခမျိုးစုံ ကြုံတွေ့ရတတ်ပါတယ်။ အဆင့်ဆင့်လက်လွှဲရောင်းချခြင်းခံရတဲ့အတွက် မိမိရောက်ရှိနေတဲ့ နေရာကိုတောင် အချို့က မသိနိုင်ကြတော့ဘဲ ခိုးကြောင်ခိုးဝှက် ဆက်သွယ်အကူအညီတောင်းခံနေကြသူတွေ အများအပြားရှိပါတယ်။

“လေယာဉ်ပေါ်က ဆင်းချိန်မှာတော့ စိတ်ကူးအိပ်မက်တွေအပြည့်ပဲ။ ကမ္ဘာကျော် တာဝါကြီးကို ကြည့်ရင်း မိုးမျှော်တိုက်တွေအကြားမှာ အကောင်းဆုံး အလုပ်လုပ်ပြီး အိမ်အတွက် ငွေရှာမယ်လို့ ရည်ရွယ်ထားပေမယ့် အေဂျင်စီကို စရောက်ကတည်းက အထင်နဲ့အမြင်လွဲခဲ့တာပဲ။ ပြန်လည်ခေါ်ယူပေးလို့ နိုင်ငံတော်ကို ကျေးဇူးတင်ပါတယ်။ ကံကောင်းလို့သာ အမိမြေကို ခြေချခွင့်ရခဲ့တယ်”လို့ မဖြူဖြူ (အမည်လွှဲ)က ဆိုပါတယ်။

**မြန်မာအမျိုးသမီးတွေ**
**ထပ်မလာစေချင်တော့**

လက်ရှိမှာလည်း လူမှုကွန်ရက်ကနေ အရှေ့အလယ်ပိုင်းနိုင်ငံတွေဆီ အိမ်အကူအလုပ် လုပ်ကိုင်ရမယ်ဆိုပြီး ခေါ်ယူမှုတွေကို မြင်တွေ့နေရဆဲဖြစ်ပြီး နေ့စဉ်နှင့်အမျှ ကြမ်းတမ်းတဲ့နေ့ရက်တွေကို ရင်ဆိုင်နေရလို့ ထပ်မလာဖို့ ရင်ဖွင့်ကြတဲ့ မြန်မာအမျိုးသမီးတွေကိုလည်း လူမှုကွန်ရက်စာမျက်နှာတွေပေါ်မှာ မြင်တွေ့နေရပါတယ်။ အချို့ကတော့ စနစ်တကျနဲ့ စာချုပ်စာတမ်း ခိုင်ခိုင်မာမာ ချုပ်ဆိုပြီး သွားရောက်နိုင်ဖို့ မျှော်လင့်နေကြတာကိုလည်း မြင်တွေ့ရပါတယ်။

“အချို့အိမ်ရှင်တွေကတော့ သဘောကောင်းတယ်။ ထမင်းဝဝလင်လင်ကျွေးပြီး လုပ်ခလစာလည်း အပြည့်ပေးတယ်။ ဒါကရှားရှားပါးပါးပါ။ ကိုယ့်ဘက်ကလည်း နေထိုင်တတ်ဖို့လိုတာပေါ့။ သူများနိုင်ငံကို ရောက်ပြီးမှတော့ လုပ်ခလစာရဖို့လိုတယ်။ သူတို့ရဲ့ ဓလေ့စရိုက်၊ သူတို့ ဥပဒေတွေနဲ့ အပြန်အလှန်ဆွေးနွေးပြောဆိုနိုင်ဖို့ ဘာသာစကားတတ်ကျွမ်းကြဖို့လည်းလိုတယ်။ အိမ်ရှင်တွေကလည်း အခကြေးငွေပေးထားတဲ့အတွက် သူတို့ပေးထားတာတွေ မကျေမချင်း ပြန်မလွှတ်ကြဘူး။ ပွဲစားက ကြားထဲကနေ ခေါင်းပုံဖြတ်တာက ဒီမှာ အဆိုးဆုံးပဲ။ ယူအေအီးဘက်ကို အလုပ်လုပ်မယ်ဆိုရင် သေသေချာချာ စဉ်းစားဆုံးဖြတ်ပါ။ ဖြစ်နိုင်ရင်တော့ မြန်မာအမျိုးသမီးတွေ ထပ်မလာစေချင်တော့ဘူး”လို့ မဖြူဖြူက ဆက်ပြောပါတယ်။

ပြည်ပနိုင်ငံတွေဆီ သွားရောက်အလုပ်လုပ်ကိုင်ကြတာနဲ့စပ်လျဉ်းလို့ သက်ဆိုင်ရာဝန်ကြီးဌာနတွေက အသိပညာပေးခြင်း၊ သတိပေးနှိုးဆော်ချက်တွေ ထုတ်ပြန်တာ၊ အလုပ်သမားတွေရဲ့ ခက်ခဲကြမ်းတမ်းမှုတွေကို သင်ခန်းစာယူဖို့ အသိပေးတာတွေကို ဆက်တိုက်လုပ်ဆောင်နေကြတာကို မြင်တွေ့ရပါတယ်။ သို့သော်လည်း တရားမဝင်အေဂျင်စီတွေနဲ့ချိတ်ဆက်ပြီး ပြည်ပသို့ နည်းအမျိုးမျိုးနဲ့ ထွက်ခွာကြသူတွေ ရှိနေဆဲပါ။ တစ်ဖက်ကို ရောက်ရှိပြီးနောက်မှာတော့ ဘာသာစကားအားနည်းတာ၊ လုပ်ငန်းကျွမ်းကျင်မှုအားနည်းတာ၊ ဆိုက်ရောက်နိုင်ငံတွေရဲ့ ယဉ်ကျေးမှု၊ ရာသီဥတု၊ အစားအသောက်၊ ဓလေ့ထုံးစံတွေနဲ့ အံဝင်ခွင်ကျမဖြစ်တာ၊ တရားမဝင်အေဂျင်စီတွေရဲ့ ခေါင်းပုံဖြတ်အမြတ်ထုတ်တာတွေကို ခံစားရတာ စတဲ့အကြောင်းတွေကြောင့် ယူအေအီးအပါအဝင် အရှေ့အလယ်ပိုင်းဒေသ နိုင်ငံတွေမှာ ဒုက္ခရောက်၊ အခက်အခဲကြုံနေရသူတွေ အများအပြား ကျန်ရှိနေသေးတယ်လို့လည်း သိရှိရတာမို့ ဆင်ခြင်သတိပြုနိုင်စေဖို့ ရေးသားတင်ပြလိုက်ရပါတယ်။ ။

# မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်အဖွဲ့ဝင် ဦးကျော်မြင့် ရှမ်းပြည်နယ် ကျိုင်းတုံအကျဉ်းထောင်၊ တာချီလိတ်အချုပ်ထောင်၊ မိုင်းဆတ်အကျဉ်းထောင်၊ ကျိုင်းတုံဘိုးဘွားရိပ်သာ၊ တာချီလိတ်ဘိုးဘွားရိပ်သာနှင့် ကျိုင်းတုံမြို့ပေါ်ရှိ ရဲစခန်းအချုပ်ခန်းတို့ကို ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၁၈**

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်အဖွဲ့ဝင် ဦးကျော်မြင့် ဦးဆောင်သောအဖွဲ့သည် ကော်မရှင်ဥပဒေ ပုဒ်မ ၄၃၊ ၄၄ ပြဋ္ဌာန်းချက်၊ ကော်မရှင်ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ ကျိုင်းတုံဘိုးဘွားရိပ်သာကို မေ ၁၄ ရက်တွင် လည်းကောင်း၊ ကျိုင်းတုံမြို့ပေါ်ရှိ ရဲစခန်းအချုပ်ခန်းနှင့် ကျိုင်းတုံအကျဉ်းထောင်ကို မေ ၁၅ ရက်တွင် လည်းကောင်း၊ တာချီလိတ်မြို့ရှိ တာချီလိတ်အချုပ်ထောင်ကို မေ ၁၆ ရက်တွင်လည်းကောင်း၊ မိုင်းဆတ်မြို့ရှိ မိုင်းဆတ်အကျဉ်းထောင်ကို မေ ၁၇ ရက်တွင် လည်းကောင်း (ယာပုံ)၊ တာချီလိတ်မြို့ရှိ တာချီလိတ်ဘိုးဘွားရိပ်သာကို မေ ၁၈ ရက်တွင် လည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးသည်။



ယင်းအဖွဲ့သည် ကျိုင်းတုံအကျဉ်းထောင်၊ တာချီလိတ်အချုပ်ထောင်နှင့် မိုင်းဆတ်အကျဉ်းထောင်တို့ကို ကြည့်ရှုစစ်ဆေးစဉ် အကျဉ်းသား/အကျဉ်းသူ၊ အချုပ်သား/အချုပ်သူများကို အိပ်ဆောင်များတွင်တွေ့ဆုံကာ အကျဉ်းသား၊ အချုပ်သားတစ်ဦး၏ အနိမ့်ဆုံးရရှိရမည့် အခွင့်အရေးဖြစ်သော နေထိုင်စားသောက်မှုအခြေအနေများ၊ ကျန်းမာရေးစောင့်ရှောက်မှု၊ သန့်ရှင်းသောသောက်ရေနှင့် သုံးရေရရှိစေရန် ဆောင်ရွက်ပေးနေမှု၊ မိသားစုနှင့် တွေ့ဆုံခွင့်ပေးနေမှု၊ လွတ်လပ်စွာ ယုံကြည်ကိုးကွယ်နိုင်မှုအခြေအနေ၊ အသက်မွေးဝမ်းကျောင်းပညာ သင်ကြားပေးမှု၊ စာရိတ္တပြုပြင်ပြောင်းလဲပေးမှု၊ စာကြည့်တိုက်သုံးစွဲမှုအခြေအနေ၊ ထောင်ဝင်စာပစ္စည်းများ စုံလင်စွာရရှိမှု၊ ရသင့်ရထိုက်သော အသုံးအဆောင်ပစ္စည်းများရရှိမှု၊ ညှဉ်းပန်းနှိပ်စက်ခံရမှု ရှိ မရှိ အခြေအနေနှင့် အိပ်ဆောင်များအတွင်း သန့်ရှင်းမှု ရှိ မရှိ အခြေအနေ စသည်တို့ကို ကြည့်ရှုစစ်ဆေးပြီး သီးခြားလွတ်လပ်စွာ တွေ့ဆုံခွင့်တောင်းခံသူ အကျဉ်းသား/ အကျဉ်းသူ၊ အချုပ်သား/အချုပ်သူများကိုလည်း သီးခြားတွေ့ဆုံမေးမြန်း မှတ်တမ်းတင်ခဲ့သည်။

ယင်းနောက် ကျိုင်းတုံအကျဉ်းထောင်၊ တာချီလိတ်အချုပ်ထောင်နှင့် မိုင်းဆတ်အကျဉ်းထောင်တို့၌ အကျဉ်းသား/ အကျဉ်းသူ၊ အချုပ်သား/အချုပ်သူများ၏ အိပ်ဆောင်များ၊ ဆေးရုံဆောင်၊ စာကြည့်တိုက်၊ စားဖိုကြီး၊ ရိက္ခာဂိုဒေါင်၊ ရေသန့်စက်၊ သုံးရေကန်များ၊ အတွင်း/ အပြင် မိလ္လာများ သန့်ရှင်းမှု ရှိ မရှိ စသည်တို့ကို ကြည့်ရှုစစ်ဆေးပြီး အကျဉ်းသား/ အကျဉ်းသူ၊ အချုပ်သား/ အချုပ်သူများ လေ့လာဖတ်ရှုနိုင်ရန်အတွက် ဗဟုသုတရဖွယ်ရာ စာအုပ်များကို ကော်မရှင်က လှူဒါန်းသည်။

ထို့နောက် ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ကျိုင်းတုံမြို့ရှိ ကျိုင်းတုံဘိုးဘွားရိပ်သာနှင့် တာချီလိတ်မြို့ရှိ တာချီလိတ်ဘိုးဘွားရိပ်သာတို့ကို ကြည့်ရှုစစ်ဆေးစဉ် ရိပ်သာများတွင် လက်ခံစောင့်ရှောက်ပေးလျက်ရှိသော အဘိုး၊ အဘွားများအား အိပ်ဆောင်များတွင် သွားရောက်တွေ့ဆုံပြီး ဘိုးဘွားများကို ကျန်းမာရေးစောင့်ရှောက်ပေးနေမှု၊ အစားအစာနှင့် အာဟာရဖြည့်ဆည်း ကျွေးမွေးမှု၊ သန့်ရှင်းသော သောက်ရေနှင့် သုံးရေရရှိစေရန် ဆောင်ရွက်ပေးနေမှုအခြေအနေ၊ လွတ်လပ်စွာ ယုံကြည်ကိုးကွယ်နိုင်မှုအခြေအနေ၊ ဘိုးဘွားအိပ်ဆောင်များ၊ ရေချိုးခန်း၊ သန့်စင်ခန်း၊ စားဖိုဆောင်များ၊ ကျန်းမာရေးနှင့် ညီညွတ်အောင် ဆောင်ရွက်ထားရှိမှုနှင့် ဘိုးဘွားများ အနားယူအပန်းဖြေရန် စီစဉ်ဆောင်ရွက်ပေးထားမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ကျိုင်းတုံမြို့ရှိ ရဲစခန်းအချုပ်ခန်းကို ဝင်ရောက်ကြည့်ရှုစစ်ဆေးစဉ် ရီမန်ကာလ အခြေအနေ၊ အချုပ်ခန်းများတွင် နေထိုင်စဉ်ကာလအတွင်း ညှဉ်းပန်းနှိပ်စက်ခံရမှု ရှိ မရှိ အခြေအနေ၊ မိသားစုနှင့် တွေ့ဆုံနိုင်မှုအခြေအနေ၊ အချုပ်ကာလအတွင်း စားသောက်ရေး စီစဉ်ပေးမှုအခြေအနေ၊ အချုပ်ခန်းအတွင်း မိလ္လာသုံးစွဲမှုနှင့် အချုပ်ခန်းများအတွင်း သန့်ရှင်းမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါအဖွဲ့၏ ခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို သင့်လျော်သကဲ့သို့ ဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများသို့ အကြံပြုပေးပို့သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရန်ကုန်ပညာရေးတက္ကသိုလ်၌ ပုဂ္ဂလိကကျောင်းဆရာ မှတ်ပုံတင်လက်မှတ်အတွက် ဆရာအတတ်ပညာ ရက်တိုသင်တန်းဆင်းပွဲ အခမ်းအနားကျင်းပ

**ရန်ကုန် မေ ၁၈**

ရန်ကုန်ပညာရေး တက္ကသိုလ်၌ ပုဂ္ဂလိကကျောင်းဆရာ မှတ်ပုံတင် လက်မှတ်အတွက် ဆရာအတတ်ပညာ ရက်တိုသင်တန်း (အထက်တန်းအဆင့်နှင့် နိုင်ငံတကာသင်ရိုးကျောင်း) ကို ဧပြီ ၂၃ ရက်မှ မေ ၁၇ ရက်အထိ ဖွင့်လှစ်သင်ကြားပို့ချခဲ့ပြီး ယနေ့ နံနက်ပိုင်းတွင် သင်တန်းဆင်းပွဲ အခမ်းအနားကို ရန်ကုန်ပညာရေး တက္ကသိုလ် Learning Hub ခန်းမ၌ ကျင်းပသည်။



အခမ်းအနားသို့ ရန်ကုန်ပညာရေးတက္ကသိုလ်ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ စီမံရေးရာ၊ ဘဏ္ဍာရေးရာ၊ သင်တန်းရေးရာ၊ စာပေးစာယူဌာန ဌာနမှူးများ၊ ပညာရေးသဘောတရားနှင့် ပညာရေး စီမံခန့်ခွဲမှုဌာန၊ ပညာရေးစိတ်ပညာဌာနနှင့် သင်ရိုးညွှန်းတမ်းနှင့် သင်ပြနည်းဌာနများမှ ပါမောက္ခ (ဌာနမှူး)များနှင့် သင်ကြားပို့ချသည့် ဆရာ ဆရာမများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရန်ကုန်ပညာရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ ကေသွယ်လှိုင်က သင်တန်းဆင်း အမှာစကား ပြောကြားပြီး ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များနှင့် ပညာရေးသဘောတရားနှင့် ပညာရေးစီမံခန့်ခွဲမှုဌာန၊ ပညာရေးစိတ်ပညာဌာန၊ သင်ရိုးညွှန်းတမ်းနှင့် သင်ပြနည်းဌာနများမှ ပါမောက္ခ(ဌာနမှူး)များက သင်တန်းသား သင်တန်းသူများထံသို့ ပုဂ္ဂလိကကျောင်းဆရာ မှတ်ပုံတင်သင်တန်းဆင်း လက်မှတ်များ ပေးအပ်သည်။

ထို့နောက် ပုဂ္ဂလိကကျောင်းဆရာ အတတ်ပညာသင်တန်း (အထက်တန်းအဆင့်)မှ သင်တန်းသား သင်တန်းသူများ ကိုယ်စား သင်တန်းသားတစ်ဦးက လည်းကောင်း၊ ပုဂ္ဂလိကကျောင်းဆရာ အတတ်ပညာသင်တန်း(နိုင်ငံတကာ သင်ရိုးကျောင်း) မှ သင်တန်းသား သင်တန်းသူများကိုယ်စား သင်တန်းသားတစ်ဦးက လည်းကောင်း ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## နေ့အပူချိန်မြင့်မားခဲ့သောစခန်းများ၏ ၁၈-၅-၂၀၂၄ ရက်နေ့ အမြင့်ဆုံးနေ့အပူချိန်များ

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်များရှိ မြို့များ | အမြင့်ဆုံး အပူချိန် ဒီဂရီဆဲလ်စီးယပ် | အမြင့်ဆုံး အပူချိန် ဒီဂရီဖာရင်ဟိုက် |
|---|---|---|---|
| ၁။ | ချောက် | ၄၅.၆ | ၁၁၄.၁ |
| ၂။ | မင်းဘူး | ၄၃.၈ | ၁၁၀.၈ |
| ၃။ | မကွေး | ၄၃.၈ | ၁၁၀.၈ |
| ၄။ | မြင်းခြံ | ၄၃.၅ | ၁၁၀.၃ |
| ၅။ | ညောင်ဦး | ၄၃.၅ | ၁၁၀.၃ |
| ၆။ | တံတားဦး (လေကြောင်းမိုးလေဝသ) | ၄၃.၀ | ၁၀၉.၄ |
| ၇။ | မုံရွာ | ၄၂.၅ | ၁၀၈.၅ |
| ၈။ | မြင်းမူ | ၄၂.၅ | ၁၀၈.၅ |
| ၉။ | တောင်တွင်းကြီး | ၄၂.၅ | ၁၀၈.၅ |
| ၁၀။ | အောင်လံ | ၄၂.၃ | ၁၀၈.၁ |
| ၁၁။ | ဇောင်းတူ | ၄၂.၃ | ၁၀၈.၁ |

# ISTAF World Cup 2024 ပိုက်ကျော်ခြင်းပြိုင်ပွဲ အုပ်စုအဖွင့်ပွဲတွင် မြန်မာအသင်း ဖိလစ်ပိုင်ကိုအနိုင်ရ

**ရန်ကုန် မေ ၁၈**

ISTAF World Cup 2024 ပိုက်ကျော်ခြင်းပြိုင်ပွဲ အုပ်စုပထမနေ့ကို မေ ၁၈ ရက်က မလေးရှားနိုင်ငံ၌ စတင်ကျင်းပရာ မြန်မာအသင်း အုပ်စုအဖွင့်ပွဲတွင် အနိုင်ရခဲ့သည်။

မြန်မာအသင်းသည် အုပ်စုပထမပွဲအဖြစ် နှစ်ယောက်တွဲပြိုင်ပွဲတွင် ဖိလစ်ပိုင်အသင်းနှင့် စတင်ယှဉ်ပြိုင်ကစားရာ ၂-၁ ပွဲဖြင့် အနိုင်ရခဲ့သည်။ မြန်မာအသင်းသည် ပထမပွဲငယ်တွင် ၁၅-၉ မှတ်ဖြင့် အနိုင်ရပြီး ဒုတိယပွဲငယ်တွင် ၁၆-၁၇ မှတ်ဖြင့် အရေးနိမ့်သော်လည်း တတိယပွဲငယ်တွင် ၁၅-၆ မှတ်ဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် နှစ်ယောက်တွဲပြိုင်ပွဲတွင် အုပ်စု (ဂ) ၌ ဖိလစ်ပိုင်၊ အင်ဒိုနီးရှားတို့နှင့် ကျရောက်နေခြင်းဖြစ်သည်။ မြန်မာအသင်းသည် မေ ၁၉ ရက်တွင် နှစ်ယောက်တွဲပြိုင်ပွဲအုပ်စုပွဲအဖြစ် အင်ဒိုနီးရှားအသင်း၊ သုံးယောက်တွဲပြိုင်ပွဲအုပ်စုပွဲအဖြစ် အိန္ဒိယအသင်းနှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။

ယင်းပြိုင်ပွဲတွင် Premier နှင့် Division နှစ်တန်းခွဲ၍ ကျင်းပမည်ဖြစ်ပြီး မြန်မာအပါအဝင် အဆင့်သတ်မှတ်ချက် မြင့်မားသည့် နိုင်ငံများမှာ Premier အဆင့်တွင် ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ပြိုင်ပွဲတွင် ပြိုင်ပွဲအမျိုးအစားသုံးမျိုး ထည့်သွင်းကျင်းပမည်ဖြစ်ပြီး နှစ်ယောက်တွဲပြိုင်ပွဲနှင့် သုံးယောက်တွဲပြိုင်ပွဲကို မေ ၁၈ ရက်မှ ၂၂ ရက်၊ အသင်းလိုက်ပြိုင်ပွဲကို မေ ၂၃ ရက်မှ ၂၆ ရက်အထိ ကျင်းပမည်ဖြစ်သည်။ အုပ်စုခွဲဝေထားမှုအရ သုံးယောက်တွဲပြိုင်ပွဲတွင် အုပ်စု (က) ၌ ထိုင်း၊ ဗီယက်နမ်၊ အင်ဒိုနီးရှား၊ အုပ်စု (ခ) ၌ မလေးရှား၊ တရုတ်၊ ဘရူနိုင်း၊ အုပ်စု (ဂ) ၌ တောင်ကိုရီးယား၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ အုပ်စု (ဃ) ၌ အိန္ဒိယ၊ ဂျပန်၊ မြန်မာ၊ နှစ်ယောက်တွဲပြိုင်ပွဲ အုပ်စု(က) ၌ ဂျပန်၊ ဘရူနိုင်း၊ မလေးရှား၊ အုပ်စု (ခ) ၌ တရုတ်၊ ဗီယက်နမ်၊ အိန္ဒိယ၊ အုပ်စု (ဂ) ၌ မြန်မာ၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ အုပ်စု (ဃ) ၌ ထိုင်း၊ စင်ကာပူ၊ တောင်ကိုရီးယား၊ အသင်းလိုက်ပြိုင်ပွဲ အုပ်စု (က)၌ အင်ဒိုနီးရှား၊ ဗီယက်နမ်၊ စင်ကာပူ၊ အုပ်စု (ခ)၌ အိန္ဒိယ၊ ထိုင်း၊ တရုတ်၊ အုပ်စု (ဂ) ၌ ဘရူနိုင်း၊ ဂျပန်၊ မလေးရှား၊ အုပ်စု (ဃ) ၌ မြန်မာ၊ ဖိလစ်ပိုင်၊ တောင်ကိုရီးယားအသင်းတို့ ပါဝင်နေသည်။ ပြိုင်ပွဲကျင်းပသည့်ပုံစံအရ ပြိုင်ပွဲဝင်နိုင်ငံအားလုံးသည် ပြိုင်ပွဲအမျိုးအစား ရွေးချယ်ခွင့်မရှိဘဲ အားလုံး ယှဉ်ပြိုင်ရမည်ဖြစ်ကာ အဆင့်သတ်မှတ်ချက်များ ပြုလုပ်သွားမည်ဖြစ်သည်။

**ညီမြတ်သော်တာ**

## နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်

**နေပြည်တော် မေ ၁၈**

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် (တောင်ပိုင်းနှင့် အရှေ့ပိုင်း)၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့်မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်။ **မိုး/ဇလ**

## ပညာရေးဝန်ကြီးဌာန
## ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ်
## ကျောင်းအုပ်၊ ဆရာ၊ ဆရာမများအားလုံးနှင့် အရာထမ်း၊ အမှုထမ်းများအားလုံး သိရှိလိုက်နာရမည့်အချက်များ

- ❖ မည်သည့်အခကြေးငွေမျှ ကောက်ခံခြင်း/လက်ခံခြင်းမပြုရ။
- ❖ ငွေကြေး/လက်ဆောင်ပစ္စည်း တစ်စုံတစ်ရာ လက်ခံခြင်းမပြုရ။
- ❖ အတန်းတံဆိပ်၊ ကျောင်းတံဆိပ်နှင့် အခြားမည်သည့်ပစ္စည်းကိုမျှ ရောင်းချခြင်းမပြုရ။
- ❖ ကျောင်းသား၊ ကျောင်းသူများ ပူးပေါင်းဆောင်ရွက်တတ်ရေး၊ ကျောင်းတက်မှန်ရေး၊ အိမ်စာများကို နေ့စဉ်လုပ်ဆောင်ရေး၊ မိဘများနှင့် ပူးပေါင်းဆွေးနွေး ဆောင်ရွက်ပေးပါရန်။
- ❖ ပညာသင်ကာလအတွင်း စစ်ဆေးအကဲဖြတ်ခြင်းအား ညွှန်ကြားချက်များအတိုင်း စစ်ဆေးရန်။
- ❖ ကျောင်းထွက်သူ လုံးဝမရှိစေရေးနှင့် အလယ်တန်း၊ အထက်တန်းအဆင့်များသို့ အဆင့်ဆင့် ဆက်လက်ပညာသင်ယူနိုင်ရေးအတွက် မိဘများနှင့် ပူးပေါင်းပါဝင် ဆောင်ရွက်ရန်။
- ❖ မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေး၊ အရက်၊ ဘီယာ၊ စီးကရက်၊ ကွမ်းယာ မသုံးစွဲရေး မိဘပြည်သူအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေး မိဘပြည်သူအားလုံးနှင့် ပူးပေါင်း ဆောင်ရွက်ရန်။
- ❖ ကျန်းမာရေးနှင့် ညီညွတ်သော လူနေမှုပုံစံများ စွဲမြဲဆောင်ရွက်တတ်ရန် အသိပညာပေးရေး မိဘပြည်သူအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ကျောင်းသား၊ ကျောင်းသူများ ဂိမ်းစွဲလမ်းမှုပပျောက်စေရေး မိဘပြည်သူအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ နှာစေး၊ ချောင်းဆိုး၊ ကိုယ်အပူချိန်မြင့်မားလျှင် ကျောင်းသို့မလာဘဲ နီးစပ်ရာကျန်းမာရေးဆေးခန်း၊ ဆေးရုံသို့ သတင်းပို့ရန်နှင့် ဆေးကုသမှုခံယူရန်။
- ❖ အသက် (၁၂) နှစ်ပြည့်ပြီး ကျောင်းသား၊ ကျောင်းသူများ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ရာနှုန်းပြည့် ထိုးနှံပြီးစီးနိုင်ရေး သက်ဆိုင်ရာကျန်းမာရေးဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ရန်။

## ပေါင်မြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု စာဖတ်ဝိုင်းပြုလုပ်



**ပေါင် မေ ၁၈**

မွန်ပြည်နယ် ပေါင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန Community Centre ခန်းမ၌ မေ ၁၆ ရက် မွန်းလွဲပိုင်းက စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှုအနေဖြင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် စာပေချစ်သူများအသင်း (Book Club)တို့ ပူးပေါင်း၍ စာရေးဆရာ ဒေါက်တာခင်မောင်ညို ရေးသားသည့် လူငယ်နှင့်အကောင်းဆုံးဘဝကိုတည်ဆောက်ခြင်း စာအုပ်ဖြင့် စာဖတ်ဝိုင်းဆွေးနွေးပွဲ ပြုလုပ်သည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တင်ဇာစိုးက စာဖတ်ဝိုင်းပြုလုပ်ရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး (Book Club) အဖွဲ့ဝင် စာရေးဆရာများဖြစ်သည့် ဝံသမောင်က ပညာရေးအစ.... စာအုပ်များဖြင့် အစပြုပါ၊ မောင်မြေရိုင်းက လူမျိုးမြင့်ဖို့ စာဖတ်စို့၊ ကောင်းပြည့်ဟိန်းက သဘာဝဘေးအန္တရာယ်၊ ငှက်တောင်ပံက အလှအပဆိုတာ စသည့် ခေါင်းစဉ်များဖြင့် ဦးဆောင်ဆွေးနွေးကြပြီး တက်ရောက်လာကြသည့် စာပေချစ်သူများက အပြန်အလှန် ဆွေးနွေးကြကြောင်း သိရသည်။

**မွန်မလေး (ပြန်/ဆက်)**



မိုင်းယောင်းမြို့ အခြေခံပညာအထက်တန်းကျောင်း၌ မေ ၁၈ ရက်က တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပြည်သူများက ၂၀၂၄-၂၅ ပညာသင်နှစ် ကျောင်းဖွင့်ရာသီအမီ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။

ဝေဝေခိုင်

## မြန်မာစာ မြန်မာစကား

### ဖူး၊ ဘူး

**ဘူး** ၏ မူလအနက်ကို ရှာလိုလျှင်လည်း **ဖူး** ၏ မူလအနက်မှာပင် ရှာရမည်ဖြစ်ပါသည်။ **ဖူး** မှာ အနက်စွဲအရေး၊ မူလအနက်ရှိသည်။ **ဘူး** မှာ အသံစွဲအရေး၊ မူလအနက်မရှိ။

ပစ္စည်းစကားလုံးဖြစ်သော **ဘူး** ၏ မူလအနက်မှာလည်း **ဖူး** ၏ အနက်ပင် ဖြစ်သည်။ **ဖူး** ၏အနက် ပူးယှဉ်၊ ထိတွေ့၊ ကြုံကြိုက်၊ ပေါင်းစည်းအနက်များပင်ဖြစ်သည်။ ထိုမူလအနက်မှ ဆင့်ပွားလာကာ အမှန်တကယ်ဖြစ်သည်၊ ထင်ရှားသည်ဟူသော အနက်ကို ဆောင်လျက် ပစ္စည်းစကားလုံးအဖြစ် တာဝန်ယူရသည်။ **ဖူး** လည်း သေချာသည့်အနက်၊ အမှန်တကယ်ဖြစ်သည့်အနက်၊ ထင်ရှားသည့် အနက်ဖြင့်ပင် ကြိယာကို အထောက်အကူပြုသည်။ **ဘူး** လည်း သေချာသည့်အနက်၊ အမှန်တကယ်ဖြစ်သည့်အနက်၊ ထင်ရှားသည့်အနက်ဖြင့်ပင် ကြိယာကို အထောက်အကူပြုသည်။

သို့ရာတွင် **ဖူး** ကား **အဖြစ်** သေချာခြင်းကို ပြသည်။ **ဘူး** ကား ငြင်းပယ်ခြင်း အနက် ရှိသည့် **မ** နှင့်ယှဉ်၍ **မဖြစ်ကြောင်း** သေချာခြင်းကို ပြသည်။ **ဖူး** ကား အဖြစ် မှန်ကန်ထင်ရှားခြင်းကို ပြသည်။ ထို့ကြောင့်လည်း **ဘူး** ကို ငြင်းပယ်သောအနက် အမှန်ထင်ရှားသေချာခြင်းကို ပြလိုသောအခါ သုံးခြင်းဖြစ်သည်။

သာဓက။

**မမြင်ဘူး** ဆိုသည်မှာ မမြင်သည်မှာ မှန်ကန် ထင်ရှား သေချာခြင်း၊ မြင်မှုကို ငြင်းပယ်ခြင်းအနက် ရှိသည်။

**မစားဘူး** ဆိုသည်မှာ မစားသည်မှာ မှန်ကန် ထင်ရှား သေချာခြင်း၊ စားမှုကို ငြင်းပယ်ခြင်းအနက် ရှိသည်။

**မပြောဘူး** ဆိုသည်မှာ မပြောသည်မှာ မှန်ကန် ထင်ရှား သေချာခြင်း၊ ပြောမှုကို ငြင်းပယ်ခြင်းအနက် ရှိသည်။

**မမြင်၊ မစား၊ မပြော** ဟု **"ဘူး"** မပါဘဲ သုံးလျှင်လည်းရသည်ပင် ဖြစ်သည်။

သို့ရာတွင် **မမြင်ဘူး၊ မစားဘူး၊ မပြောဘူး**ဟု ဆိုသဖြင့် **မမြင်၊ မစား၊ မပြော**သည်မှာ မှန်ကန်ထင်ရှား သေချာကြောင်း ပို၍လေးနက်လာသည်။ ထို့ကြောင့် **ဘူး** ကို ငြင်းပယ်နက်ဖြစ်သော **မ** နှင့် တွဲ၍ သုံးရသည်။ **(မ...ဘူး)**




အချုပ်အားဖြင့်ဆိုသော်

ကြုံတွေ့ သိမြင် ဖြစ်ပျက်ခဲ့ပြီး ထင်ရှားစေလိုက **ဖူး** ကို သုံးရန်၊

ငြင်းပယ်သော အနက်ဖြင့် ကြိယာအထောက်အကူ ဖြစ်စေလိုက ငြင်းပယ်ချင်းအနက်ရှိသည့် **မ** နှင့်ယှဉ်၍ **ဘူး** ကို သုံးရန်ဖြစ်ပါသည်။




မမြင်ဖူးဘူး။

မစားဖူးဘူး။

မပြောဖူးဘူး။

စသည်တို့တွင် **ဖူး** နှင့် **ဘူး** ခွဲထားအသုံးကို လေ့လာမှတ်သားနိုင်ပါသည်။

ဤမျှဖြင့် မှတ်မိရန် ခက်သေးသည် ဆိုငြားအံ့၊ "**ချစ်ဖူး**တယ်၊ **ချစ်ဖူး**တယ်၊ အိုမလွယ်**ဘူး** ရှူးနိုင်တယ်" သီချင်းခွဲထားဖြင့် မှတ်ထားကြပါဘိ။

(မြန်မာစာ မြန်မာစကားစာအုပ်မှ ကောက်နုတ်ဖော်ပြပါသည်။)

# သမ္မတဂျိုးဘိုင်ဒင်အစိုးရလက်ထက် တတိယအကြိမ်မြောက် နျူကလီးယားစမ်းသပ်မှု အမေရိကန်ပြုလုပ်

**ဝါရှင်တန် မေ ၁၈**

အမေရိကန်ပြည်ထောင်စုသည် သမ္မတဂျိုးဘိုင်ဒင် အစိုးရလက်ထက်တွင် တတိယအကြိမ်မြောက် နျူကလီးယားစမ်းသပ်မှု ပြုလုပ်ခဲ့ကြောင်း အင်န်အိတ်ချ်ကေသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။




အဆိုပါ စမ်းသပ်မှုကို နိုင်ငံအနောက်ပိုင်း နီဗားဒါးပြည်နယ်၌ အင်္ဂါနေ့က လုပ်ဆောင်ခဲ့ကြောင်း အမေရိကန်စွမ်းအင်ဝန်ကြီးဌာန၏ အမျိုးသားနျူကလီးယားလုံခြုံရေးစီမံခန့်ခွဲမှုဌာန (အင်န်အင်န်အက်စ်အေ) က ပြောသည်။

နျူကလီးယားထိပ်ဖူးများ၏ ဘေးကင်းမှုနှင့် ထိရောက်မှုများကို ပံ့ပိုးပေးရာ၌ နျူကလီးယား ပြိုကွဲမှုအခြေအနေမရှိသော စမ်းသပ်မှုအပေါ်တွင် အားထားရကြောင်း အင်န်အင်န်အက်စ်အေက ပြောသည်။ အမေရိကန်အစိုးရသည် ၁၉၉၂ ခုနှစ်တွင် နျူကလီးယားပေါက်ကွဲမှုများ ပါဝင်သော စမ်းသပ်မှုများကို ဆိုင်းငံ့ကြောင်း ထုတ်ပြန်ကြေညာထားသည်။

သို့သော်လည်း အစိုးရအဆက်ဆက်တွင် နျူကလီးယားစမ်းသပ်မှုများကို ဆက်လက်လုပ်ဆောင်လာခဲ့ကြသည်။ ယခင် နျူကလီးယားစမ်းသပ်လုပ်ဆောင်မှုကို ၂၀၂၂ ခုနှစ် စက်တင်ဘာလတွင် ပြုလုပ်ခဲ့သည်။ အမေရိကန်ပြည်ထောင်စုသည် အလုံးစုံနျူကလီးယားစမ်းသပ်မှုပိတ်ပင်ရေး စာချုပ်တွင် လက်မှတ်ရေးထိုးထားခြင်းမရှိသော်ငြား ယခင်စမ်းသပ်မှု ၃၃ ကြိမ်နှင့် နောက်ဆုံးအကြိမ်စမ်းသပ်မှုများမှာ zero-yield စံချိန်စံညွှန်းများနှင့် ကိုက်ညီမှုရှိကြောင်း အင်န်အင်န်အက်စ်အေ တာဝန်ရှိသူတစ်ဦးက ပြောသည်။

နည်းပညာဆိုင်ရာအရ မြေအောက်နျူကလီးယား ဖောက်ခွဲစမ်းသပ်မှုတွေဆီ ပြန်သွားရန် မလိုအပ်ဘဲ နျူကလီးယားလက်နက်ဆိုင်ရာ အရေးကြီးသည့် အချက်အလက်များကို စုဆောင်းနိုင်ရန်အတွက် ထိုကဲ့သို့ စမ်းသပ်လုပ်ဆောင်မှု အကြိမ်ရေ တိုးမြှင့်သွားရန် အစီအစဉ်ရှိကြောင်း အင်န်အင်န်အက်စ်အေ အကြီးတန်းတာဝန်ရှိသူတစ်ဦးက ပြောသည်။

**အင်န်အိတ်ချ်ကေ**

## အာကာသစခန်းသို့ စတားလိုင်းနား အာကာသယာဉ် ထပ်မံလွှတ်တင်ရန် နာဆာ နှောင့်နှေး

**လော့အိန်ဂျလိစ် မေ ၁၈**

နာဆာနှင့်ဘိုင်းအင်းတို့သည် ပထမဦးဆုံးလူလိုက်ပါမည့် စတားလိုင်းနားအာကာသယာဉ်ကို အပြည်ပြည်ဆိုင်ရာ အာကာသစခန်း (အိုင်အက်စ်အက်စ်)သို့ လွှတ်တင်မည့်အစီအစဉ်ကို မေ ၂၅ ရက်ထက်မစောဘဲ အချိန်ထပ်မံရွှေ့ဆိုင်းလိုက်ကြောင်း အေဂျင်စီက မေ ၁၇ ရက်တွင် ပြောသည်။

အဆိုပါအာကာသယာဉ်ကို ဖလော်ရီဒါပြည်နယ် ကိတ်ပ်ကာနာဗရယ် အာကာသစခန်းမှ မေ ၅ ရက်တွင် လွှတ်တင်ရန် စီစဉ်ခဲ့ခြင်းဖြစ်သည်။ နည်းပညာပိုင်းဆိုင်ရာ ပြဿနာကြောင့် အာကာသယာဉ်လွှတ်တင်မည့် ကြိုးပမ်းမှုမှာ ပျက်စီးခဲ့ရသည်။ နောက်ပိုင်းတွင်လည်း အာကာသယာဉ်လွှတ်တင်မည့်ရက်ကို အဖွဲ့က အကြိမ်ကြိမ်ရွှေ့ဆိုင်းခဲ့ရသည်။ နာဆာ၊ ဘိုင်းအင်းနှင့် ယူအယ်အေအဖွဲ့များသည် အာကာသယာဉ် လွှတ်တင်ခြင်းမစတင်မီ အချိန်ပိုယူ၍ပြင်ဆင်ရဦးမည်ဟု နာဆာကပြောသည်။

အဆိုပါ စမ်းသပ်ပျံသန်းမှုသည် အာကာသယာဉ်မှူး ဘတ်ချ်ဝေလ်မောနှင့် ဆူနီဝီလီယံတို့ကို အိုင်အက်စ်အက်စ်သို့ သယ်ဆောင်သွားမည်ဖြစ်သည်။ ၎င်းတို့နှစ်ဦးသည် အေဂျင်စီ၏ ပုဂ္ဂလိကအာကာသယာဉ်မှူးများအစီအစဉ် တစ်စိတ်တစ်ပိုင်းအနေဖြင့် ဘိုင်းအင်း၏ စတားလိုင်းနားအာကာသယာဉ်ကို အာကာသစခန်းသို့ လွှတ်တင်ရာတွင် ပထမဦးဆုံးလိုက်ပါမည့်သူများဖြစ်ကြသည်။

**ဆင်ဟွာ**

## အာဖဂန်၌ သေနတ်ပစ်ခတ်မှု စပိန်နိုင်ငံသား ခရီးသွားသုံးဦးအပါအဝင် ခြောက်ဦး သေဆုံး

**ကဘူးလ် မေ ၁၈**

အာဖဂန်နစ္စတန်အလယ်ပိုင်း၌ သေနတ်ပစ်ခတ်တိုက်ခိုက်မှုကြောင့် နိုင်ငံခြားခရီးသွားသုံးဦးအပါအဝင် ခြောက်ဦးသေဆုံးခဲ့ပြီး အချို့မှာ ဒဏ်ရာရရှိခဲ့ကြောင်း တာလီဘန်တို့က ပြောကြားသည်။

ဥရောပနှင့် အမေရိကန်မီဒီယာများ၏ ဖော်ပြချက်အရ သေဆုံးသူသုံးဦးသည် စပိန်ခရီးသွားများဖြစ်သည်ဟု ဆိုသည်။ အဆိုပါပစ်ခတ်မှုဖြစ်စဉ်သည် ဗုဒ္ဓဘာသာအမွေအနှစ်အဖြစ် ယူနက်စကို ကမ္ဘာ့အမွေအနှစ်စာရင်းတွင် စာရင်းသွင်းထားသော ဘာမီယန်ပြည်နယ်ရှိ ဈေးဝယ်နေရာတစ်ခုတွင် မေ ၁၇ ရက်က ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

တာလီဘန်ကြားဖြတ်အစိုးရက ယင်းအမှုနှင့် ဆက်စပ်ပါဝင်ပတ်သက်မှုစွပ်စွဲချက်ဖြင့် လေးဦးကို ဖမ်းဆီးထားသည်။ လွန်ခဲ့သည့် သုံးနှစ်ခန့်က တာလီဘန်တို့ အာဏာပြန်လည်ရယူပြီးနောက် အစွန်းရောက်များကို ပြင်းထန်စွာ နှိမ်နင်းခဲ့မှုကြောင့် အာဖဂန်နစ္စတန်နိုင်ငံ၏ လုံခြုံရေးအခြေအနေ တိုးတက်ကောင်းမွန်လာသဖြင့် နိုင်ငံခြားခရီးသွားဧည့်သည်များ လာရောက်လည်ပတ်လျက်ရှိသည်။

**အင်န်အိတ်ချ်ကေ၊ ဆင်ဟွာ**

## ဂါဇာတောင်ပိုင်းမြို့ ရာဖာ၌ စစ်ဆင်ရေးကိစ္စများဆွေးနွေးရန် အစ္စရေးသို့ အမေရိကန်အမျိုးသားလုံခြုံရေးအကြံပေး စေလွှတ်မည်

**ဝါရှင်တန် မေ ၁၈**

ဂါဇာကမ်းမြောင်ဒေသ တောင်ပိုင်းမြို့ဖြစ်သည့် ရာဖာတွင် စစ်ဆင်ရေးကိစ္စများကို ဆွေးနွေးရန်အတွက် အမေရိကန်အမျိုးသားလုံခြုံရေးအကြံပေးဖြစ်သူ ဂျိတ်ဆူလီဗန်ကို အစ္စရေးသို့ စေလွှတ်သွားမည်ဟု အိမ်ဖြူတော်က ပြောသည်။



အမေရိကန်အမျိုးသားလုံခြုံရေးအကြံပေး ဂျိတ်ဆူလီဗန်။

အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုအပါအဝင် အခြားသောအဆင့် အရာရှိကြီးများနှင့် ဆွေးနွေးပွဲပြုလုပ်ရန် ဆူလီဗန်သည် အစ္စရေးသို့ မေ ၁၉ ရက်တွင် သွားရောက်မည်ဟု အိမ်ဖြူတော်မှ အမျိုးသားလုံခြုံရေး ပြောရေးဆိုခွင့်ရှိသူ ဂျွန်ကာဘီက သတင်းထောက်များကို ပြောသည်။

ရာဖာမြို့တွင် ဟားမားစ်တို့အပေါ် အစ္စရေးတို့၏ထိုးစစ်ဆင်မှုကို ဆွေးနွေးသွားမည်ဟု ဂျွန်ကာဘီက ပြောသည်။ ဆူလီဗန်သည် ရာဖာမြို့တွင် အစ္စရေးတို့ မြေပြင်ထိုးစစ်ဆင်မှုကို မပြုလုပ်ရန် စည်းရုံးသွားမည်ဟု ဂျွန်ကာဘီက ပြောကြားခဲ့သည်။ အစ္စရေးတို့ဘက်မှ ကြီးမားသည့် ဆုံးဖြတ်ချက်မျိုးမချမီ အမေရိကန်နှင့် ဆွေးနွေးသွားရန် ဆန္ဒရှိကြောင်းလည်း အမေရိကန်က အခိုင်အမာ ပြောကြားထားသည်။

ဂါဇာကမ်းမြောင်ဒေသ ပါလက်စတိုင်းအများအပြားခိုလှုံနေသည့် ရာဖာမြို့သို့ အစ္စရေးတပ်ဖွဲ့ဝင်များ ထပ်မံစေလွှတ်သွားမည်ဟု အစ္စရေး ကာကွယ်ရေးဝန်ကြီး ယိုအက်ဗ်ဂဲလန့်က မေ ၁၆ ရက်တွင် ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

## စာများများဖတ်ကြစို့ ဆောင်ပုဒ်ဖြင့် မွန်ဂိုလီးယား အမျိုးသားစာအုပ်ပွဲတော် စတင်

**အူလန်ဘာတာ မေ ၁၈**

(၃၅) ကြိမ်မြောက် မွန်ဂိုလီးယား အမျိုးသား စာအုပ်ပွဲတော်ကို "စာများများဖတ်ကြစို့ - Let's Read More" ဟူသော ဆောင်ပုဒ်ဖြင့် မေ ၁၈ ရက်တွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် စတင်ကျင်းပသည်။

မွန်ဂိုလီးယားနိုင်ငံ၏ပါလီမန်ဥက္ကဋ္ဌ ဂွန်ဘိုရက်ဗ် ဇန်ဒန်ရှာတာ၏ ပံ့ပိုးမှုဖြင့် စာအုပ်ပွဲတော်ကို အစိုးရမဟုတ်သော အဖွဲ့အစည်းဖြစ်သည့် နိုမီအင်ဆိုရော့ထ်ရာတွန့်စ် (ကမ္ဘာ့စာပေယဉ်ကျေးမှုအဖွဲ့)က တစ်နှစ်လျှင်နှစ်ကြိမ်ကျင်းပသည့် စာအုပ်ပွဲတော်ကို မွန်ဂိုလီးယားနိုင်ငံ၏ နွေဦးနှင့် ဆောင်းဦးကာလများတွင် ကျင်းပလျက်ရှိသည်။

သုံးရက်တာ ကျင်းပသည့် အဆိုပါ စာအုပ်ပွဲတော်သည် ကလေးသူငယ်များနှင့် လူငယ်များအား စာများများဖတ်ရန်နှင့် စာပေဖတ်ရှု လေ့လာခြင်းကို ဝါသနာပါလာအောင် လှုံ့ဆော်ပေးရန် ရည်ရွယ်ကြောင်း ပွဲစီစဉ်သူက ပြောသည်။ အဆိုပါစာအုပ်ပွဲတော်သည် ရာနှင့်ချီသော စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ရောင်းချသူများ၊ စာရေးဆရာများနှင့် စာအုပ်ဝါသနာအိုး ထောင်ပေါင်းများစွာအတွက် စုစည်းရာနေရာတစ်ခုဖြစ်သည်။ ယင်းစာအုပ်ပွဲတော်သည် အာရှနိုင်ငံများအနက် အကြီးဆုံးစာအုပ်ပွဲတော်ကြီးလည်း ဖြစ်သည်။

**ဆင်ဟွာ**





ကင်ညာနိုင်ငံ၌ ရေကြီးမှုကြောင့် ကားများနစ်မြုပ်နေမှုကို တွေ့ရစဉ်။

# ဆိုးရွားသည့် ရေကြီးမှုများကြောင့် သေဆုံးသူ ရာနှင့်ချီနေသည့် အကျပ်အတည်းကြားက ကင်ညာ

■ နွယ်နီလင်း

**ကင်ညာ** နိုင်ငံ၏ တရားဝင်အမည်မှာ ကင်ညာသမ္မတနိုင်ငံဖြစ်ပြီး နိုင်ငံ၏မြို့တော်မှာ နိုင်ရိုဘီ ဖြစ်သည်။ ကင်ညာနိုင်ငံသည် အီကွေတာပေါ်တွင် တည်ရှိပြီး အနောက်ဘက်တွင် ယူဂန္ဒာ၊ တောင်ဘက်တွင် တန်ဇန်းနီးယား၊ မြောက်ဘက်တွင် အီသီယိုးပီးယား၊ အရှေ့မြောက်ဘက်တွင် ဆိုမာလီယာ၊ အနောက်မြောက်ဘက်တွင် တောင်ဆူဒန်နိုင်ငံတို့နှင့် အရှေ့တောင်ဘက်တွင် အိန္ဒိယသမုဒ္ဒရာတို့ တည်ရှိသည်။ နိုင်ငံ၏ အကျယ်အဝန်းမှာ ၂၂၄၄၄၅ စတုရန်းမိုင်ရှိသည်။

ကင်ညာနိုင်ငံ၌ မတ်လမှစကာ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများနှင့် မြေပြိုမှုများဖြစ်ပွားခြင်းကြောင့် သေဆုံးသူပေါင်း ၂၉၁ ဦး ရှိပြီဖြစ်သည်။ သဘာဝဘေးကြောင့် ပျောက်ဆုံးနေသူများစွာရှိပြီး ဒဏ်ရာရရှိသူ ၁၈၈ ဦးရှိသည်ဟု ပြည်ထဲရေးနှင့် အမျိုးသားအုပ်ချုပ်ရေးဝန်ကြီးဌာနက ဆိုသည်။

**မိုးသည်းထန်စွာ ရွာသွန်း**

နိုင်ငံတစ်ဝန်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် လူပေါင်း ၂၈၅၆၀၀ မှာ ဘေးလွတ်ရာသို့ နေရာပြောင်းရွှေ့ရပြီး ရေဘေးသင့်သူ စုစုပေါင်းမှာ ၄၁၂၇၈၃ ဦးရှိသည်။ ၂၀၂၃-၂၀၂၄ အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် နိုင်ငံအတွင်း နေရာအများအပြားတွင် မိုးသည်းထန်စွာရွာသွန်ပြီး လူသားချင်းစာနာမှုဆိုင်ရာအကူအညီများ အရေးပေါ်လိုအပ်လျက်ရှိသည်။

မတ်လလယ်မှစကာ မိုးသည်းထန်စွာ ရွာသွန်းခြင်းကြောင့် ရေကြီးမှုများဖြစ်ပွားသဖြင့် စာသင်ကျောင်းများကိုပင် ပိတ်ထားခဲ့ရသည်။ ယခင်က ဧပြီ ၂၉ ရက်တွင် စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်မည်ဟု ကြေညာခဲ့သော်လည်း ရေကြီးမှုများ ဆက်လက်ဖြစ်ပွားနေသဖြင့် ကျောင်းများ ပြန်လည်မဖွင့်ခဲ့ရပေ။ ကျောင်းပြန်လည်ဖွင့်လှစ်မည့် အစီအစဉ်ကို မေ ၆ ရက်သို့ ထပ်မံရွှေ့ဆိုင်းခဲ့သည်။ သို့သော်လည်း မေ ၆ ရက်က ကျောင်းများဆက်လက်ပိတ်ထားခဲ့ရသော်လည်း မေ ၁၃ ရက်တွင် ကျောင်းများ ပြန်လည်ဖွင့်လှစ်ပြီဖြစ်သည်။

ကင်ညာနိုင်ငံ၌ မိုးသည်းထန်စွာ ရွာသွန်းပြီး ရေကြီးမှုများကြောင့် ယခုအချိန်အထိ တိရစ္ဆာန်ကောင်ရေ၁၀၀၀၀ နီးပါးပျောက်ဆုံးနေဆဲဖြစ်သည်။ ရေဘေးကြောင့် မြေဧက ၄၁၀၀၀ ကျော်မှာလည်း ပျက်စီးခဲ့ရပြီး လမ်းများလည်း ပျက်စီးခဲ့ရသည်။

နိုင်ငံတစ်ဝန်း စီးပွားရေးလုပ်ငန်း ၉၀၀ နီးပါးနှင့် ရေကြီးမှုဖြစ်ပွားခဲ့သည့် ဒေသ ၄၂ ခုအနက် ဒေသ ၁၁ ခုရှိ ကျောင်းပေါင်း ၂၀၀၀ ခန့်လည်း ရေဘေးကြောင့် ပျက်စီးခဲ့ရသည်ဟု ကင်ညာနိုင်ငံ အာဏာပိုင်များနှင့် ကြက်ခြေနီ အသင်းကဆိုသည်။

**ခိုလှုံရာစခန်းပေါင်း ၁၆၇ ခု**

ယခုအခါ ရေဘေးသင့်ပြည်သူများ ခိုလှုံရာစခန်းပေါင်း ၁၆၇ ခုတို့တွင် ဘေးအန္တရာယ်ဆိုင်ရာများကို အကူအညီပေးရန် ပြည်သူ့ကျန်းမာရေး အရာရှိ ၃၀ ကို စေလွှတ်ထားသည်။

ကင်ညာနိုင်ငံ၌ မိုးသည်းထန်စွာ ရွာသွန်းပြီး ရေကြီးမှုများကြောင့် လမ်းများပျက်စီးခြင်း၊ တံတားများကျိုးပဲ့ခြင်းနှင့် အခြားအရေးကြီးသည့် အခြေခံအဆောက်အအုံများ ပျက်စီးခဲ့ရသည်ဟု ပြည်ထဲရေးနှင့် အမျိုးသားအုပ်ချုပ်ရေးဝန်ကြီးဌာနက ဆိုသည်။

မေ ၁၃ ရက် ကျောင်းများပြန်လည်မဖွင့်လှစ်မီ ရေကြီးရေလျှံမှုဒဏ်ခံခဲ့ရသည့် ကျောင်းများ ပြန်လည်ထူထောင်ရန်အတွက် အမေရိကန်ဒေါ်လာ ၇ ဒသမ ၅ သန်းတန်ဖိုးရှိ စီမံချက်တစ်ခုကို အစိုးရက ကြေညာထားသည်။

ထို့ပြင် ကင်ညာနိုင်ငံ၌ အပူပိုင်းဆိုင်ကလုန်းမုန်တိုင်း ဟိဒရာလည်း ဝင်ရောက်တိုက်ခတ်ခဲ့သည့်အပြင် နိုင်ငံ၏ရေပိုင်နက်အတွင်း ငါးဖမ်းခြင်း၊ ရေကူးခြင်းနှင့် သယ်ယူပို့ဆောင်ခြင်းအပါအဝင် ကမ်းခြေ၌ လှုပ်ရှားသွားလာမှုများကို တားမြစ်ခဲ့ရသည်ဟု ပြည်ထဲရေးနှင့် အမျိုးသားအုပ်ချုပ်ရေးဝန်ကြီးဌာနက ဆိုသည်။

**အရေးပေါ်အကူအညီများပေး**

ကင်ညာကာကွယ်ရေးတပ်ဖွဲ့များမှ အေဂျင်စီပေါင်းစုံကဖွဲ့စည်းထားသည့်အဖွဲ့များ၊ အမျိုးသားလူငယ်အဖွဲ့အစည်းနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အေဂျင်စီများက ရေဘေးသင့်ပြည်သူများအတွက် ကယ်ဆယ်ရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်ခြင်းနှင့် အရေးပေါ်အကူအညီများ ပေးခဲ့သည်။

ထို့ပြင် ကင်ညာနိုင်ငံ၌ မြို့ပြတွင် နေထိုင်သူများ၊ မြေနိမ့်ပိုင်းတွင် နေထိုင်သူများနှင့် မြစ်ကြောင်းတစ်လျှောက် နေထိုင်သူများကို ဖြစ်နိုင်ခြေရှိသည့် ရေကြီးမှုများအတွက် သတိပေးထားပြီး တောင်တန်းဒေသများ သို့မဟုတ် မတ်စောက်သည့်တောင်စောင်းတွင် နေထိုင်သူများကိုလည်း မြေပြိုမှုအန္တရာယ်မှ ကင်းဝေးစေရန် သတိပေးထားသည်။

ထို့ပြင် ဧပြီ ၂၉ ရက်ကလည်း နိုင်ငံတစ်ဝန်း မိုးသည်းထန်စွာ ရွာသွန်းခြင်းကြောင့် နိုင်ငံ၏ မြို့တော် နိုင်ရိုဘီမြောက်ပိုင်း၌ ရေကာတာကျိုးပေါက်မှုဖြစ်ပွားသဖြင့် လူပေါင်း ၄၅ ဦးထက်မနည်း သေဆုံးပြီး အခြားလူပေါင်းများစွာမှာလည်း ပျောက်ဆုံးခဲ့သည်ဟု ဒေသတွင်းရဲတပ်ဖွဲ့က ဆိုသည်။

**ကာလဝမ်းရောဂါ ဖြစ်ပွား**

ယခုအခါ ကင်ညာနိုင်ငံ၌ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ဖြစ်ပေါ်လာသည့် အကျပ်အတည်းများကြား ကျန်းမာရေးဆိုင်ရာစိုးရိမ်မှုများ မြင့်တက်နေချိန် မေ ၁၆ ရက်အထိ ကာလဝမ်းရောဂါ ဖြစ်ပွားနေသူ ၁၀၇ ဦးရှိသည်။

ထို့ပြင် ကျန်းမာရေးဝန်ကြီးဌာနသည် ကင်ညာကြက်ခြေနီအသင်းနှင့် ပူးပေါင်း၍ မာဆာဘစ်ဒေသ၌ ကာလဝမ်းရောဂါနှင့် အခြားရေကြောင့် ကူးစက်ပျံ့နှံ့သော ရောဂါဖြစ်ပွားမှုကို ထိန်းချုပ်ရန် ကြိုးပမ်းလျက်ရှိသည်။

ကင်ညာနိုင်ငံ၌ ၂၀၂၃ ခုနှစ် နှောင်းပိုင်းက ရေကြီးမှုများဖြစ်ပွားသဖြင့် လူ ၁၇၈ ဦးထက်မနည်း သေဆုံးပြီး ၄၄၂ ဦး ဒဏ်ရာရရှိကာ ထောင်နှင့်ချီသည့် လူများ နေရာပြောင်းရွှေ့ခဲ့ရသည်။ ဆိုးရွားသည့် ရေကြီးမှုများမှာ နိုင်ငံ၏ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းကို ပိုမိုဆိုးရွားလာစေခဲ့သည်။

ကိုးကား - ဆင်ဟွာ



ကင်ညာနိုင်ငံ၌ ဆည်ကျိုးကျမှုဖြစ်စဉ် ဖြစ်ပွားပြီးနောက် အပျက်အစီးများကို တွေ့ရစဉ်။

**ကင်ညာနိုင်ငံ၌ မိုးသည်းထန်စွာ ရွာသွန်းပြီး ရေကြီးမှုများကြောင့် ယခုအချိန်အထိ တိရစ္ဆာန်ကောင်ရေ ၁၀၀၀၀ နီးပါး ပျောက်ဆုံးနေဆဲဖြစ်သည်။ ရေဘေးကြောင့် မြေဧက ၄၁၀၀၀ ကျော်မှာလည်း ပျက်စီးခဲ့ရပြီး လမ်းများလည်း ပျက်စီးခဲ့**

**ကင်ညာနိုင်ငံ၌ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ဖြစ်ပေါ်လာသည့် အကျပ်အတည်းများကြား ကျန်းမာရေးဆိုင်ရာ စိုးရိမ်မှုများ မြင့်တက်နေချိန် မေ ၁၆ ရက်အထိ ကာလဝမ်းရောဂါဖြစ်ပွားနေသူ ၁၀၇ ဦးရှိ**

# ရွက်လှေအားကစားနည်းက လူနည်းစုအားကစားနည်းလည်းဖြစ်နေတော့ ရွက်လှေအားကစားနည်း ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ဆက်ပြီးကြိုးစားသွားမယ်၊ ရွက်လှေအားကစားကိုစိတ်ဝင်စားရင် စမ်းသပ်စီးနင်းကြပါလို့ဖိတ်ခေါ်ချင်ပါတယ်

ကိုစိုင်းပြည့်စုံဟိန်း

**(တွေ့ဆုံမေးမြန်း - နဒီမင်း၊ ဓာတ်ပုံ - ကျော်ကြီး)**

၁၉၂၄ ခုနှစ်မှ စတင်ခဲ့သော ရန်ကုန်ရွက်လှေအသင်းနှင့်အတူ ပေါ်ပေါက်လာသည့် မြန်မာ့ရွက်လှေ အားကစားသည် ယခု ၂၀၂၄ ခုနှစ်တွင် နှစ် ၁၀၀ (ရာပြည့်ကာလ)သို့ ချင်းနင်းဝင်ရောက်လာပြီဖြစ်သည်။

မြန်မာ့ရွက်လှေ အဖွဲ့ချုပ်ကြီးက ရွက်လှေအားကစား ရာပြည့်အကြို လှုပ်ရှားမှုများပြုလုပ်နေပြီး တစ်ဖက်တွင်လည်း ၂၀၂၅ ခုနှစ်တွင် ထိုင်းနိုင်ငံ၌ ကျင်းပမည့် (၃၃)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် ကမ္ဘာ့အဆင့်ဝင် ပြိုင်ဘက်အသင်းများအား အနိုင်ရရှိရေး အစွမ်းကုန်ကြိုးပမ်းနေချိန်ဖြစ်သည်။

နှစ် ၁၀၀ (ရာပြည့်အကြို)လှုပ်ရှားမှုအနေဖြင့် မြန်မာနိုင်ငံရွက်လှေအဖွဲ့ချုပ်ကြီးက ကြီးမှူးကျင်းပသည့် အမျိုးသားတံခွန်စိုက် ရွက်လှေပြိုင်ပွဲကြီးကို ရန်ကုန်မြို့ရှိ အင်းလျားကန်နှင့် ဧရာဝတီတိုင်းဒေသကြီး ငွေဆောင်ကမ်းခြေ (Ngwesaung Yacht Club & Resort) တွင် မတ် ၁၆ ရက်မှ မေ ၁၂ ရက်အထိ ကျင်းပခဲ့ရာ တာဝန်ရှိသူများနှင့် ဆုရရှိသူများ၏ ရင်တွင်းစကားသံများကို စုစည်းဖော်ပြလိုက်ပါသည်။

**မြန်မာနိုင်ငံရွက်လှေအားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးမောင်ဝင်း**




"အခုကျင်းပနေတဲ့ မြန်မာနိုင်ငံရွက်လှေအဖွဲ့ချုပ် အမျိုးသားတံခွန်စိုက်ပြိုင်ပွဲဆုပေးပွဲဟာဆိုရင် ရန်ကုန်ရွက်လှေအသင်း နှစ် ၁၀၀ ပြည့်နဲ့ တိုက်ဆိုင်တဲ့ ဂုဏ်ပြုအခမ်းအနားဖြစ်ပါတယ်။

မြန်မာနိုင်ငံ ရွက်လှေအဖွဲ့ချုပ်နဲ့ ရန်ကုန်ရွက်လှေအသင်းတို့ဟာ ရွက်လှေအားကစားဗဟိုပြု ဒင်္ဂါးပြားတစ်ပြားရဲ့ ခေါင်းနဲ့ပန်းလို ခွဲခြားမရပေမယ့် Nature က မတူပါဘူး၊ အဖွဲ့ချုပ်က အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနဲ့ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ကွပ်ကဲမှုအောက် Semi Government ဖြစ်ပြီး ရန်ကုန်ရွက်လှေအသင်းကတော့ Non- Profit Organization Member Club ဖြစ်ပါတယ်။ ၁၉၂၄ ခုနှစ်က အင်္ဂလိပ်ဘုရင်ခံ စတင်ဖွင့်လှစ်ခဲ့ပြီး ယခု ၂၀၂၄ ခုနှစ်ဟာ နှစ် ၁၀၀ ပြည့်မြောက်ပြီဖြစ်ပါတယ်။ 1961 2nd SEAP Games ရွက်လှေပြိုင်ပွဲကို ပထမဦးဆုံးကျွန်တော်တို့နိုင်ငံက ထည့်သွင်းကျင်းပခဲ့တဲ့ ရွက်လှေအားကစား ဦးဆောင်နိုင်ငံဖြစ်ပြီး Class နှစ်မျိုးစလုံး ရွှေတံဆိပ် ဆွတ်ခူးခဲ့သလို 1969, 5th SEAP Games ငပလီမှာလည်း ရွှေတံဆိပ် လေးခုစလုံး ဆွတ်ခူးနိုင်ခဲ့ပါတယ်။ 2013,27th SEA Games ငွေဆောင်မှာလည်း ရွှေနှစ်ခု၊ ငွေတစ်ခု၊ ကြေးတစ်ခု ဆွတ်ခူးပြီး ဂုဏ်သိက္ခာမြင့်မားစွာ လက်ခံကျင်းပနိုင်ခဲ့လို့ ပြိုင်ပွဲကြီးကြပ်သူများနဲ့ ပြိုင်ပွဲဝင်အားလုံးက ချီးကျူးထောမနာပြုခဲ့ကြပါတယ်။ 2025 Thai 33rd SEA Games မှာ ဒီအစဉ်အလာကောင်းတွေကို ထိန်းသိမ်းနိုင်ဖို့ အစွမ်းကုန် ကြိုးစားနေတဲ့ အချိန်နဲ့လည်း တိုက်ဆိုင်နေတဲ့ အချိန်ဖြစ်ပါတယ်။"

**ကိုစိုင်းပြည့်စုံဟိန်း(မြန်မာနိုင်ငံ ရွက်လှေအဖွဲ့ချုပ်-နည်းပြချုပ်)**

"အခုကျွန်တော်တို့ လက်ရှိပြိုင်သွားတဲ့ အမျိုးသားတံခွန်စိုက်ရွက်လှေပြိုင်ပွဲက အတန်း ၈ တန်းထိပါတယ်။ အတန်း ၈တန်းမှာ Optimist ခေါ်တဲ့ အသက် ၁၆



နှစ်အောက် တစ်ယောက်စီးလှေလေးတွေ ရယ်ပါတယ်။ ILCA-4 ရယ်၊ ILCA- 6 ကျား၊ မရယ်ပါတယ်။ သူတို့ပွဲတွေကိုကျတော့ ပြီးခဲ့တဲ့မတ်လမှာ ငွေဆောင်ပင်လယ်ပြင် လေ့ကျင့်ရေးအပြီးမှာ တစ်ခါတည်း ပြိုင်ပွဲ ပြုလုပ်ပေးခဲ့ပါတယ်။ အင်းလျားကန်မှာကျတော့ Rater ရယ်၊ Sharpie A ,B ,C အတန်း လေးတန်းက ဒီအင်းလျားကန်မှာပြိုင်ခဲ့တယ်။ ဒါကတော့ ကျွန်တော်တို့အဖွဲ့ချုပ်က နှစ်စဉ်ကျင်းပတဲ့ အကြီးဆုံးပြိုင်ပွဲတစ်ပွဲဖြစ်ပါတယ်။ လက်ရှိအားကစားသမားတွေနဲ့ ပြိုင်ပွဲဝင်တွေအပေါ်မှာတော့ အများကြီးအားရကျေနပ်မှု ရှိပါတယ်။ ကိုဗစ်မတိုင်မီနှစ်တွေက ပြိုင်ပွဲဝင်အရေအတွက်ထက် ပိုပြီးများလာတဲ့အတွက် အားရကျေနပ်မှုရှိတယ်၊ ကိုဗစ်နောက်ပိုင်းမှာတော့ အသက်အရွယ်အရရော၊ ကလေးတွေရော အများအားဖြင့် နားသွားတဲ့အခါကျတော့ ကိုဗစ်အလွန် ၂၀၂၂ ခုနှစ်မှ ပြန်ပြီးထူထောင်တဲ့ အနေ အထား၊ ၂၀၂၂ ခုနှစ်မှ သင်တန်းတွေ ပြန်ပြီးဖွင့်ကျတာ၊ အဲဒါကြောင့်မို့ အားကစားသမားတွေ ပြန်ပြီးရရှိလာတဲ့ အနေ အထားဖြစ်လာတာ၊ အခုအနေ အထားအရဆိုရင် အားရကျေနပ်မှုရှိပါတယ်။

ဒီလက်ရှိ အားကစားသမားတွေထဲကမှ SEA Games ပြိုင်ပွဲအတွက် ဆက်လက် လေ့ကျင့်ပေးသွားဦးမှာ ဖြစ်ပါတယ်။ ရန်ကုန်ရွက်လှေအသင်းရဲ့ နှစ် ၁၀၀ ပြည့်လည်းဖြစ်သလို၊ ရွက်လှေအားကစားရဲ့ ရာပြည့်ပွဲလို့လည်းပြောလို့ရတယ်၊ ဒါကြောင့်ကြွခဲ့ပါပဲ၊ ဒီအချိန်ကာလမှာ ဒီကလပ်မှာ ရှိနေတဲ့လူတွေအတွက်ပေါ့နော်၊ ကြုံတောင့်ကြုံခဲဖြစ်လို့ အလွန်ပဲ ဝမ်းသာပါတယ်၊ ကျွန်တော်တို့ ရွက်လှေအားကစားနည်းကတော့ လူနည်းစု အားကစားနည်းလည်းဖြစ်နေတော့ သိတဲ့သူလည်း နည်းပါတယ်။ ရွက်လှေအားကစားနည်း ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ကျွန်တော်တို့ ဆက်ပြီးကြိုးစားသွားမယ်၊ ကျွန်တော်တို့ ရည်မှန်းချက်ပန်းတိုင်မှာလည်းပါတယ်။ တခြားသူတွေအနေနဲ့လည်း ရွက်လှေအားကစားကို စိတ်ဝင်စားရင် စမ်းသပ်စီးနင်းကြပါလို့ ဖိတ်ခေါ်ချင်ပါတယ်။"

**ကိုဇော်မြင့်သန်း( ဆုရ အားကစားသမား)**

"ကျွန်တော်ပြိုင်ပွဲပေါင်း ငါးပွဲပြိုင်ရတယ်။ ပထမဦးဆုံး သုံးပွဲမှာ ပထမ သုံးခါဆက်တိုက်ရတယ်။ ပထမရက်မှာပဲ သုံးခါဆက်တိုက်ရတော့ ကိုယ့်ကိုယ်ကိုယ် သေချာပြီလို့ ထင်ခဲ့ပေမယ့် ဒုတိယနေ့ပွဲမှာ လေတွေက ကိုယ့်အတွက်မဖြစ်တဲ့ အခါကျတော့ အခြားသူရဲ့ အမှတ်တိုင်းဖြစ်သလောက်နီးပါး ဖြစ်သွားတယ်ပေါ့။ ဒုတိယနေ့မှာတော့ တော်တော်ခက်ခက်ခဲခဲပြိုင်ခဲ့ရတယ်။ Sharpie C မှာ ကျွန်တော်တို့အားလုံး ပြိုင်ကြတာ ၁၄ ယောက်ပြိုင်ကြတာ။ တစ်ယောက်ကမလာတော့ ၁၃ စင်းပြိုင်တာ၊ အားလုံးငါးပွဲပြိုင်ရာမှာ ပျမ်းမျှအမှတ် အနည်းဆုံးနဲ့ ကျွန်တော်ပထမရတယ်။ ကျွန်တော်တို့ရွက်လှေအားကစားမှာဆိုရင်လည်း ဟိုအရင်အာဆီယံတွေမှာ ကိုစည်သူတို့၊ ဆရာအောင်မြင်သူတို့ လက်ထက်ကတော့ တောက်လျှောက် ရွှေတွေရခဲ့တာပေါ့။ မြန်မာဆိုရင် အာဆီယံရွက်လှေမှာ ရွက်လှေကတော့ အကောင်းဆုံးထိပ်တန်းမှာ တကယ့်နိုင်ငံခြား Training တွေ၊ ဥက္ကဋ္ဌကြီးရဲ့ ပံ့ပိုးမှုတွေနဲ့တောက်လျှောက်ကောင်းခဲ့ကြတယ်။ ဒါပေမယ့် အခုနောက်ပိုင်းမျိုးဆက်တွေမှာတော့ ဆုတံဆိပ် အနေနဲ့ အာဆီယံအဆင့်မှာတော့ ရွှေတွေမရခဲ့ဘူး။ အခုလတ်တလောမှာ ကလေးတွေ ၁၀နှစ်တန်းတွေ၊ ၁၂ နှစ်တန်းတွေ နိုင်ငံတကာပွဲတွေ တောက်လျှောက်သုံးလတစ်ကြိမ်လောက်ကို ထွက်ပြီးတော့ အား/ကာကလည်း အကုန်အကျခံတယ်၊ ဒီဘက်ကလည်း တတ်နိုင်တဲ့ဘက်က အကုန်လုံးစုထည့်ပြီးတော့ နည်းနည်းလေးတော့ နိုင်ငံတကာတန်းတော့ ပြန်ဝင်လာပြီ၊ မကြာခင်ကိုစည်သူတို့ ရခဲ့တဲ့အချိန်ရွှေခေတ်ကိုတော့ ပြန်ရောက်မယ်လို့တော့ ယူဆပါတယ်။

ကျွန်တော်တို့ အသက်အရွယ်ဆိုရင် အခု ၄၅ နှစ်ရောက်ပြီဆိုတော့ အာဆီယံပြိုင်ပွဲတွေ၊ အခြားနိုင်ငံတကာအဆင့်ပြိုင်ပွဲတွေ မှန်းလို့မရတော့ပါဘူး။ နောက်လာမယ့်မျိုးဆက်အတွက် ရွက်လှေအားကစားက အခြားအားကစားတွေနဲ့ မတူဘူး။ ရွက်လှေမှာတော့ ရန်ကုန်ရွက်လှေအသင်းရှိနေတဲ့အတွက် ဟိုးနှစ်က ရွှေရခဲ့တဲ့သူတွေက အခုချိန်မှာ လက်ပွန်းတတီး တိုက်ရိုက်ပို့ချလို့ရတယ်။ အဲ့ဒီအတွက် ကလေးတွေအလားအလာလည်းကောင်းမယ်။ ရွှေရခဲ့တဲ့ မျိုးဆက်တွေကလည်း သေသေချာချာ သင်ပေးနိုင်တဲ့အတွက် ဒီအားကစားကို ကျွန်တော်တို့မြန်မာနိုင်ငံမှာ အလားအလာအရှိဆုံး အားကစားလို့၊ မကြာခင်ကာလမှာ နောက်ထပ် ရွှေတွေ၊ ငွေတွေ ထပ်ယူလို့ရမယ့် အားကစားမကြာခင်ကာလမှာ ဖြစ်လာလိမ့်မယ်လို့ ယုံကြည်ပါတယ်။"

**မောင်ထက်လင်းဇော် (ဆုရအားကစားသမား)**

"ပြိုင်ပွဲအမျိုးအစား လေးမျိုးဝင်ပြိုင်ထားတယ်။ ပထမဦးဆုံး သုံးလပိုင်း ငွေဆောင် (ILCA – 6 men fleet ) မှာ ယှဉ်ပြိုင်ထားပြီးတော့ ပထမရထားပါတယ်။ ပြီးတော့ ဒီအင်းလျားကန်မှာပဲ Sharpie B မှာတော့ ဒုတိယရထားပါတယ်။ Rater မှာကျတော့ ဒုတိယရထားပါတယ်။ အသက်က ၁၈ နှစ်ပါ။ ရွက်လှေအားကစားနဲ့ ပတ်သက်ပြီးတော့ အကောင်းဆုံးဖြစ်ချင်တာပေါ့။ ဒီနိုင်ငံတကာပွဲတွေမှာ ဆုရဖို့အထိ ရည်ရွယ်ထားတယ်။ ရွက်လှေကို ၂၀၁၆ ခုနှစ်ကတည်းက စစီးတာပါ။ အဲဒီတုန်းက အသက် ၁၆ နှစ်အောက်မှာစီးရမယ့် Optimist ဆိုတဲ့လှေမှာ လေးနှစ်လောက်စီးခဲ့ပြီး နိုင်ငံတကာပွဲတွေပြိုင်တယ်၊ ၂၀၁၇ မလေးရှား Sea Games ၊ ၂၀၁၉ ခုနှစ် ဖိလစ်ပိုင် Sea Games တွေမှာ ဝင်ပြိုင်ထားတယ်။ အခြား ဖိတ်ခေါ်ပြိုင်ပွဲတွေ၊ World Championship, Asian & Oceanian ပြိုင်ပွဲတွေမှာ ဝင်ပြိုင်ထားပါတယ်။ နိုင်ငံတကာပွဲတွေ ဝင်ပြိုင်တုန်းက ၂၀၁၈ ဟောင်ကောင်မှာလုပ်တဲ့ ပွဲမှာတော့ ယောကျ်ားလေး Overall မှာ တတိယရတယ်။ Under 12 မှာ ပထမရထားပါတယ်။ ၂၀၁၈ ခုနှစ် စင်ကာပူ National Championship မှာလည်း Under 12 မှာ ဒုတိယရထားပါတယ်။

ရွက်လှေအားကစားကျတော့ တခြားအားကစားနည်းတွေနဲ့ လုပ်ရတာချင်း တူတယ်ဆိုပေမယ့် ရွက်လှေမှာက ကိုယ့်ရဲ့ ကြံ့ခိုင်မှုတွေ လိုအပ်သလို၊ တွေးခေါ်မှုအပိုင်းကအစ လိုအပ်တယ်။ ပြိုင်ပွဲတစ်ပွဲ ဝင်ပြိုင်ပြီဆိုကတည်းက လှုပ်ရှားမှုတွေ ဘာတွေစပြီးတော့ ခန္ဓာကိုယ်တစ်ခုလုံး အသုံးပြုရသလို ဦးနှောက်ကလည်း ကြိုပြီးခန့်မှန်းရတယ်။ ရွက်လှေက နှစ် ၁၀၀ ပြည့်ပြီဆိုတော့ ရှေ့ကစပြီးလုပ်ခဲ့တဲ့ လူကြီးတွေ သူတို့တွေ ကြိုးစားပမ်းစားလုပ်ခဲ့လို့ ထင်ပါတယ်။ သူတို့တွေ အစဉ်အဆက်ထိန်းသိမ်းလာလို့လည်း ဒီအချိန်ထိ ဖြစ်လာတာ၊ လေးစားမိပါတယ်၊ ကိုယ်တွေကလည်း ရှေ့က လူကြီးတွေကြိုးစားခဲ့သလို ဆက်ပြီးကြိုးစားမှ အစွန့်ရှည်မှာပါ။"

**မောင်ခွန်ထွန်းဦး(ဆုရအားကစားသမား)**

"ဝင်ပြိုင်ခဲ့တာကတော့ ပြိုင်ပွဲ နှစ်ခုပေါ့။ ဆုရခဲ့တာကတော့ Sharpie B မှာချန်ပီယံပေါ့။ ပြိုင်ပွဲတွေက ငယ်ငယ်ကတည်းကပြိုင်တာ အသက် ကိုးနှစ်ကတည်းက လှေစစီးတာပါ။ နိုင်ငံတကာပြိုင်ပွဲတွေ ဝင်ပြိုင်ဖူးပါတယ်။ ဆုရခဲ့တာမရှိပါဘူး။ စင်ကာပူ National Champion- ship ရယ်၊ ထိုင်းပတ္တရားပြိုင်ပွဲ၊ လာမယ့်ပြိုင်ပွဲတွေမှာလည်း အကောင်းဆုံးကြိုးစားသွားမှာပါ။ ထိုင်းနိုင်ငံမှာကျင်းပမယ့် Sea Games ပြိုင်ပွဲမှာလည်း အကောင်းဆုံးယှဉ်ပြိုင်သွားမှာပါ၊ ဆုတံဆိပ်တွေ ရလာမယ်လို့ မျှော်လင့်မိပါတယ်။"

## ကျိုက်လတ်မြို့၌ အခြေခံပညာကျောင်းများ ဖွင့်လှစ်သင်ကြားနိုင်ရေး ကြိုတင်ပြင်ဆင်လျက်ရှိ

**ကျိုက်လတ် မေ ၁၈**

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်း ၁၉၈ ကျောင်း၌ ကျောင်းနေအရွယ် ကလေးများ အားလုံး ကျောင်းအပ်နှံရေးနှင့် ပညာ သင်ကြားနိုင်ရေးအတွက် အခြေခံပညာ ကျောင်းများ ဖွင့်လှစ်ချိန်အမီ ကြိုတင်ပြင်ဆင်မှုများအဖြစ် ကျောင်းပတ်ဝန်းကျင်အား စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခြင်း၊ ရေစီးရေလာကောင်းမွန်စေရေးနှင့် ခြင်အန္တရာယ်ကင်းရှင်းရေး၊ သန့်ရှင်းသော သောက်သုံးရေရရှိရေး လုပ်ငန်းများကို စုပေါင်း ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ကျောင်းနှင့် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာရေး လုပ်ငန်းများ စုပေါင်းဆောင်ရွက်ခြင်းကို ကျိုက်လတ်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် အခြေခံပညာဦးစီးဌာန ဦးဆောင်မှုဖြင့် ဒေသခံများနှင့် ကျောင်းကော်မတီဝင်များက ယနေ့နံနက်ပိုင်းက စတင်၍ တစ်မြို့နယ်လုံး တစ်ပြိုင်တည်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **လှိုင်မင်းအောင်**

## ဘင်္ဂလားပင်လယ်အော်အခြေအနေ

**နေပြည်တော် မေ ၁၈**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

**မိုး/ဇလ**

# ကလောမြို့မှာ နှစ်ရက်သာကျင်းပမယ့် မြို့ရဲ့အထင်ကရ

# ဆုတောင်းပြည့် နှီးဘုရားပွဲတော်

ယဉ်လာဒ်

**ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့ဟာ ထင်းရှူးရနံ့တွေနဲ့ အေးမြတဲ့ တောင်ပေါ်မြို့လေးလို့ ခရီးသွားအများစု ရင်းနှီးကျွမ်းဝင်ထားတဲ့ မြို့တော်တစ်ခု ဖြစ်ပါတယ်။ လက်ရှိအချိန်မှာတော့ ကလောမြို့ရဲ့ ရိုးရာပွဲတော်တစ်ခုဖြစ်တဲ့ ဆုတောင်းပြည့် နှီးဘုရားပွဲတော်ကိုကျင်းပနေပါပြီ။**



ခရီးသွားမြို့တော် တစ်ခုဖြစ်တဲ့ ကလောမြို့ကိုရောက်ပြီဆိုရင် အထင်ကရ လည်ပတ်စရာတွေ များစွာရှိပါတယ်။ အဲဒီအထဲကမှ ခရီးသွားတွေ အရင်ဦးဆုံး မဖြစ်မနေ သွားရောက်လေ့ရှိကြတဲ့ နေရာကတော့ ကလောမြို့ (၈)ရပ်ကွက်ထဲက နှီးဘုရားလမ်းမပေါ်မှာ တည်ရှိတဲ့ မြို့ရဲ့အထင်ကရ နှီးဘုရား ဖြစ်ပါတယ်။

### ဒုံးလွှတ်ပွဲတော်

"ဆုတောင်းပြည့် နှီးဘုရားပွဲတော်က ကလောမြို့ရဲ့ အထင်ကရပွဲတော်လေ။ နှစ်စဉ် ကဆုန်လဆန်း ၁၃ ရက်နေ့မှာ ကျင်းပကြပါတယ်။ အရင်တုန်းကဆို မီးရှူး မီးဒုံးကြီးတွေ ပစ်လွှတ်ပြီး ကျင်းပခဲ့တာပါ။ အခုကတော့ အလွန်မကြီးဘဲ သေးသေးလေးတွေ ပါမယ်ထင်ပါတယ်။ ရိုးရာပွဲတော်တစ်ခုဖြစ်ပြီး တချို့ကတော့ ဒုံးလွှတ်ပွဲတော်လို့ ခေါ်ကြပါတယ်။ နှစ်တိုင်း ပွဲတော်နေ့ဆိုရင် နှီးဘုရားကို သွားရောက် ဖူးမြော်ကြပါတယ်"လို့ ကလောမြို့ (၉)ရပ်ကွက်နေ ဒေသခံ ဒေါ်နီနီအောင်က စာရေးသူကို ပြောပြပါတယ်။

နှီးဘုရားပွဲတော်ကို မေ ၁၉ ရက်ကနေ ၂၀ ရက်အထိ နှစ်ရက်တည်းသာ ကျင်းပပြီး စည်ကားလှတဲ့ ပွဲတော်ဖြစ်ကာ ဒေသခံလူငယ်တွေရဲ့ ကပြသီဆိုမှုတွေနဲ့ ပျော်စရာပွဲတော်တစ်ခုလည်း ဖြစ်ကြောင်း (၃)ရပ်ကွက်နေ ဒေသခံတစ်ဦးက စာရေးသူကို ပြောပြပါတယ်။

### ရှေးဟောင်းရုပ်ပွားတော်မြတ် ကလောနှီးဘုရားကြီး

လွန်ခဲ့တဲ့ နှစ်ပေါင်း ၅၀၀ ကျော်ခန့်က ရက်လုပ်ခဲ့တဲ့ ရှေးဟောင်းရုပ်ပွားတော်မြတ် ကလောနှီးဘုရားကြီးဟာ ဉာဏ်တော် ရှစ်ပေ လေးလက်မရှိပြီး ဘူမိဖဿမုဒြာပုံတော် ဖြစ်ပါတယ်။ ဘွဲ့တော်အနေနဲ့ မဟာမုနိနှီးဘုရားလို့ ခေါ်ဆိုကြပါတယ်။ ဟိုးအရင်တုန်းကတော့ ကလောမြို့ ပင်မာကုန်းကျေးရွာမှာ သစ်စေးသုတ်ပြီး ပူဇော်ထားရှိခဲ့တယ်လို့ ဆိုပါတယ်။ အခုအချိန်မှာတော့ လက်ရှိ နှီးဘုရားကြီးတည်ရှိရာ ဂန္ဓကုဋိတိုက်ကြီးအတွင်းမှာ ရွှေသင်္ကန်းကပ် ရုပ်ပွားတော်အဖြစ် ထားရှိပူဇော်ထားပါတယ်။

ခရီးသွားဧည့်သည် အများစုကတော့ ကလောမြို့ကို ရောက်ပြီဆိုရင် ပထမဆုံး ကလောနှီးဘုရားကြီးဆီကို သွားရောက်ဖူးမြော်ကြပါတယ်။ ရွှေသင်္ကန်းကပ် ရုပ်ပွားတော်အဖြစ် ထားရှိပူဇော်ထားတဲ့ နှီးဘုရားကြီးကို ဖူးမြော်ပြီး ဆရာလေးတွေ ကျွေးမွေးဧည့်ခံကြတဲ့ ရေနွေးကြမ်းနဲ့ လက်ဖက်ကို စားသောက်ရင်း နားနားနေနေနေကာ ဖူးမြော်ကြလေ့ရှိတာက



ကလောမြို့ နှီးဘုရားကြီးအား လာရောက်ဖူးမြော်နေကြသော ပြည်တွင်းခရီးသွားများ။

ရိုးရာတစ်ခုလို ဖြစ်နေပါပြီ။

### နှီးဘုရားကြီး၏ ထူးခြားချက်များ

နှီးနဲ့ရက်လုပ်ထားပေမယ့် နှစ်ပေါင်းများစွာကြာသည့်တိုင်အောင် မပျက်စီးခြင်း၊ မီးကွင်းခြင်း၊ ဆုတောင်းပြည့်ခြင်း စတဲ့ ထူးခြားချက်တွေ ရှိတာကြောင့် အနယ်နယ်အရပ်ရပ်မှ လာရောက် ဘုရားဖူးသူတွေနဲ့ စည်ကားတဲ့ နေရာတစ်ခုလို့လည်း ဆိုနိုင်ပါတယ်။

"မေ ၁၈ ရက် ညနေ ၃ နာရီမှာ နှီးဘုရားကြီးကို ဆွမ်းတော်ကြီးဆန်ကပ်လှူပါမယ်။ ၁၉ ရက်ကစပြီး ပွဲတော်ရက် ဖြစ်ပါတယ်။ တာတက်ပွဲတွေ ပါပါမယ်"လို့ ကလောမြို့ရဲ့ (၈)ရပ်ကွက် ဥက္ကဋ္ဌက စာရေးသူကို ပြောပါတယ်။

### ဟိုတယ်အခန်းခဈေးနှုန်းတွေ လျှော့ချပေးထား

ဒါ့အပြင် ကလောမြို့ရဲ့ သဘာဝအလှတရားကို ခံစားချင်သူတွေအတွက် ခရီးသွားဧည့်သည်တွေ မဖြစ်မနေ သွားရောက်လည်ပတ် ဖူးမြော်ကြတဲ့ နှီးဘုရားဆီသွားရာလမ်းမပေါ်က ကုန်းမြင့်ပေါ်မှာ Private ဆန်ဆန် တည်ဆောက်ထားတဲ့ ကလောအိမ်ဟိုတယ်ကလည်း ဟိုတယ်အခန်းခဈေးနှုန်းတွေကို လျှော့ချပေးထားကြောင်း ဟိုတယ်ရဲ့တာဝန်ရှိသူက စာရေးသူကို ပြောပြပါတယ်။

**ကလောမြို့မှာ ဆုတောင်းပြည့် နှီးဘုရားအပြင် ခရီးသွားတွေ သွားရောက် လည်ပတ်ကြတဲ့ အခြားနေရာတွေလည်း အများအပြား ရှိပါတယ်။ Kalaw City View၊ သိမ်တောင်၊ Hill top Villa၊ မနောလှ၊ Kalaw View point၊ Kalaw Cafeyard၊ အိုးစည်တောင်၊ ဗျိုက်တောင်၊ ပင်းဒယ၊ ရှာင်အသွားလမ်း၊ မြင်းမူကုန်းနဲ့ အလွမ်းတောင် တို့ကတော့ ပြည်တွင်းခရီးသွား ဧည့်သည်တွေ သွားရောက် လည်ပတ်မှုများတဲ့ နေရာတချို့ ဖြစ်ပါတယ်**

ကလောမြို့မှာ ဆုတောင်းပြည့် နှီးဘုရားအပြင် ခရီးသွားတွေ သွားရောက်လည်ပတ်ကြတဲ့ အခြားနေရာတွေလည်း အများအပြားရှိပါတယ်။ Kalaw City View၊ သိမ်တောင်၊ Hill top Villa၊ မနောလှ၊ Kalaw View point၊ Kalaw Cafeyard၊ အိုးစည်တောင်၊ ဗျိုက်တောင်၊ ပင်းဒယ၊ ရှာင်အသွားလမ်း၊ မြင်းမူကုန်းနဲ့ အလွမ်းတောင်တို့ကတော့ ပြည်တွင်း ခရီးသွားဧည့်သည်တွေ သွားရောက်လည်ပတ်မှုများတဲ့ နေရာတချို့ ဖြစ်ပါတယ်။

နှစ်စဉ် ကလောမြို့ကို သွားရောက်လည်ပတ်တဲ့ ခရီးသွားတစ်ဦးကတော့ "ကလောမြို့ရဲ့ ညနေဆည်းဆာအလှကို သိမ်တောင်ပေါ်ကနေ ကြည့်တယ်။ ကလောတစ်မြို့လုံးကို အပေါ်စီးကနေ ကြည့်လို့ရတဲ့ Sightseen တစ်ခုပါ။ နှီးဘုရားကြီးဆီကို သွားရောက်ဖူးမြော်တယ်။ Kalaw Cafeyard ကို သွားတယ်။ ကလောမြို့ကိုရောက်ရင် အမြဲတမ်း ဒီနေရာတွေကိုတော့ သွားဖြစ်ပါတယ်" လို့ စာရေးသူကို ပြောပြပါတယ်။

လွမ်းမောဖွယ်ရာ ကောင်းလှတဲ့ တောင်တန်းတွေကြားမှာ ဒယ်အိုးပုံသဏ္ဌာန်တည်ရှိနေတဲ့ ကလောမြို့လေးကို လာရောက်လည်ပတ်ကြတဲ့ ပြည်တွင်းခရီးသွားတွေအနေနဲ့ ကလောမြို့မှာ နှစ်စဉ်နှစ်တိုင်း မေ ၁၉ ရက်နဲ့ ၂၀ ရက်မှာ ကျင်းပကြတဲ့ နှီးဘုရားပွဲတော်ကိုလည်း တစ်ခါတစ်ခေါက် လာရောက်လည်ပတ်နိုင်စေဖို့ ဒီတစ်ပတ်ရဲ့ ခရီးသွားလမ်းညွှန်အနေနဲ့ ဖော်ပြပေးလိုက်ပါတယ်။ ။

**နှီးဘုရားကြီးကို ဖူးမြော်ပြီး ဆရာလေးတွေ ကျွေးမွေးဧည့်ခံကြတဲ့ ရေနွေးကြမ်းနဲ့ လက်ဖက်ကို စားသောက်ရင်း နားနားနေနေနေကာ ဖူးမြော်ကြလေ့ရှိတာက ရိုးရာတစ်ခုလို ဖြစ်နေပါပြီ။ နှီးနဲ့ရက်လုပ်ထားပေမယ့် နှစ်ပေါင်းများစွာကြာသည့်တိုင်အောင် မပျက်စီးခြင်း၊ မီးကွင်းခြင်း၊ ဆုတောင်းပြည့်ခြင်း စတဲ့ထူးခြားချက်တွေရှိတာကြောင့် အနယ်နယ်အရပ်ရပ်မှ လာရောက် ဘုရားဖူးသူတွေနဲ့ စည်ကားတဲ့ နေရာတစ်ခုလို့လည်း ဆိုနိုင်ပါတယ်**




## ကောဒသမအကြိမ် သုတစုံလင် ဗုဒ္ဓဝင်ဖြေဆိုပူဇော်ပွဲအတွက် အလှူငွေပေးအပ်

**ရန်ကုန် မေ ၁၈**

ကောဒသမအကြိမ် သုတစုံလင်ဗုဒ္ဓဝင် ဖြေဆိုပူဇော်ပွဲကြီးအတွက် ပထမအကြိမ် အလှူတော်ငွေပေးအပ်လှူဒါန်းပွဲကို ယနေ့မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ဗဟန်းမြို့နယ် ကြားတောရလမ်း တိုင်းဒေသကြီး သံဃနာယက အဖွဲ့ရုံးဝင်းအတွင်းရှိ မေတ္တာပြည့်ဝသာသနာပြုအဖွဲ့ ဗိမာန်တော်၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံလုံးဆိုင်ရာ သုတစုံလင်ဗုဒ္ဓဝင်အဖွဲ့(ဗဟို) နာယက ဓမ္မဂုဏ်ရည်ကျောင်းဆရာတော် ဘဒ္ဒန္တဝိလာသ(ဓမ္မစာဆိုရှင် စာရေးဆရာ ဝေမိုးကျွန်းလှ)အရှင်သူမြတ်ထံမှ ဥပုသ်ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံလုံးဆိုင်ရာ သုတစုံလင် ဗုဒ္ဓဝင်အဖွဲ့(ဗဟို) ဥက္ကဋ္ဌ ဆရာတော်ဒေါက်တာပဏ္ဍိတာဘိဝံ့က ကောဒသမအကြိမ် သုတစုံလင်ဗုဒ္ဓဝင် ဖြေဆိုပူဇော်ပွဲကြီးဆိုင်ရာ လုပ်ငန်းကိစ္စများကို ရှင်းလင်းတင်ပြမြွက်ကြားသည်။

ထို့နောက် အလှူရှင်များလှူဒါန်းထားသော စုစုပေါင်း အလှူတော်ငွေကျပ်သိန်း ၃၀၀ ခန့် ပေးအပ်လှူဒါန်းရာ သုတစုံလင် ဗုဒ္ဓဝင် အဖွဲ့ (ဗဟို)နာယက ဒုတိယပါမောက္ခချုပ်(သင်ကြား/စီမံ)(ငြိမ်း) ဦးစိန်မော်နှင့် နာယကဘဏ္ဍာရေးမှူး ဒေါက်တာမြသီတာဆွေတင်တို့ ကလက်ခံရယူကာ(**အပေါ်ပုံ**) ကျေးဇူးတင်ဝမ်းမြောက်စကားပြောကြားသည်။ ကောဒသမအကြိမ် သုတစုံလင်ဗုဒ္ဓဝင် ဖြေဆိုပူဇော်ပွဲကြီးကို ပြည်နယ် နှင့် တိုင်းဒေသကြီးများမှ ဖြေဆိုပူဇော်ကြမည့် မူလတန်း၊ အလယ်တန်း၊ ဗုဒ္ဓဝံသဒီပလိုမာတန်းများ၏ ဖြေဆိုပူဇော်ပွဲကြီးနှင့် ဘွဲ့နှင်းသဘင် အခမ်းအနားများကို အမျိုးသားဇာတ်ရုံ(ရန်ကုန်)၌ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် လာမည့် မေ ၂၈ ရက်နှင့် ၂၉ ရက်တို့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်မည်ဖြစ်သည်။ **အာကာလင်း**

## စာသင်ကျောင်းများ၌ သွေးလွန်တုပ်ကွေး ကာကွယ်နိုင်ရန် အဘိတ်ဆေးများခတ်ပေး

**ကြံခင်း မေ ၁၈**

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ် ဘက်ရဲမြို့ရှိ အခြေခံပညာကျောင်း ငါးကျောင်း၌ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် အဘိတ်ဆေးခတ်ခြင်းလုပ်ငန်းကို မေ ၁၇ ရက်က ဆောင်ရွက်သည်။

အဘိတ်ဆေး ခတ်ခြင်း လုပ်ငန်းကို ဘက်ရဲမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးအောင်ကိုကို ဦးဆောင်မှုဖြင့် (အထက) ဘက်ရဲကျောင်း၊ (အမက)ကျုံးစု၊ (အမက) ရွှေကျောင်း၊ (အမက) ကိုးအင်း၊ (အမက) လက်ပံတိုက်ကျောင်းများ၌ ဆောင်ရွက်ခြင်းဖြစ်သည်။ ကျောင်းဖွင့်ချိန်တွင် ကျောင်းသားကျောင်းသူများ ခြင်အန္တရာယ်ကင်းဝေးစေရန်နှင့် ခြင်ကြောင့်ဖြစ်ပွားနိုင်သော သွေးလွန်တုပ်ကွေးရောဂါ၊ ငှက်ဖျားရောဂါအန္တရာယ်မှ ကင်းဝေးစေရန် ရေသိုလှောင်ကန်များ၊ ရေတိုင်ကီနှင့် ကျောက်စည်ပိုင်းများတွင် အဘိတ်ဆေးခတ်ပြီး သက်ဆိုင်ရာကျန်းမာရေးဌာနမှ ဆရာ ဆရာမများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ စုပေါင်းဆောင်ရွက်ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ဗုဒ္ဓဘာသာကလျာဏယုဝအသင်းYMBA(ဗဟို)မှ ဖွဲ့စည်းထားသော သဘာဝဘေးအန္တရာယ် ကယ်ဆယ်ရေးအဖွဲ့၏ (၁)နှစ်ပြည့် အခမ်းအနားကျင်းပ

**ရန်ကုန် မေ ၁၈**

ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း YMBA(ဗဟို) မှ ဖွဲ့စည်းထားသော သဘာဝဘေးအန္တရာယ် ကယ်ဆယ်ရေးအဖွဲ့၏(၁)နှစ်ပြည့် အခမ်းအနားနှင့် အဖွဲ့၏ ရုံးသစ်ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့ ရွှေတိဂုံဘုရားခြေတော်ရင်းရှိ YMBA ဗဟိုရုံးဝင်း၌ ကျင်းပသည်။



ဦးစွာ အခမ်းအနားကို "နမော တဿ" သုံးကြိမ်ရွတ်ဆိုဖွင့်လှစ်ပြီး ဥပုသ်ပရိသတ်များက အင်းစိန်ရွာမပရိယတ္တိစာသင်တိုက် အင်းစိန်ရွာမ ဆရာတော်ဘဒ္ဒန္တတိလောကာဘိဝံသထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်များအား ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA(ဗဟို) ဥက္ကဋ္ဌ ဦးရဲထွန်းနှင့် တာဝန်ရှိသူများက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြကာ သြဝါဒစရိယ၊ တိပိဋကရေ ဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ၊ တိပိဋကရေ တိပိဋကကောဝိဒ ရွှေးချယ်ရေး အဖွဲ့သြဝါဒစရိယ ဘဒ္ဒန္တဝါယာမိန္ဒာဘိဝံသ (ရေစကြိုဆရာတော်)ထံမှ တက်ရောက် လာကြသူများက ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ရေစက်ချအနုမောဒနာ တရားနာယူကြသည်။

သဘာဝ ဘေးအန္တရာယ် ကယ်ဆယ်ရေးအဖွဲ့၏ ရုံးသစ်ကို (YMBA) ဥက္ကဋ္ဌ ဦးရဲထွန်းနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ (**အပေါ်ပုံ**)

ဗုဒ္ဓဘာသာကလျာဏ ယုဝအသင်း YMBA ကို ၁၉၀၆ ခုနှစ် မေ ၁၀ ရက်က စတင်တည်ထောင်ခဲ့ပြီး အမျိုးဘာသာသာသနာ ပညာရပ်များ၏ အကျိုးစီးပွားကို ကြိုးစား ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## လယ်ဝေးမြို့နယ် ပျံချီအခြေခံပညာအထက်တန်းကျောင်း၌ စက်မှုနည်းပညာဘာသာရပ်များအတွက် သင်ကြားသင်ယူမှုဆိုင်ရာကိစ္စရပ်များ ရှင်းလင်းဆွေးနွေး

**လယ်ဝေး မေ ၁၈**

ပြည်ထောင်စုနယ်မြေ နေပြည်တော် လယ်ဝေးမြို့နယ် ပျံချီကျေးရွာအုပ်စု ပျံချီကျေးရွာ အခြေခံပညာနှင့်စက်မှု-စိုက်ပျိုး-မွေးမြူရေးအထက်တန်းကျောင်း၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် စက်မှုနည်းပညာ ဘာသာရပ်များအတွက် သင်ကြားသင်ယူမှုဆိုင်ရာ ကိစ္စရပ်များ ရှင်းလင်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက အဆိုပါကျောင်း၌ ကျင်းပသည်။



### လေ့ကျင့်မွေးထုတ်

ရှေးဦးစွာ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန နည်းပညာသက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဒွေးသွင်ကနိုင်ငံတော်နှင့် ပုဂ္ဂလိကကဏ္ဍတို့၏ လိုအပ်ချက်များကို ပြည့်မီစေရေးအတွက် အရည်အသွေးပြည့်ဝသော နည်းပညာနှင့် သက်မွေးပညာဆိုင်ရာ ကျွမ်းကျင်အတတ်ပညာရှင်များနှင့် ကျွမ်းကျင်လုပ်သားများကို လေ့ကျင့်မွေးထုတ် ပေးလျက်ရှိကြောင်း၊ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် အခြေခံပညာနှင့် စက်မှု-စိုက်ပျိုး-မွေးမြူရေးအထက်တန်းကျောင်း ၅၁ ကျောင်း၊ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်၊ အခြေခံပညာနှင့် စက်မှု-စိုက်ပျိုး-မွေးမြူရေး အထက်တန်းကျောင်း ၃၄ ကျောင်း စုစုပေါင်း ၈၅ ကျောင်းတို့ကို တိုးချဲ့ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

### ရှင်းလင်းဆွေးနွေး

ဆက်လက်၍ လက်ရှိဖွင့်လှစ်ထားသည့် အခြေခံပညာနှင့် စက်မှု- စိုက်ပျိုး -မွေးမြူရေး အထက်တန်းကျောင်းများ အပါအဝင် ဆက်လက်ဖွင့်လှစ်မည့် ကျောင်းများ၏ သတ်မှတ်ချက်မူများ၊ သင်ရိုးညွှန်းတမ်းများ၊ ဘာသာရပ်များ၊ အခွင့်အလမ်းများ၊ ထောက်ပံ့ပေးအပ်နိုင်မည့် အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးခြင်း၊ Grade-9 အောင်မြင်သော ကျောင်းသားကျောင်းသူများ တက်ရောက်ပညာသင်ကြားနိုင်ရေးနှင့် စက်မှု-စိုက်ပျိုး-မွေးမြူရေး အထက်တန်းကျောင်းမှ သင်ယူပြီးမြောက်ပါက ဆက်လက်ပညာသင်ယူနိုင်မည့် အခွင့်အလမ်းများ ရှင်းလင်းပြောကြားသည်။

ယင်းနောက် တက်ရောက်လာသည့် ကျောင်းသားမိဘများက သိရှိလိုသည်များ မေးမြန်းကြရာ ညွှန်ကြားရေးမှူးချုပ်က ပြန်လည် ဖြေကြားပေးခဲ့ပြီး စက်မှုနည်းပညာဘာသာရပ်များအတွက် သင်ကြားသင်ယူမှုဆိုင်ရာ ပြင်ဆင်ထားရှိမှုများကို ကြည့်ရှုအားပေးသည်။

### တက်ရောက်

အဆိုပါ ဆွေးနွေးပွဲသို့ နည်းပညာ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ အစိုးရစက်မှုလက်မှုသိပ္ပံ(နေပြည်တော်)မှ ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများ၊ လယ်ဝေးခရိုင် ပညာရေးမှူး၊ လယ်ဝေးမြို့နယ် ပညာရေးမှူးနှင့် အခြေခံပညာမှ ကျောင်းအုပ်ဆရာမကြီးများ၊ ဆရာ ဆရာမများ၊ ရပ်မိရပ်ဖများ၊ ကျောင်းသားမိဘများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## မိုးရာသီအကြို သစ်ပင်စိုက်ပျိုးပွဲတော် ကျောက်မဲ၌ လူထုလှုပ်ရှားမှုအသွင်ဖြင့် ဆောင်ရွက်

**သီပေါ မေ ၁၈**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင်တွင် ၂၀၂၄ ခုနှစ် မိုးရာသီအကြို သစ်ပင်စိုက်ပျိုးပွဲတော်ကို ယနေ့ နံနက်ပိုင်းက ကျောက်မဲမြို့ အဝင် ပင်လုံလမ်းမကြီးဘေးတစ်လျှောက်၌ လူထုလှုပ်ရှားမှု အသွင်ဖြင့် ဆောင်ရွက်သည်။

ရှေးဦးစွာ ကျောက်မဲခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်မြင့်ဦးက အမှာစကားပြောကြားပြီး တာဝန်ရှိသူများက စိုက်ပျိုးရန်ပျိုးပင်များကို ပေးအပ်သည်။ ထို့နောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ကျောက်မဲတပ်နယ်မှ တာဝန်ရှိသူများ၊ ခရိုင်သစ်တောဦးစီးဌာနမှူး ဦးခင်မောင်ဝင်းနှင့် တာဝန်ရှိသူများ၊ ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးမှူး ဦးအောင်ဇော်လေး နှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရှမ်း၊ ပလောင်စာပေနှင့် ယဉ်ကျေးမှုအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ စုစုပေါင်း အင်အား ၅၀၀ ကျော်တို့က သတ်မှတ်နေရာအသီးသီးတွင် ချယ်ရီ၊ ခါတော်မီ၊ မဟော်ဂနီ၊ စိန်ပန်း စသည့် သစ်ပင်ပေါင်း ၃၀၀၀ ကျော်ကို တပျော်တပါး စုပေါင်း စိုက်ပျိုးကြသည်။ ယခုနှစ်မိုးရာသီတွင် ကျောက်မဲခရိုင် မြို့နယ်များတွင် ရတနာတန်းဝင်ကျွန်း၊ ချယ်ရီ၊ ခါတော်မီ၊ စိန်ပန်းနီ၊ စိန်ပန်းပြာ၊ တမာ၊ ပျဉ်းကတိုး၊ ပိတောက်၊ မဲဇလီ၊ မဟော်ဂနီ၊ ယမနေ၊ ယူကလစ်၊ ရေသင်းဝင်၊ ကုက္ကို၊ မန်ကျည်း၊ မန်ဂျန်ရှား၊ ရေပိတုန်း၊ ခရေ၊ ထင်းရှူး စသည့် ပျိုးပင် ၁၆၇၅၀၀ ကို တိုးချဲ့ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။ **စိုင်း(သီပေါ)**

# နှစ်နှစ်ဆက်တိုက်အောင်ပွဲရရှိသည့် ချန်ပီယံ မန္တလေးတိုင်းဒေသကြီး အမျိုးသမီးဘော်လီဘောအသင်းအား ဂုဏ်ပြုကြိုဆို

မန္တလေး မေ ၁၈

၂၀၂၄ ခုနှစ်ပြည်နယ်နှင့် တိုင်းဒေသကြီးဘော်လီဘောအားကစားပြိုင်ပွဲဗိုလ်လုပွဲတွင် နှစ်နှစ်ဆက်တိုက် ထိုက်ထိုက်တန်တန် အောင်ပွဲရရှိခဲ့သော မန္တလေးတိုင်းဒေသကြီး အမျိုးသမီးဘော်လီဘောအားကစားအသင်းသည် မန္တလေးမြို့ ကျုံးတောင်ဘက်ရှိ ၂၆ လမ်းနှင့် ၇၁ လမ်းထောင့် မန္တလေးမြို့တော်ခန်းမရှေ့ ကြိုဆိုရေးမုခ်ဦးရှေ့သို့ မေ ၁၇ ရက် ညနေပိုင်းက နေပြည်တော်မှ မော်တော်ယာဉ်ဖြင့် ရောက်ရှိကြရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်ဒေါ်ခင်သင်းဝေနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အားကစားဆပ်ကော်မတီများမှ တာဝန်ရှိသူများ၊ မန္တလေးတိုင်းဒေသကြီး ဘော်လီဘောဆပ်ကော်မတီဥက္ကဋ္ဌ ဦးအောင်ဆန်းဝင်း (အောင်သမာဓိစိန်ရွှေရတနာဆိုင်)၊ ဒုတိယဥက္ကဋ္ဌ ဦးထွန်းလင်း (လက်ရွေးစင်ဟောင်း)၊ အတွင်းရေးမှူး ဦးမြင့်ဆွေနှင့်အလုပ်အမှုဆောင်များ၊ မိဘပြည်သူများက အောင်ပွဲရ ဘော်လီဘောအသင်းအဖွဲ့ခေါင်းဆောင် လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်စိုးနိုင် ဦးဆောင်သော အသင်းအုပ်ချုပ်သူ၊ နည်းပြများနှင့် တတိယဆုရ အမျိုးသားအသင်းမှ အုပ်ချုပ်သူနည်းပြများ အားကစားသမားများအား



လိုက်လိုက်လှဲလှဲ ပန်းကုံးများစွပ်၍ ရင်းရင်းနှီးနှီး ဂုဏ်ပြုကြိုဆို နှုတ်ဆက်အားပေးကြသည်။

ဆက်လက်၍ မြို့တော်ခန်းမ၌ ကြိုဆိုဂုဏ်ပြုချီးမြှင့်ပွဲကိုကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်က ဂုဏ်ပြုအမှာစကားပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်ထံ မန္တလေးတိုင်းဒေသကြီး ဘော်လီဘောအသင်းမှ အမျိုးသမီး ပထမတံခွန်စိုက်ဆုဖလားအပ်နှံခဲ့ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က နှစ်နှစ်ဆက်ပထမတံခွန်စိုက်ဆုဖလားဆွတ်ခူးရရှိခဲ့သော အမျိုးသမီးဘော်လီဘောအသင်းအား ဂုဏ်ပြုဆုငွေကျပ် ၂၅ သိန်း၊ တတိယဆုရ အမျိုးသားဘော်လီဘောအသင်းအား ကျပ် ၁၀ သိန်း၊ ပွဲစဉ်တစ်လျှောက် အကောင်းဆုံးကစားသမားဆုရရှိခဲ့သည့် မစုမွန်ဝင်းအား ကျပ်နှစ်သိန်း၊ စပေးဘော အကောင်းဆုံးကစားသမားဆုရရှိခဲ့သည့် မအိအိလင်း၊ ပင့်ထောင် အကောင်းဆုံးကစားသမားဆုရရှိခဲ့သည့် မနန္ဒာဝင်းပြည့်နှင့် အမျိုးသားဘော်လီဘောအသင်းမှ ခုခံဆယ်မ အကောင်းဆုံးကစားသမားဆုရရှိခဲ့သည့် မောင်ဖြိုးမောင်မောင်ဦးတို့အား ဂုဏ်ပြုဆုငွေ ကျပ်တစ်သိန်းစီကိုလည်းကောင်း၊ တိုင်းဒေသကြီး ဘော်လီဘောဆပ်ကော်မတီဥက္ကဋ္ဌဦးအောင်ဆန်းဝင်း(အောင်သမာဓိစိန်ရွှေရတနာဆိုင်)က ပထမတံခွန်စိုက်ဆုဖလားရရှိခဲ့သော အမျိုးသမီး ဘော်လီဘောအသင်းအား ဂုဏ်ပြုဆုငွေကျပ် ၁၀ သိန်း၊ တတိယဆုရ အမျိုးသားဘော်လီဘောအသင်းအား ငွေကျပ် ငါးသိန်း၊ ပွဲစဉ်တစ်လျှောက်အကောင်းဆုံးကစားသမားဆုရရှိခဲ့သူ လေးဦးအားဆုငွေကျပ်တစ်သိန်းစီ တို့ကို လည်းကောင်း ပေးအပ်ချီးမြှင့်ဂုဏ်ပြုခဲ့သည်။ ထို့နောက် ပထမတံခွန်စိုက်ဆုရ အမျိုးသမီးဘော်လီဘောအသင်းမှ အသင်းခေါင်းဆောင် မစောနန္ဒာမြင့်က ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။ ၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသားဘော်လီဘောပြိုင်ပွဲကို မေ ၇ ရက်မှ ၁၆ ရက်အထိ နေပြည်တော်တွင် ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

**တင်မောင်-မန္တလေး**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် မေ ၁၈

**အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။**

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မေ ၁၇ ရက်တွင် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Thet Zaw” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ် ညောင်ကျေးရွာနေ သက်ဇော်အား ညနေ ၄ နာရီ ၅ မိနစ်တွင် လှိုင်သာယာ(အရှေ့ပိုင်း) မြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်းသတင်းထောက်များ - ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE
www.mdn.gov.mm

### ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၈ - ၅ - ၂၀၂၄

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၃၄၅ ကျပ် | ၂၄၂၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၃၉၅ ကျပ် | ၂၄၇၅ ကျပ် |
| အောက်တိန်း ၉၂ | ၂၆၂၅ ကျပ် | ၂၇၀၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၇၅၀ ကျပ် | ၂၈၂၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

အိမ်ပြင်ပ၌ ထွန်းသော မီးများကို နေ့အလင်းရောင် ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

ညီညီ - စုစည်းသည်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၇၀၀ | ၈၇၀၀ | ၇၈၈ | ၆၈၃၂၅၀၀ |
| MTSH | ၂၉၀၀ | ၂၉၅၀ | ၁၂၆၇ | ၃၆၇၆၈၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၁၅၀၀ | ၁၅၅၀ | ၇၄၀၁ | ၁၁၁၀၁၅၅၀ |
| TMH | ၀ | ၀ | ၀ | ၀ |
| EFR | ၁၇၀၀ | ၁၇၅၀ | ၅၉၂ | ၁၀၃၁၀၀၀ |
| AHPC | ၀ | ၀ | ၀ | ၀ |
| MAEPC | ၂၂၀၀ | ၂၂၅၀ | ၈၂၀ | ၁၈၄၂၀၀၀ |

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက်အမှတ် (သ-၄)၊ ဦးပိုင်အမှတ်(၅၅)၊ ၇၀ x ၇၁ လမ်းကြား၊ ၁၁၅ x ၁၁၆ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်ဝင်းသန်း၏ (SP ရသူ ဦးစွမ်းပြည့်) ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၁၁၀၅/၂၀၂၄) ဖြင့် ဝယ်ယူခဲ့သူ ဦးချစ်မင်းထွန်း ၅/ဝလန(နိုင်)၀၆၅၉၇၃ က အမှုတွဲအမှတ် ၀၅၃၄/၂၀၂၄-၂၀၂၅ ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါ သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ည)ရပ်ကွက်၊ အကွက်အမှတ် (လလ-၁၁)၊ ဦးပိုင်အမှတ်(၅၆)၊ မဏ္ဍလာလမ်းနှင့် တပင်ရွှေထီးလမ်းကြား၊ ၆၄ x ၆၅ လမ်းကြားရှိ ဂရန် မြေကွက် အမည်ပေါက်သူ ဒေါ်သန်းစီ ၏ (SP ရသူ ဦးရန်ကျိန်ဟန်(ခ)ဦးလှအောင်)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် အမှတ်(၂၉၁၈/၂၀၁၄)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ဝင်းဝင်းမော် ၈/ပခက(နိုင်) ၁၅၀၁၃၆ က အမှုတွဲအမှတ် ၀၅၅၉/၂၀၂၄-၂၀၂၅ ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ပြည်ကြီးကျက်သရေအနောက်ရပ်ကွက်၊ အကွက်အမှတ်(၁၆၁)၊ ဦးပိုင်အမှတ် (၁၃-ဃ+၁၃-င+၁၃-က)၊ ၈၃ x ၈၄ ကြား၊ ၂၂ x ၂၃ လမ်းကြားရှိဘိုးဘ မြေကွက်အမည်ပေါက်သူ ဒေါ်အေးနွယ် ၉/မမန(နိုင်)၀၃၇၀၇၃ ၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၃၇၆၇/ ၂၀၂၁) ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်ခင်မာလှိုင် ၉/မရမ(နိုင်)၀၃၇၀၆၉ က ဘိုးဘ အမည်ပေါက် မြေပုံတင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ သီရိမာလာအနောက်ရပ်ကွက်၊ အကွက်အမှတ်(၂၁၁)၊ ဦးပိုင်အမှတ် (၂၈)၊ ၂၅လမ်း၊ ၉၀ လမ်း x သင်္ဂဇာချောင်းပတ်လမ်းကြားရှိ ဦးတင်ဝင်း၊ ဒေါ်စန်းပွင့် အမည်ပေါက်ဂရန် မြေကွက်အား အောင်မြေသာစံခရိုင်တရားရုံး၊ တရားမဇာရီမှုအမှတ် (၂၂၁/၂၀၂၂)အရ လေလံဆွဲဝယ်ယူခဲ့သူ ဒေါ်နန်းအေးစိန်(ခ)ဒေါ်ရှောက်စန်း ၁၃/သနန(နိုင်)၀၀၁၇၇၅ က တရားရုံးအမိန့်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ရန်မျိုးလုံရပ်ကွက်၊ အကွက်အမှတ် (၇၄၃)၊ ဦးပိုင်အမှတ် (၅၃+၅၄-ခ)၊ ၃၃ x ၃၄ ကြား၊ ၇၁ x ၇၂ လမ် ကြားရှိ ဘိုးဘမြေကွက် အမည်ပေါက်သူ ဒေါ်ရန်ကြားမြ(ခ)ဒေါ်မိမိလှ ၁/မကတ(နိုင်) ၀၂၄၅၀၅ ၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၆၉၃၄/၂၀၂၂)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်နန်းအေးထွေး ၉/အမဇ(နိုင်)၀၀၀၅၀၃ က မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်

တောင်ကြီးမြို့၊ ကျောင်းကြီးစုရပ်ကွက်၊ နယ်မြေ(၁၃)မြောက်၊ ရောဝတီလမ်း၊ အမှတ်(မ/၅၉)နေ ဒေါ်ဇာခြည်သက်ချယ် (၁၃/တကန(ဧည့်) ၀၀၂၀၇၁) ၏လွှဲအပ်ချက်အရ အများသိစေရန် ကြေညာသည်မှာ-

ရွှေညောင်မြို့နယ်၊ စဉ့်ဟယ်(၁)ရပ်ကွက်၊ အောင်သပြေနေ ဦးစိုးစိုးလင်း (၁၃/တကန(နိုင်)၁၇၆၀၆၅)နှင့် ဒေါ်ဇာခြည်သက်ချယ်တို့သည် ၂၀၁၂ခုနှစ်၊ နိုဝင်ဘာလ(၁၂)ရက်နေ့တွင် အကြင်လင်မယားအဖြစ်အတူ ပေါင်းသင်းနေထိုင်ခဲ့ပြီး သမီး အိမ့်ဘုန်းမြတ်၊ အသက်(၉)နှစ်နှင့် သားခန့်ထည်ဝါ အသက်(၇)နှစ်တို့ ထွန်းကားထားပါသည်။ ဦးစိုးစိုးလင်းသည် သားနှင့်သမီးအား ထောက်ပံ့ခြင်း တစ်စုံတစ်ရာမရှိသည့်အပြင် ဒေါ်ဇာခြည်သက်ချယ်နှင့်လည်း ကွဲကွာနေသည်မှာ နှစ်ကာလကြာမြင့်နေပြီ ဖြစ်ပါသည်။ သို့ဖြစ်၍ ဒေါ်ဇာခြည်သက်ချယ်အနေဖြင့် ဦးစိုးစိုးလင်းအား ဆက်လက် သည်းခံစောင့်မျှော်နေမည်မဟုတ်တော့ဘဲ ၎င်းအား လင်သားအဖြစ်မှ အပြီးအပြတ် ပြတ်စဲပြီဖြစ်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝမှာလည်း ဒေါ်ဇာခြည်သက်ချယ်နှင့် လုံးဝမသက်ဆိုင်တော့ပါကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ-**
**ဦးအောင်ကျော်ဝင်း(L.L.B) တရားလွှတ်တော်ရှေ့နေ စဉ်-၁၅၉၈၂**
**မ/၁၅၀၊ ဂင်္ဂါလမ်း၊ ကျောင်းကြီးစုရပ်ကွက်၊**
**တောင်ကြီးမြို့**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(၃၅-အီး)၊ မြေကွက် အမှတ်- (၅၄ဘီ/၂-စီ)၊ ရေိယာ ၀ ဒသမ ၁၀၄ဧကရှိ မြေပိုင်မြေကွက်နှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနရှိ မြို့မြေစာရင်းတွင် ဒေါ်အမာတင်ကြည် ၁၂/ရကန(နိုင်)၀၁၅၈၈၁ ၏ အမည်ဖြင့် မှတ်သားထားပါသည်။ ၁၃-၀၅-၂၀၂၂ ရက် တွင်"အမွေဆက်ခံပိုင်ဆိုင်ကြောင်းမြွက်ဟကြေညာစာချုပ်"အား ဒေါ်အမာတင်ကြည်၏ သား၊ သမီးများဖြစ်ကြသော (၁)ဒေါ်အိအိမိုး၁၂/ရကန(နိုင်) ၀၁၅၈၈၂၊ (၂) ဦးအောင်မြတ်မိုး ၁၂/ရကန(နိုင်)၀၀၀၂၅၄၊ (၃) ဒေါ်လဲ့လဲ့မိုး ၁၂/ရကန(နိုင်)၀၀၃၇၄၀၊ (၄) ဦးလင်းထက်မိုး ၁၂/ရကန (နိုင်)၀၀၃၇၄၁ တို့၏ အမည်ဖြင့် ချုပ်ဆိုခဲ့ကြပါသည်။ အထက်ဖော်ပြပါ ရောင်းချသူများသည် တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသည်ကို ယုံကြည် သဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသအား ပေးချေထားပြီး ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါမြေကွက်နှင့်ပတ်သက်၍ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသော သက်သေအထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်တကွ ဤကြေညာပါသည့်ရက်မှ (၁၀)ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စုစုနန္ဒာထွန်း အထက်တန်းရှေ့နေ (စဉ်-၅၃၇၃၇)**
**အမှတ်-၃၃/၄၉၊ အခန်း(၃၈)၊ Strand Condo(ပ)ထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၄၃၁၀၅၁၁၃**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၃၊ လူနေရပ်ကွက်အမှတ်-၃၊ မြေကွက်အမှတ်-၄၂၀၊ မာန်ပြေ(၁၀)လမ်း(အနောက်)ဟု ခေါ်တွင်သော နှစ်(၆၀)မြေငှားဂရန်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြနှင့်မြေယာစီမံခန့်ခွဲရေးဌာနတွင် ဦးစန်းရီ+၁(CG ၀၄၀၁၈၃) အမည်ပေါက်လျက်ရှိပြီး ၎င်း၏အကျယ်အဝန်းမှာ ပေ(၂၀ x ၆၀)(၁၂၀၀)စတုရန်းပေ အကျယ်ရှိသော မြေအနက်မှ တရားဝင်မခွဲမစိတ်ရသေးသော ပေ(၁၀ x ၆၀) ခေါင်းရင်းခြမ်း မြေနှင့်အိမ်အား ယခုရောင်းချသူဖြစ်သည့် ဦးအောင်ကျော်စိုးဝင်း ၁၂/သကတ(နိုင်)၀၀၂၀၂၈ သည် အဆိုပါ မြေနှင့်အိမ်အား မိမိ၏မိဘများဖြစ်ကြသော ဦးစန်းရီ+၁ အမည်ပေါက် ပိုင်ဆိုင်ကြောင်း၊ မိမိမှ ဆက်ခံပိုင်ဆိုင်လာကြောင်း၊ အခြားသူများသို့ ထပ်ဆင့်ရောင်းချခြင်း၊ လွှဲပြောင်းထားခြင်း၊ ပေါင်နှံထားခြင်း၊ ပေးကမ်းထားခြင်း၊ လှူဒါန်းထားခြင်း၊ အာမခံထားခြင်းစသည့် မည်သည့် အရှုပ်အထွေးများမရှိကြောင်း ဝန်ခံပြောဆိုပြီး ကာလတန်ဖိုးဖြင့် ယခုရောင်းချရန် ကမ်းလှမ်းပြောဆိုလာရာ ဝယ်ယူသူ ဒေါ်အေးအေးဝင်း ၁၂/သကတ(နိုင်)၀၄၅၆၄၀ က ကျေနပ်လက်ခံသဘာတူသဖြင့် ရောင်းဖိုးငွေအနက် တစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါသည်။ အဆိုပါ ရောင်းချသည့် မြေအိမ်နှင့်ပတ်သက်သည့် ဆိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ပိုင်ဆိုင်မှု စာရွက်စာတမ်း အထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်းလာရောက် ကန့်ကွက်မည့်သူ မရှိပါက ယခုအရောင်း အဝယ်အား ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ရွှန်းလဲ့ဇော် (LL.B;D.B.L; D.I.L) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၆၈၄)**
**အမှတ်(၃၇၉)၊ ဓမ္မာရုံလမ်း၊ (၁၃)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း၀၉-၄၄၉၄၆၄၅၉၂၊ ၀၉-၉၅၅၆၄၁၄၄၉**

## "အသိပေးကြေညာချက် "

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ (၆)ရပ်ကွက်၊ (၃၈)လမ်း၊ အမှတ် (၂၁၈)နေ ဦးစိုးသူရ ၁၂/ကတတ(နိုင်) ၀၂၇၆၁၅၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာပါသည်-

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ (၆)ရပ်ကွက်၊ (၃၈)လမ်း၊ အမှတ်(၂၁၈)မြေညီထပ် လက်ဝဲဘက်အခြမ်း တိုက်ခန်းနှင့် မြေညီထပ်လက်ယာဘက်အခြမ်းတိုက်ခန်း(၂)ခန်းစလုံးအားဦးစိုးသူရသည်ဒေါ်လှသန်းထံမှဝယ်ယူထားပြီးဖြစ်ကြောင်း အသိပေးကြေညာပါသည်။

**ဦးစိုးသူရ၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးအာကာမျိုးထက် (LL.B., D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၂၃၈၈)**
**အမှတ် (၉၆/၉၈)၊ (၅-ဘီ) ဂန္ဓမာကံမြင့်ကွန်ဒို**
**(၃၇)လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

## လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်း အသိပေးကြေညာခြင်း

250 West Street, Apt 26, Ware MA 01082, USA နေ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဦးနေလင်းထွန်း (၇/ပခန (နိုင်)၂၅၅၉၉၁) (ဘ) ဦးဇော်လွင် ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-

ဦးနေလင်းထွန်းနှင့် မန္တလေးတိုင်းဒေသကြီး၊ မလှိုင်မြို့နယ်၊ သရက်ကောင်းပင်ကျေးရွာနေ ဒေါ်လဲ့လဲ့နိုင် (၉/မလမ(နိုင်)၁၁၂၃၈၅၊ (ဘ) ဦးခင်မောင်အေးတို့သည် (၂၆-၁၂-၂၀၁၆)ရက်တွင် မန္တလေးတိုင်းဒေသကြီး၊ တရားလွှတ်တော်တွင် ထိမ်းမြားမင်္ဂလာကတိသစ္စာပြုလက်မှတ်ရေးထိုးခဲ့ကြပါသည်။ ယခုအခါဦးနေလင်းထွန်းအနေဖြင့် စိတ်သဘောထားချင်း တိုက်ဆိုင်မှုမရှိ၍ ဆက်လက်ပေါင်းသင်းနေထိုင်ရန်မဖြစ်နိုင်သောကြောင့် (၁၂-၄-၂၀၂၄)ရက်တွင် အမေရိကန်နိုင်ငံ၊ COMMONWEALTH OF MASSACHUSETTS, THE TRIAL COURT, Hampshire Division ၌ တရားသူကြီး David J, Dacyuzyn ၏ရှေ့မှောက်တွင် ဦးနေလင်းထွန်းဘက်မှ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဘူမောင်(LL.B) (စဉ် - ၂၂၇၄၇)၊ ဒေါ်ဖြိုးဖြိုးအောင်(LL.B) (စဉ်-၄၈၄၃၁)**
**အထက်တန်းရှေ့နေများ**
**အမှတ်(၅/၁၁)၊ ဘီ(မြေညီ)၊ ဗျိုင်းရေအိုးစင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉- ၅၁၁၅၉၉၀၊ ၀၉-၅၁၈၃၅၆၉၊ ၀၉-၄၀၂၅၉၄၃၄၇**

## "ဝေသီ" လုပ်ငန်းအမှတ်တံဆိပ် အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ရတနာသုခလမ်း၊ အိမ်အမှတ် (၂၁)နေ ဒေါ်ဝေဝေကျော် (ဘ) ဦးထင်ကျော် (၁၂/လမန(နိုင်) ၁၅၄၆၂၃)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်-

ဝေသီ

စာချုပ်အမှတ် (၃၇၇၃/၂၀၂၄)

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဝေဝေကျော်သည် အထက်ဖော်ပြပါ ဝေသီ လုပ်ငန်းတံဆိပ်ကို တစ်ဦးတည်းမူပိုင် အမည်အမှတ်တံဆိပ်အဖြစ် ရန်ကုန်မြို့၊ စာချုပ်စာတမ်း၊ မှတ်ပုံတင်ဌာနမှူးရုံး၏ မှတ်ပုံတင်စာချုပ်အမှတ် (၃၇၇၃/၂၀၂၄) အရ တရားဝင် မှတ်ပုံတင်သွင်း ထားရှိခဲ့ပြီး ယင်းအမှတ်တံဆိပ်ဖြင့် အသေးစားချေးငွေလုပ်ငန်းကို ရန်ကုန်မြို့အပါအဝင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတစ်ဝှမ်းလုံး၌ လုပ်ကိုင် ဆောင်ရွက်လျက်ရှိပါသည်။

သို့ဖြစ်ရာ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဝေဝေကျော်ပိုင် ဝေသီအမှတ်တံဆိပ်၏ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ တံဆိပ်တစ်ခုလုံးကိုဖြစ်စေ၊ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ ဆင်တူယိုးမှား ထင်ယောင်၊ ထင်မှား တုပသုံးစွဲ၍ လုပ်ကိုင်ဆောင်ရွက်ခြင်းများ မပြုလုပ်ကြပါရန်နှင့် မည်သူမဆို ကျွန်ုပ်မိတ်ဆွေ ဒေါ်ဝေဝေကျော်၏ အကျိုးစီးပွားကို ထိခိုက်နစ်နာစေရန် ရည်ရွယ်ဆောင်ရွက်ပါက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲတရား ဥပဒေများနှင့်အညီ တရားစွဲဆို အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာလိုက်ပါသည်။

**ဒေါ်ဝေဝေကျော်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဇင်ဝေထွန်း (LL.B) အထက်တန်းရှေ့နေ စဉ် (၃၅၈၉၄)**
**အမှတ် (၁၄၆-ဘီ)၊ မုဒိတာအိမ်ရာ-၁၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊**
**ရန်ကုန်မြို့။**
**ဖုန်း - ၀၉- ၄၂၁၀ ၉၁၅၈၈၊ ၀၉- ၇၅၉၆၉ ၇၅၉၈**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၆၈၊ မြေကွက်အမှတ်-၆၁၃၊မြေကွက်တည်နေရာအမှတ်(၆၁၃)၊ ၆၈ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ဒေါ်နော်တင်တင်အေး(W/MDY-၁၁၇၈၀၄)အမည်ပေါက်ပါမစ်မြေအားပါမစ်အမည်ပေါက်- ဒေါ်နော်တင်တင်အေး(W/MDY-၁၁၇၈၀၄)(၁၂/မရက(နိုင်)၀၉၁၂၃၃) ထံမှ အရပ်ကတိအရောင်းအဝယ် စာချုပ်ဖြင့် ဝယ်ယူသူ -ဦးဇော်လွင်(၉/ညဥန(နိုင်)၀၃၄၅၄၇)မှ ရွှေ့ပြောင်းသူများ ရာဇဝင်အကျဉ်းချုပ်၊ အိမ်ရာဆောက်လုပ်နေထိုင်ခွင့်နှင့် မှီခိုသူများစာရင်းစာရွက်သာပါရှိပြီး ဓာတ်ပုံမှတ်တမ်းမပါရှိသည့် ပါမစ်မပြည့်စုံနှင့် ပါမစ်ရှိမိသားစုဓာတ်ပုံမှတ်တမ်းသည် ဝယ်ယူစဉ်ကတည်းက ပါရှိခဲ့ခြင်းမရှိကြောင်း ရပ်ကွက်နှင့်ရဲစခန်းထောက်ခံချက်တို့တင်ပြ၍ နှစ်(၆၀) မြေငှား စာချုပ်(ဂရန်)လျှောက်ထားလာခြင်းအားမြေပြင်ကွင်းဆင်းစစ်ဆေးရာ ကျောက်တိုင်/ဆူးကြိုးခြံစည်းရိုးကာရံထားပြီး လျှောက်ထားသူမှ ကွင်းဆင်းသိရှိကြောင်း လက်မှတ်ရေးထိုးတင်ပြထားပါသဖြင့် ဦးဇော်လွင်မှပါမစ်မပြည့်စုံ တင်ပြ၍နှစ်(၆၀) မြေငှားစာ ချုပ်(ဂရန်)လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၅၃)ရပ်ကွက်၊ လမ်းအမည်-မရှိ၊ မြေကွက်အမှတ်-၃၂၆၊ အလျားပေ(၄၀)xအနံပေ(၆၀)ရှိ နော်ဒီးနာ(၁၂/အစန(နိုင်)၀၄၄၉၄၃)အမည်ပေါက် ပါမစ်မြေကွက်ထံမှ မြေကွက်အမှတ်-၃၂၇နှင့်ကပ်လျက်အခြမ်း အလျားပေ၂၀xအနံပေ ၆၀ရှိ မြေကွက်ကို အဆင့်ဆင့်အရောင်းအဝယ်ပြုလုပ်ရာမှ နောက်ဆုံးဝယ်ယူလက်ရှိထားသူ ဦးဝေယံစိုး(၁၂/သခန(နိုင်)၀၉၅၅၈၂)ထံမှ ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန် စရန်ငွေအချို့ပေးအပ်ထားရာ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ စာရွက်စာတမ်း(မူရင်း)ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးလှဝင်း(ဥပဒေဘွဲ့)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၇၀၈၄/၂၀၀၂)**
**ဖုန်း- ၀၉-၅၁၁၉၉၆၁၊ ၀၉-၄၄၀၀၀၇၄၉၉**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းအမှတ်(၆)၊ လူနေရပ်ကွက်အမှတ် (၂)ရပ်ကွက်၊ မဟာဗန္ဓုလလမ်း၊ အိမ်အမှတ်(၉၄)၊ မြေကွက်အကျယ်အဝန်းပေ (၄၅x၆၀)၊ (၀.၀၆၂)ဧကရှိ နှစ်(၆၀)ဂရန်မြေကွက်မှာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနရှိ မြို့မြေစာရင်းတွင် ဒေါ်ဝင့်သိမ့်သိမ့်ဇင် (၁၂/မရက(နိုင်)၁၂၁၉၂၆) အမည်ပေါက်ဖြင့် မှတ်သားတည်ရှိပြီး အမည်ပေါက်ဖြစ်သူ ဒေါ်ဝင့်သိမ့်သိမ့်ဇင်မှ အဆိုပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ လုံးချင်းအိမ်အပါအဝင် ရေ၊ မီးစုံအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိပိုင်ဆိုင်ပြီး တရားဝင်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြု၍ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်ချိုချိုစန်း (၁၂/လသယ(နိုင်)၀၃၄၄၈၀)က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အိမ်ခြံမြေနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူ မရှိပါက ကျွန်ုပ်၏မိတ်ဆွေဘက်မှ အရောင်းအဝယ် ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဒေါ်ချိုချိုစန်း၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဇင်ဝေထွန်း (LL.B)**
**အထက်တန်းရှေ့နေ စဉ် (၃၅၈၉၄)**
**အမှတ် (၁၄၆-ဘီ)၊ မုဒိတာအိမ်ရာ-၁၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊**
**ရန်ကုန်မြို့၊**
**ဖုန်း - ၀၉- ၄၂၁၀၉၁၅၈၈၊ ၀၉-၇၅၉၆၉၇၅၉၈**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၅ယ/၇၉၁၉၉ ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ဘိုဘို ၁၀/မလမ(နိုင်)၂၂၇၂၀၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈၀ယ/၃၁၆၄၉ ယာဉ်လက်ဝယ်ရှိသူ ဦးစန်းလင်းမောင် ၁၀/မလမ(နိုင်)၂၈၈၂၀၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## ပျောက်ဆုံးကြောင်း

(ဘ)ဦးချယ်ရီအုံ၏ သမီး ကျွန်မ မကွေကြီး(၁၃/မရတ(နိုင်) ၀၇၇၈၇၀)၏ နိုင်ငံကူး လက်မှတ်အမှတ်(မမှတ်မိ)သည် ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၈၆၆၈၆၇၂၇**

## မွေးသက္ကရာဇ်အမှန်

(ဘ)ဦးစိုးနိုင်၏သား မိုင်းဆတ်မြို့၊ အ.ထ.က-ခွဲ(လ-၂) ကျောင်း၊ ကျောင်းဝင်အမှတ် (၀၁၅၉)၊ Grade-12 မှ မောင်မြတ်ကိုကို၏ မွေးသက္ကရာဇ်အမှန်မှာ (၂-၉-၂၀၀၄) ဖြစ်ပါကြောင်း။

## အမည်ပြောင်း

ဦးမင်းသက်လွင်ဦး၏သား ရေနံ(၁)၊ ထန်းကုန်းအုပ်စု၊ ရွှေတောင်မြို့နေ PEC ကိုယ်ပိုင် အထက်တန်းကျောင်း (ပြည်မြို့) Grade-10 မှ မောင်မင်းအောင်နိုင်အား မောင်မင်းသီဟကိုဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်မင်းသီဟကို**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ချမ်းမြသာယာရပ်ကွက်၊ အကွက်အမှတ် (ယ-၁)၊ ဦးပိုင်အမှတ်(၆)၊ ၇၅ လမ်း၊ ၁၁၂ x ၁၁၃ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူဦးမောင်မောင်ကြီး၊ဒေါက်တာဒေါ်မီမီထွေးတို့၏ (SP ရရှိသူ ဦးမျိုးဟန်လင်း)တို့ထံမှ မှတ်ပုံတင်လှူဒါန်းစာချုပ်အမှတ် (၄၃၀၁/၂၀၂၃)ဖြင့် လှူဒါန်းမှုကို လက်ခံသူ ထေရဝါဒပရိယတ္တိသာသနာဟိတဥပတ္ထမ္ဘကအဖွဲ့၏ (ကိုယ်စားအစည်းအဝေးအမှတ်စဉ် (၁/၂၀၂၃)အရ ဦးပိုမြင့်၊ ဦးကိုကို၊ ဦးညီညီချစ်တို့မှ တာဝန်ခံလက်မှတ်ရေးထိုးပါသည်)က အမှုတွဲအမှတ် ၀၅၆၀/၂၀၂၄-၂၀၂၅ ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်**
**သာယာရေးကော်မတီ**

အောင်မြင်သူကုမ္ပဏီများအုပ်စု မှ နှစ်စဉ်မပြတ် ကျင်းပလျက်ရှိသော (၁၄)ကြိမ်မြောက် ကြာဆံဟင်းခါး စတုဒိသာ တိုက်ကျွေးခြင်း ကုသိုလ် အား ကဆုန်လပြည့်နေ့(၂၂-၅-၂၀၂၄)ရက်နေ့တွင် အောင်တော်မူမြတ်စွာဘုရားဝင်း၌ ပြုလုပ်မည်ဖြစ်ပါ၍ မည်သူမဆို လာရောက်သုံးဆောင်နိုင်ပါရန် ဖိတ်ကြားခြင်း












## ပြင်ဆင်ဖတ်ရှုပါရန်

၁-၅-၂၀၂၄ ရက်နေ့ထုတ် ဤသတင်းစာ၏ စာမျက်နှာ (၂၆) ကညန ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့၏မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်းကြော်ငြာတွင် ယာဉ်အမှတ် 11W/67052 အစား ၂၂ယ/၆၇၀၅၂ ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် AYY/21084, Honda Click-150 ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးအောင် ၁၄/ဘကလ(နိုင်) ၁၈၀၄၀၄ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ဖျာပုံမြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် AYY/8620, Honda PCX 150 မော်တော်ဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူ ဦးပြည့် ၁၄/ဖပန(နိုင်)၀၆၁၁၁ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ဖျာပုံမြို့)**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

**ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ နတ်ချောင်းရပ်ကွက်၊ အသောကလမ်း၊ အမှတ်(၃၇) မြေညီ(ခေါင်းရင်းခန်း) အကျယ်အဝန်း (၁၆ပေ x ၆၀ပေ) ရှိသော တိုက်ခန်းနှင့်အကျိုးခံစားခွင့်အရပ်ရပ်အားလုံး။**

အထက်ဖော်ပြပါ တိုက်ခန်း နှင့်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မြေရှင်/တိုက်ခန်းရှင်ဖြစ်သူ ဦးကျော်မြင့် ၁၂/တမန(နိုင်)၀၁၈၀၁၇က မိမိလက်ရှိပိုင်ဆိုင်၍ တစ်ဦးတည်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ ကမ်းလှမ်းပြောဆိုလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ဦးကျော်မြင့်ထံသို့ စရန်ငွေပေးချေပြီးဖြစ်၍ ဤအရောင်းအဝယ်အား ကန့်ကွက်လိုပါကယနေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောအထောက် အထားမူရင်းများနှင့် ကျွန်ုပ်ထံကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်အား ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ခင်မိုးရွှေ (LL.M)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၇၉၀၃/၁၁)**
**အမှတ်(၁၀၃)၊ (A/B)ပထမထပ်၊ (၃၆)လမ်း(အောက်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၀၉၄၄၅၇**

## အများသိစေရန် အသိပေးကြေငြာချက်

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ ဒေးဝန်းပဲပုတ်တန်းရပ်၊ အမှတ်(၁၆/၃)၊ ၃၅x ၃၆ ကြား၊ ၈၉ စီလမ်းနေ ဦးဟိန်းသူရညီ ၉/မဟမ(နိုင်) ၀၃၂၀၀၈၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်-

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ ဒေဝန်းအရှေ့ရပ်ကွက်၊ အကွက်အမှတ်(၂၉၈)၊ ဦးပိုင် အမှတ်(၁၆)ဟုခေါ်တွင်သော အရှေ့အနောက်(၅၅) ပေ၊ တောင်မြောက်(၂၃)ပေ အကျယ်အဝန်းရှိမြေနှင့်အိမ်ကို ဦးခင်မောင်ညီ(ခ) ဦးညီညီ ပိုင်ဆိုင်ပါသည်။ ဦးခင်မောင်ညီ(ခ)ဦးညီညီသည် လွန်ခဲ့သောနှစ်ပေါင်း(၃၁) နှစ်ခန့်က ကွယ်လွန်သွားခဲ့ပြီးနောက် အထက်အဆိုပါ မြေနှင့်အိမ်သည် အမွေပစ္စည်းအဖြစ် ကျန်ရစ်ခဲ့ပါသည်။

အထက်အဆိုပါမြေနှင့်အိမ်ကို ဦးခင်မောင်ညီ (ခ) ဦးညီညီ၏သားဖြစ်သူ ဦးဟိန်းသူရညီ ၏သဘောတူညီချက် တစ်စုံတစ်ရာရရှိခြင်းမရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ ငှားရမ်းခြင်း၊ အခြားတစ်နည်းနည်းဖြင့် စီမံခန့်ခွဲခြင်းများ ပြုလုပ်ခြင်းများမပြုလုပ်ရန် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားချက်ပေးသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဦးဟိန်းသူရညီ** | **ဦးအောင်သော်ဖြိုး (LL.B)** |
| **၉/မဟမ(နိုင်)၀၃၂၀၀၈** | **တရားလွှတ်တော်ရှေ့နေ၊စဉ်-၁၄၀၆၇** |

**အမှတ်(၈၁)၊ (၂၁)လမ်း၊ရပ်ကွက်ကြီး(၂)၊ပြင်ဦးလွင်မြို့၊**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 2F/7073 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)အင်းစိန်**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ပြည်မြို့၊ စံနန်းဦးလမ်းနေ ဦးသန်းဇော်ဦး၊ ဒေါ်သင်းသင်းဦး တို့၏သမီး ပညာရေးဒီဂရီကောလိပ်(ပြည်)ပထမနှစ်မှ မဇင်ဇင်ဇော်ဦး (ခ)မစုမြတ်နိုးဦး ၇/ပမန(နိုင်)၂၅၇၁၆၀မှာ လူပုဂ္ဂိုလ်တစ်ဦးတည်းဖြစ်ပါကြောင်း။

## ပျောက်ဆုံးကြောင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်နေ ဦးကျော်ဆွေဦး၏သား ဦးတင်ဝင်းကျော် ၁၂/မရက(နိုင်)၁၃၀၃၂၉ ၏ နိုင်ငံကူးလက်မှတ်အမှတ် MA -887635 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၄၈၀၀၈၈၈၉**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ် ၁၁-၂၆၊ ဦးပိုင်အမှတ် (၆၈)/ ၅၀x၅၁ ကြား၊ ၁၂၈x၁၂၉ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးဇော်မင်း ၈/မကန(နိုင်)၀၄၈၇၇၈၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၃၇ VI/၂၀၁၅) ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်အေးအိန် ၁၃/လရန(နိုင်)၀၆၆၀၁၇က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာ တမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန် ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ အမှတ်(၈၇)ရပ်ကွက်၊ သဒ္ဒါလမ်း၊ မြေကွက်အမှတ် (၉၃/ခ)(၂၀'x၆၀') ဦးတင်အောင်(၁၂/သကတ(နိုင်) ၀၆၀၅၈၄)၊ ဦးကျော်လွင် ၁၂/သကတ(နိုင်)၀၇၁၃၆၀တို့အမည်ပေါက် (စလစ်မြေ) အမျိုးအစားဖြစ်ပြီး တရားဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်ကတိစာချုပ် အဆက်ဆက်များအရ ဝယ်ယူပိုင်ဆိုင်ခဲ့သူ ဦးကျော်စိုး ၁၂/ဒဂဆ(နိုင်) ၀၁၉၃၈၄ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးကျော်မောင် ၉/တသန(နိုင်)၁၀၂၄၆သည် အဆိုပါမြေကွက်အား အပြီးအပိုင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်ပါသည်။ ၎င်း အရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်းများနှင့်အတူ ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက် အတွင်း လာရောက်ကန့်ကွက် နိုင်ပါသည်။

ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးသက်အောင်(LL.B)** | **ဦးမျိုးမျိုး(LL.B)** |
| **စဉ်-၁၄၂၃၅** | **စဉ်-၁၄၄၀၈** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |

**အမှတ်(၁၀)ရုံးပတ်လမ်း၊ (၃၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)**
**မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၀၁၅၄၃ ၁၀၁**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၊ သုမန(၁)လမ်း၊ မြေကွက်အမှတ် ၃၃၇/က ပေါ်တွင်ဆောက်လုပ်ထားသော (၁) ခန်းတည်း (၆)ထပ်တိုက်၏ ဒုတိယထပ်(၃)လွှာ၊ ဧရိယာ( ၉၇၂)စတုရန်းပေအကျယ်အဝန်းရှိသောတိုက်ခန်းနှင့် ယင်းတိုက်ခန်းနှင့်စပ်လျဉ်းသောအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မြေရှင် ဒေါ်အိအိခင်(၁၄/ဝခမ(နိုင်)၀၀၁၁၇၉)ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသည့် ဦးတင်အောင်မြင့် (၁၂/ဒပန(နိုင်)၀၃၈၅၆၃) နှင့် ၎င်း၏ဇနီး ဒေါ်ဇင်နှင်းလတ် (၁၂/ဒပန(နိုင်)၀၄၇၇၁၃)တို့က အပြီးအပိုင်ဝယ်ယူရန်အတွက်စရန်ငွေအဖြစ်ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်း(မူရင်း)များနှင့်တကွ ရုံးချိန်အတွင်း ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက တိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးတင်အောင်မြင့် နှင့် ဒေါ်ဇင်နှင်းလတ်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်အေးဝင်း(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၅၂၅၈၂)**
**အမှတ်(၇၃၇/ခ)၊ မြေညီထပ်၊ မာဃလမ်းမ၊ (၁၂)ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၇၉၆၇၆၄၈၉၈**

## ကန့်ကွက်နိုင်ပါကြောင်း

မော်လမြိုင်မြို့၊ ဈေးကြိုရပ်ကွက်၊ အကွက်အမှတ်(၉၂)၊ ဖက်ခင်း၊ ဦးပိုင်အမှတ်(၇၆-ဇ)၊ မြေချိန် ဧရိယာ (၀.၃၇၉)ဧကရှိ ဘိုးဘပိုင်အိမ်ရာမြေကွက်ကို အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်ရီရီခင်ထံမှ မြေကွက်အပြီးအပိုင်အရောင်းအဝယ်စာချုပ် မှတ်ပုံတင်အမှတ်(၂၈၂/၂၀၂၂) အရ ဒေါ်သန်းသန်းမြင့်မှ တရားဝင် ဝယ်ယူခဲ့ပြီးဖြစ်ပါ၍ ဒေါ်သန်းသန်းမြင့်၏အမည်သို့ လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော အထောက်အထားများနှင့်အတူ ကြေညာသည့်ရက်မှစ၍ (၁၅)ရက်အတွင်း မော်လမြိုင် မြို့နယ်၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်ရန်မရှိပါက အမည်ပြောင်းလဲ လျှောက်ထားခြင်းကို ဥပဒေ၊ နည်းဥပဒေ လုပ်ထုံးလုပ်နည်းများ နှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိရှိစေရန် ကြေညာလိုက်သည်။

**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်**
**စာရင်းအင်းဦးစီးဌာန**
**မော်လမြိုင်မြို့**

## ဖခင်အမည်မှန်

သာယာဝတီခရိုင်၊ အုတ်ဖိုမြို့နယ်၊ ရှမ်းရွာအုပ်စု၊ အမကသပြေကုန်း Grade-5 အောင်မြင်ပြီးသူ မောင်ညီမင်းသော်၏ ဖခင်အမည်မှန်မှာ ဦးအောင်မင်းသူ ၇/အဖန(နိုင်)၀၈၆၄၆၃ ဖြစ်ပါကြောင်း။

**ဦးအောင်မင်းသူ**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1K/6539 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 64W/37535, Kenbo-110 ယာဉ်လက်ဝယ်ရှိသူ ဦးဇေယျာဝင်း ၁၃/တကန(နိုင်)၁၉၄၂၉၃က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန(နေပြည်တော်ရုံး)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 60W/74233, Kenbo-110 ယာဉ်လက်ဝယ်ရှိသူ ဦးငွေးလှိုင် ၉/ပမန(နိုင်)၁၁၄၃၃၀က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ နေပြည်တော်ရုံး**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် AYY/38773, Honda Shadow -400,M/C ယာဉ်လက်ဝယ်ရှိသူ ဦးဖြိုးဇေယျာကျော် ၁၄/ကကထ(နိုင်)၁၈၉၅၉၉ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 66W/06867, Honda Wave 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးဇင်ကိုကိုပိုင် ၁၄/ပသန(နိုင်)၃၂၀၈၆၆ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်းအောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
# အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
# မန္တလေးနည်းပညာတက္ကသိုလ်
# ဘွဲ့လွန်ဒီပလိုမာ(အင်ဂျင်နီယာ/ဗိသုကာ) သင်တန်းများအတွက် သင်တန်းသားခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနရှိ မန္တလေးနည်းပညာတက္ကသိုလ်တွင် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် ၂၀၂၄ ခုနှစ်၊ ဇွန်လ(၃) ရက်နေ့မှ စတင်၍ အောက်ဖော်ပြပါ ဘွဲ့လွန်ဒီပလိုမာ (အင်ဂျင်နီယာ/ဗိသုကာ) သင်တန်းများကို ဖွင့်လှစ်သင်ကြားမည် ဖြစ်ပါသည်-

| စဉ် | ဘာသာရပ် | သင်တန်းအမည် | ဘွဲ့အမည် | သင်တန်းအမည် (အတိုကောက်) |
|---|---|---|---|---|
| (၁) | Civil | (က)အဆောက်အအုံဆိုင်ရာအင်ဂျင်နီယာ | Postgraduate Diploma in Structural Engineering | PGDip.CSE |
| | | (ခ)ရေအရင်းအမြစ်အသုံးချမှုအင်ဂျင်နီယာ | Postgraduate Diploma in Water Resources Engineering | PGDip.CWRE |
| (၂) | Mech | ပြည်လည်ပြည့်မြဲစွမ်းအင် အင်ဂျင်နီယာ | Postgraduate Diploma in Renewable Energy Engineering | PGDip.RE |
| (၃) | EP | ပြည်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဆိုင်ရာနည်းပညာ | Postgraduate Diploma in Renewable Energy System | PGDip.RES |
| (၄) | EC | အီလက်ထရောနစ်အင်ဂျင်နီယာ | Postgraduate Diploma in Electronic and Communication Engineering | PGDip.EcE |
| (၅) | IT | သုတနည်းပညာအင်ဂျင်နီယာ | Postgraduate Diploma in Information Technology Engineering | PGDip.IT |

၂။ အထက်ပါ ဘွဲ့လွန်ဒီပလိုမာ(အင်ဂျင်နီယာ/ဗိသုကာ) သင်တန်းများသည် အချိန်ပြည့်သင်တန်းများဖြစ်ပြီး (၁)နှစ်သင်တန်း ဖြစ်ပါသည်။ ဘွဲ့လွန်ဒီပလိုမာ(အင်ဂျင်နီယာ/ဗိသုကာ) ဖြေဆိုအောင်မြင်ပြီးသူများအနက် သတ်မှတ်အရည်အချင်းပြည့်မီသူများ မဟာဘွဲ့သင်တန်းသို့ ဆက်လက်တက်ရောက်နိုင်မည်ဖြစ်ပါသည်။

၃။ ဝင်ခွင့်လျှောက်ထားကြသူများအနက် အောက်ပါသတ်မှတ်ချက်များနှင့်ကိုက်ညီသူများအား ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲဝင်ရောက်ဖြေဆိုခွင့်ပြုမည်ဖြစ်ပါသည်-

(က) လျှောက်ထားသူသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား ဖြစ်ရမည်။
(ခ) သက်ဆိုင်ရာအဓိကဘာသာရပ်ဖြင့် အင်ဂျင်နီယာဘွဲ့ရရှိပြီးသူများဖြစ်ရမည်။
(ဂ) သင်တန်းသို့အချိန်ပြည့်တက်ရောက်နိုင်သူဖြစ်ပြီး သင်တန်းစည်းကမ်းချက်များကို လိုက်နာနိုင်သူဖြစ်ရမည်။
(ဃ) သင်တန်းတက်ရောက်ခွင့်လျှောက်ထားရာတွင် ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်၊ သက်ဆိုင်ရာဦးစီးဌာနမှ အချိန်ပြည့် တက်ရောက်ခွင့်ပြုကြောင်းနှင့် လုပ်ငန်းတာဝန် ထိခိုက်မှုမရှိကြောင်း ထောက်ခံချက်နှင့် ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်များ ပါရှိရမည်။

၄။ လျှောက်လွှာနှင့်အတူ လျှောက်ထားသူ၏ နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်းနှင့်မိတ္တူ)၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာမြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)၊ ပတ်စ်ပို့အရွယ်ရောင်စုံ ဓာတ်ပုံ(၃)ပုံနှင့် နည်းပညာတက္ကသိုလ် များမှ ထောက်ခံစာ(မူရင်းနှင့်မိတ္တူ)တို့ကို ပူးတွဲ တင်ပြရမည်။

၅။ ဝင်ခွင့်စာမေးပွဲဖြေဆိုခွင့်လျှောက်လွှာများကို မန္တလေးနည်းပညာတက္ကသိုလ်တွင် (၁၄-၅-၂၀၂၄) ရက်နေ့မှ စတင်ထုတ်ပေးမည်ဖြစ်ပြီး (၂၀-၅-၂၀၂၄)ရက် နောက်ဆုံးထား၍ မန္တလေးနည်းပညာတက္ကသိုလ်သို့ ပေးပို့လျှောက်ထားရမည်။ လျှောက်လွှာပါ အချက်အလက်များအား စိစစ်ပြီးမှန်ကန်ပါက စာမေးပွဲဖြေဆိုခွင့် ကတ်ပြားကို (၂၁-၅-၂၀၂၄)ရက်နေ့တွင် စတင်ထုတ်ပေးမည် ဖြစ်ပါသည်။

၆။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို မန္တလေးနည်းပညာတက္ကသိုလ်တွင် အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်သည်-

| နေ့ရက် | ဖြေဆိုရမည့်ဘာသာရပ် | ဖြေဆိုရမည့်အချိန် |
|---|---|---|
| ၂၃-၅-၂၀၂၄ | အင်္ဂလိပ်စာ | နံနက် (၉:၀၀ ) မှ ( ၁၂:၀၀) |
| ၂၄-၅-၂၀၂၄ | သက်ဆိုင်ရာဘာသာရပ် | နံနက် (၉:၀၀ ) မှ ( ၁၂:၀၀) |

၇။ ဝင်ခွင့်စာမေးပွဲဖြေဆိုရန်လာရောက်သည့်အခါမိမိ၏ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ စာမေးပွဲဖြေဆိုခွင့် ကတ်ပြား(မူရင်း) တို့ကို တစ်ပါတည်း ယူဆောင်လာရမည်။

၈။ သင်တန်းအတွက် လူတွေ့စစ်ဆေးခံရမည့် အမည်စာရင်းကို (၂၇-၅-၂၀၂၄)ရက်နေ့တွင် ထုတ်ပြန်ပေးမည်ဖြစ်ပြီး လူတွေ့စစ်ဆေးခြင်းကို (၂၈-၅-၂၀၂၄)ရက်နေ့မှစ၍ မန္တလေးနည်းပညာတက္ကသိုလ်တွင် ပြုလုပ်မည်ဖြစ်ပါသည်။ ဘွဲ့လွန်ဒီပလိုမာ (အင်ဂျင်နီယာ/ဗိသုကာ) သင်တန်း တက်ရောက်ခွင့်ရသူများ၏ အမည်စာရင်းကို (၃၀-၅-၂၀၂၄) ရက်နေ့တွင် ထုတ်ပြန်ကြေညာပေးမည်။

**မန္တလေးနည်းပညာတက္ကသိုလ်**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

ရောဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ ပန်းတနော်မြို့၊ မြို့ကွက်သစ်ရပ်ကွက်၊ အကွက်အမှတ်(၂) မြို့ကွက်သစ်)၊ ဦးပိုင်အမှတ်(B-၆၊ M-၂၇၅၊ M-၂၇၆)၊ ဧရိယာ ၀ ဒသမ ၁၇၂ ဧကရှိမြေအား မြေငှားဂရန်အမည်ပြောင်းလျှောက်ထားခြင်းအား ရောဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ ပန်းတနော်မြို့၊ မြို့ကွက်သစ် ရပ်ကွက်၊ ဘုရင့်နောင်တံတားလမ်း၊ အမှတ်(၂)နေ ဒေါ်စောမွန်(ခ)မိစု(၁၄/ပတန(နိုင်)၁၀၅၇၆၁)၊ ဦးသီဟထွန်းလွင် (၁၄/ပတန(နိုင်)၁၅၇၀၆၈)၊ ဦးပြည့်ဖြိုးထွန်းလွင်(၁၄/ပတန(နိုင်)၁၉၄၁၇၃)တို့မှ ပိုင်ဆိုင်မှုအထောက်အထားများနှင့်အတူ မအူပင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ တင်ပြလျှောက်ထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများသည် ဤကြော်ငြာစာပါသည့်ရက်မှ (၁၅)ရက်အတွင်း ပန်းတနော် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မအူပင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

| ဒေါ်စောမွန်(ခ)မိစု | ဦးသီဟထွန်းလွင် | ဦးပြည့်ဖြိုးထွန်းလွင် |
|---|---|---|
| ၁၄/ပတန(နိုင်) ၁၀၅၇၆၁ | ၁၄/ပတန(နိုင်) ၁၅၇၀၆၈ | ၁၄/ပတန(နိုင်) ၁၉၄၁၇၃ |

**အမှတ်(၂)၊ ပန်းတနော်တံတားလမ်း၊ မြို့ကွက်သစ်ရပ်ကွက်၊ ပန်းတနော်မြို့**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ သာစုအရှေ့ရပ်ကွက်၊ ဗိုလ်စောဦးလမ်း ၊ အမှတ်(၂၃) ၊ (ဘီ)လွှာ + ပန့်ဟောက်(ဘီ)၊ ( ၁၃x၅၈ )ပေအကျယ် မီနီကွန်ဒိုတိုက်ခန်းနှင့်ယင်း မီနီကွန်ဒိုတိုက်ခန်းပေါ်ရှိ ရေ၊ မီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိပိုင်ဆိုင်ပြီး လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံပြောဆိုသူဖြစ်သော ဦးမြင့်ကြည် (၁၂/စခန(နိုင်)၀၁၃၂၆၃)မှ ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေ ဖြစ်သော ဦးဇော်ထွန်း ( ၁၂/လမတ (နိုင်)၀၂၉၈၅၅) ကလည်း အပြီးအပြတ်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ(၇)ရက်အတွင်း တိကျခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

| ဒေါ်သက်သက်မွန် | ဦးသုထက်ကျော်လွင် |
|---|---|
| တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၆၀၅/၂၀၁၅) | အထက်တန်းရှေ့နေ(စဉ်-၄၉၅၀၂/၂၀၁၈) |

တိုက်(၄)၊ အခန်း(၃၁)၊ ပထမထပ်၊ မြို့ပြအိမ်ရာ(တောင်ဘက်ခြမ်း)၊ (၈)မိုင်မီးပွိုင့် အနီး၊ (၆)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉ - ၇၉၅၅၃၄၇၅၃၊ ၀၉ - ၇၅၀၃၉၈၄၀၆

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# ပညာရေးဝန်ကြီးဌာန
# အဆင့်မြင့်ပညာဦးစီးဌာန
# စစ်ကိုင်းပညာရေးတက္ကသိုလ်
# ပါရဂူ(PhD)သင်တန်းသားများခေါ်ယူခြင်း

၁။ စစ်ကိုင်းပညာရေးတက္ကသိုလ်တွင် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် ပါရဂူဘွဲ့(PhD) သင်တန်းကို အောက်ဖော်ပြပါ အထူးပြုဘာသာရပ်များဖြင့် ဖွင့်လှစ်သင်ကြားမည် ဖြစ်ပါသည်-

(က) ပညာရေးသဘောတရားနှင့်ပညာရေးစီမံခန့်ခွဲမှု
(ခ) ပညာရေးစိတ်ပညာ
(ဂ) သင်ရိုးညွှန်းတမ်းနှင့်သင်ပြနည်း

၂။ ပါရဂူဘွဲ့(PhD) သင်တန်းတက်ရောက်ရန် အောက်ပါသတ်မှတ်ချက်များနှင့် ပြည့်စုံသူများ လျှောက်ထားနိုင်ပါသည်-

(က) ပါရဂူဘွဲ့သင်တန်း တက်ရောက်ခွင့်လျှောက်ထားသူသည် မြန်မာနိုင်ငံသား ဖြစ်ရမည်။
(ခ) ၂၀၂၄ ခုနှစ် ၊ ဇွန်လ(၁)ရက်နေ့တွင် အသက် (၄၅) နှစ်ထက် မကျော်လွန်သူ ဖြစ်ရမည်။
(ဂ) ပါရဂူအကြိုသင်တန်းကို အချိန်ပြည့် (၁)နှစ် တက်ရောက်နိုင်သူဖြစ်ရမည်။
(ဃ) ဝင်ခွင့်လျှောက်ထားသူ၏ အရည်အချင်းသတ်မှတ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

**ပညာရေးဝန်ကြီးဌာနဝန်ထမ်းများအတွက်**

(၁) အသိအမှတ်ပြုထားသော တက္ကသိုလ်တစ်ခုခုမှ မိမိလျှောက်ထားလိုသော ဘာသာရပ်နယ်ပယ်၌ **အနိမ့်ဆုံးမဟာဘွဲ့အောင်မြင်သူ** ဖြစ်ရမည်။ ဘာသာရပ်ဆိုင်ရာ (၃) နာရီ မေးခွန်းနှင့် အင်္ဂလိပ်စာ (၃)နာရီ မေးခွန်းဝင်ခွင့်စာမေးပွဲ ဖြေဆိုအောင်မြင်ပြီး လူတွေ့စစ်ဆေးခြင်းကို အောင်မြင်သူများကိုသာ လက်ခံမည်။
(၂) အသိအမှတ်ပြု တက္ကသိုလ်တစ်ခုခုမှ မဟာသုတေသနဘွဲ့ရရှိထားသူများသည် (ဝင်ခွင့်စာမေးပွဲ ဖြေဆိုရန်မလိုပါ) လူတွေ့စစ်ဆေးခြင်းကို ဖြေဆိုအောင်မြင်ရမည်။
(၃) တက္ကသိုလ်/ဒီဂရီကောလိပ်များမှ နည်းပြ၊ သရုပ်ပြဖြစ်ပါက နည်းပြ၊ သရုပ်ပြရာထူးတွင် လုပ်သက်(၁)နှစ် အနည်းဆုံးရှိရမည်။
(၄) တက္ကသိုလ်/ဒီဂရီကောလိပ်များမှ ဆရာ၊ဆရာမမဟုတ်သော ပညာရေးဝန်ထမ်းများဖြစ်လျှင် နည်းပြ၊သရုပ်ပြနှင့် အဆင့်တူရာထူးတွင် လုပ်သက်(၂)နှစ် အနည်းဆုံးရှိသူ ဖြစ်ရမည့်အပြင် လျှောက်ထားသူသည် သုတေသနဆိုင်ရာလုပ်ငန်း ဆောင်ရွက်နေသူဖြစ်ပြီး ပါရဂူဘွဲ့သင်တန်း တက်ရောက်ခွင့်ပြုခြင်းဖြင့် ဌာနဆိုင်ရာလုပ်ငန်းတွင် တိုက်ရိုက်အကျိုးပြုနိုင်ကြောင်း သက်ဆိုင်ရာ ဌာနဆိုင်ရာအကြီးအကဲက ထောက်ခံသူဖြစ်ရမည်။
(၅) ပါရဂူအကြိုသင်တန်းတက်ရောက်ခွင့်ရရှိပါက သက်ဆိုင်ရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သို့မဟုတ် သက်ဆိုင်ရာ တက္ကသိုလ်၊ ဒီဂရီကောလိပ် ပါမောက္ခချုပ်၊ ကျောင်းအုပ်ကြီးထံမှ အချိန်ပြည့် (၁)နှစ် တက်ရောက်ခွင့်ပြုနိုင်ကြောင်း ထောက်ခံစာတင်ပြရမည်။

**အခြားဝန်ကြီးဌာနဝန်ထမ်းများအတွက်**

(၁) အသိအမှတ်ပြုထားသော တက္ကသိုလ်တစ်ခုခုမှ မိမိလျှောက်ထားလိုသော ဘာသာရပ်နယ်ပယ်၌ အနိမ့်ဆုံးမဟာဘွဲ့အောင်မြင်သူ ဖြစ်ရမည်။ ဘာသာရပ်ဆိုင်ရာ (၃) နာရီ မေးခွန်းနှင့် အင်္ဂလိပ်စာ (၃)နာရီ မေးခွန်းဝင်ခွင့်စာမေးပွဲဖြေဆိုအောင်မြင်ပြီး လူတွေ့စစ်ဆေးခြင်းကို အောင်မြင်သူများကိုသာ လက်ခံမည်။
(၂) အသိအမှတ်ပြု တက္ကသိုလ်တစ်ခုခုမှ မဟာသုတေသနဘွဲ့ရရှိထားသူများသည် (ဝင်ခွင့်စာမေးပွဲ ဖြေဆိုရန်မလိုပါ) လူတွေ့စစ်ဆေးခြင်းကို ဖြေဆိုအောင်မြင်ရမည်။
(၃) အနိမ့်ဆုံး နည်းပြ၊သရုပ်ပြ သို့မဟုတ် ယင်းနှင့်အဆင့်တူ သင်ကြားရေး ရာထူးတွင် လုပ်သက် (၂) နှစ် အနည်းဆုံးရှိရမည်။
(၄) ပါရဂူအကြိုသင်တန်း တက်ရောက်ခွင့်ရရှိပါက သက်ဆိုင်ရာ ညွှန်ကြားရေးမှူးချုပ်ထံမှ အချိန်ပြည့် (၁) နှစ် တက်ရောက်ခွင့်ပြုကြောင်း ထောက်ခံစာတင်ပြရမည်။

**နိုင်ငံ့ဝန်ထမ်းမဟုတ်သူများအတွက်**

အသိအမှတ်ပြုထားသော တက္ကသိုလ်တစ်ခုခုမှ မိမိလျှောက်ထားလိုသော ဘာသာရပ်နယ်ပယ်၌ အနိမ့်ဆုံး မဟာဘွဲ့ကို CGPA 4.5 နှင့် အထက်ရရှိသူ (သို့မဟုတ်) အနည်းဆုံး မဟာဘွဲ့အပြင် ကိုယ်တိုင် သုတေသနလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သက်ဆိုင်ရာ ပါရဂူဦးစီးကော်မတီက အသိအမှတ် ပြုသူဖြစ်ရမည်။

၃။ စစ်ကိုင်းပညာရေးတက္ကသိုလ်၊ ကျောင်းသားရေးရာဌာနတွင် သတ်မှတ်ထားသည့် လျှောက်လွှာပုံစံဖြင့် (၂၄-၅-၂၀၂၄)ရက်( သောကြာနေ့) နောက်ဆုံးထား၍ လျှောက်ထားရမည်။

၄။ လျှောက်ထားသူများသည် စစ်ကိုင်းပညာရေးတက္ကသိုလ်တွင် ပါရဂူဘွဲ့ (PhD) သင်တန်းဝင်ခွင့်စာမေးပွဲကို အောက်ပါအတိုင်း ဝင်ရောက်ဖြေဆိုရမည်-

(က) ၂၇-၅-၂၀၂၄ (တနင်္လာနေ့) ၀၉:၀၀ နာရီမှ ၁၂:၀၀နာရီ သက်ဆိုင်ရာဘာသာရပ်
(ခ) ၂၈-၅-၂၀၂၄ (အင်္ဂါနေ့) ၀၉:၀၀ နာရီမှ ၁၂:၀၀နာရီ အင်္ဂလိပ်စာဘာသာရပ်

၅။ ရေးဖြေစာမေးပွဲအောင်မြင်သူများနှင့် မဟာသုတေသနဘွဲ့ ရရှိထားသူများကို ၃၁-၅-၂၀၂၄ ရက်နေ့ (သောကြာနေ့)တွင် လူတွေ့စစ်ဆေးမည်။

၆။ အသေးစိတ်အချက်အလက်များကို ဘာသာရပ်နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဘာသာရပ် ပါမောက္ခ (ဌာနမှူး) များထံတွင် လည်းကောင်း၊ သင်တန်းဝင်ခွင့်နှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ ဌာနမှူး (သင်တန်း) (ဖုန်းနံပါတ်-၀၉-၂၀၀၆၀၉၄)၊ ဒု-ဌာနမှူး(သင်တန်း)(ဖုန်းနံပါတ်-၀၉-၇၉၇၉၉၆၃၅၈)၊ မော်ကွန်းထိန်း (ဖုန်းနံပါတ်-၀၉-၄၄၄၆၉၄၈၆၂) တို့ထံတွင်လည်းကောင်း စုံစမ်းနိုင်ပါသည်။

**ဌာနမှူး(သင်တန်းရေးရာ)**
**စစ်ကိုင်းပညာရေးတက္ကသိုလ်**

## ကြော်ငြာစာ

မန္တလေးမြို့၊မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ် မ-၄၄၊ ဦးပိုင်အမှတ် (၂၉၊ ၃၀)/၄၀Aလမ်း၊ ၅၂x၅၃လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးသန်းမြင့် ၉/မရမ(နိုင်)၀၄၆၇၈၃၊AMA-၀၉၅၉၅၇ ၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၆၇၃/၂၀၁၁)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးစိုးသန်းနိုင် ၁၁/သတန(နိုင်)၀၀၅၈၇၆၊ ဒေါ်မြင့်မြင့်ဆွေ ၁၁/သတန(နိုင်)၀၀၅၇၉၁ တို့က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်**
**သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ် ဖဖ-၄၊ ဦးပိုင်အမှတ် ၇၇/၅၀x၅၁ လမ်းကြား၊ ၁၁၀x၁၁၁ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးစိန်ဝင်း ၉/မထလ(နိုင်)၀၁၁၁၀၅၊ MGN-၀၂၇၆၄၇ ၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၆၉၃၂/၂၀၂၂)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်ခင်ခင်မာ ၉/မရတ(နိုင်)၀၀၇၀၅၆ က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်**
**သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ငွေတော်ကျီကုန်းရပ်ကွက်၊ အကွက်အမှတ် ၁၇၊ ဦးပိုင်အမှတ်(၃၃)/၇၃x၇၂ ကြား၊ မင်းကြီးရန်နောင်x မင်္ဂလာလမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးမျိုးမင်းမင်းအောင် ၉/စကတ(နိုင်)၀၆၁၁၁၅ ၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၂၈၈၃/၂၀၁၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးကျော်ဝင်း ၁၃/ကမန(နိုင်)၀၅၈၀၁၂က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေး ကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်**
**သာယာရေးကော်မတီ**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကလောမြို့နယ်၊ အထက(ခွဲ) မြင်းမထိ Grade-7 အောင်မှ မောင်မြင့်မြတ်အောင်၏ ဖခင် ဦးဖိုးကြောင် (ခ) ဦးလှထွန်းရွှေ ၁၃/တကန(နိုင်)၁၀၀၀၈၁ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## အမည်ပြောင်း

ကလောမြို့၊အလက(အင်းပြင်) မှ Grade-7 တက်ရောက်မည့် မောင်ခန့်ဇာနည်ဖြိုး အား မောင်ခန့်ငြိမ်းချမ်းဖြိုး ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်ခန့်ငြိမ်းချမ်းဖြိုး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 13W/13005 ယာဉ်လက်ဝယ်ရှိသူ ဦးမောင်ထူး ၁၂/မဂတ (နိုင်) ၀၇၀၁၂၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထား များဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(ရမည်းသင်း)**

## သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန
## ကချင်ပြည်နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း(ဒုတိယအကြိမ်)

၁။ ကချင်ပြည်နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ၂၀၂၄-၂၀၂၅ ခု၊ ဘဏ္ဍာရေးနှစ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် ကချင်ပြည်နယ်၏ မြို့နယ်များအတွင်း ဆောင်ရွက်မည့် လမ်း၊ တံတားလုပ်ငန်းများအား သတ်မှတ်ဘဏ္ဍာရေးနှစ်အတွင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်ရန်ရှိပါသဖြင့် ဆောင်ရွက်လိုသော လုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) **တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်** - (၂၀-၅-၂၀၂၄)ရက် (တနင်္လာနေ့)
(ခ) **တင်ဒါတင်သွင်းရမည့် နောက်ဆုံးရက်/အချိန်** - (၃-၆-၂၀၂၄)ရက် (တနင်္လာနေ့) (၄:၀၀)နာရီ (ရုံးချိန်အတွင်း)
(ဂ) **တင်ဒါတင်သွင်းရမည့်နေရာ** - ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ကချင်ပြည်နယ်ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာန၊ မြစ်ကြီးနားမြို့

၂။ တင်ဒါလျှောက်လွှာပုံစံနှင့် အသေးစိတ်အချက်အလက်များအား ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ကချင်ပြည်နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**ဆက်သွယ်ရန်ဖုန်း** - ၀၉- ၂၅၆၆၁၂၇၈၈

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ကချင်ပြည်နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန**

## ဖခင်အမည်မှန်

ကျောက်တံခါးမြို့နယ်၊ ပဲနွယ်ကုန်းမြို့၊ အောင်မြေရပ်ကွက်၊ တပ်သင် အလက(ခွဲ) Grade(5) မှ စောမိုးခြိမ်းဉာဏ်၏ ဖခင်အမည်မှန်မှာ ဦးဂျူလိုင် ၁၄/ပတန(နိုင်)၁၆၉၃၁၂ ဖြစ်ပါကြောင်း။

**ဦးဂျူလိုင်**

## ဖခင်အမည်မှန်

ကျောက်တံခါးမြို့နယ်၊ သမင်အင်းကုန်းအုပ်စု၊ သမင်အင်းကုန်း အထက Grade-10 (B) မှ မောင်သူရိန်ထွန်း၏ ဖခင်အမည်မှန်မှာ ဦးဂျူလိုင် ၁၄/ပတန(နိုင်) ၁၆၉၃၁၂ ဖြစ်ပါကြောင်း။

**ဦးဂျူလိုင်**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရောဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ ပန်းတနော်မြို့နယ်၊ ဒေါဝါးကျေးရွာအုပ်စု၊ ကွင်းအမှတ်(၅၄၂-ခ)၊ ဒေါဝါးကွင်း၊ ဦးပိုင်အမှတ်(၄၁၃/၉၃၆)၊ ဧရိယာ ၀.၁၁သမ၃၀ဧကရှိမြေအား မအူပင်ခရိုင်၊ ပန်းတနော်မြို့နယ်၊ ဒေါဝါးကျေးရွာအုပ်စု၊ ဒေါဝါးကျေးရွာနေ ဒေါ်ရီရီမြင့်မှ နေထိုင်လျက်ရှိသည့် လူနေအိမ်အဆောက်အအုံနှင့် ပန်းတနော်မြို့နယ်၊ ဒေါဝါးကျေးရွာအုပ်စု၊ ကွင်းအမှတ်(၅၄၂-ခ)၊ ဒေါဝါးကွင်း၊ ဦးပိုင်အမှတ်(၄၁၃/၉၃၇)၊ ဧရိယာ ၀ ဒသမ ၂၈ ဧကရှိ ဂိုဒေါင်အဆောက်အအုံ(၂)လုံးဆောက်လုပ်အသုံးပြုထားသည့်မြေများအား မြေငှားဂရန်အသစ်လျှောက်ထားခြင်းနှင့်ပတ်သက်၍ ပိုင်ဆိုင်မှုအထောက်အထားများနှင့် အတူ မအူပင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ တင်ပြလျှောက်ထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများသည် ဤကြော်ငြာစာပါသည့်ရက်မှ (၁၅)ရက်အတွင်း ပန်းတနော်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မအူပင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဒေါ်ရီရီမြင့်**
**၁၄/ပတန(နိုင်) ၁၁၉၄၈၅**
**ဒေါဝါးကျေးရွာ၊ ဒေါဝါးကျေးရွာအုပ်စု၊**
**ပန်းတနော်မြို့နယ်**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ သာစုအရှေ့ရပ်ကွက်၊ ဗိုလ်စောဦးလမ်း ၊ အမှတ်(၂၃)၊ (၆-အေ)လွှာ၊ (၁၃ x ၅၈)ပေအကျယ် မီနီကွန်ဒိုတိုက်ခန်းနှင့်ယင်း မီနီကွန်ဒိုတိုက်ခန်းပေါ်ရှိ ရေ၊ မီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိပိုင်ဆိုင်ပြီး လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံပြောဆိုသူဖြစ်သော ဦးမြင့်ကြည် ၁၂/စခန(နိုင်) ၀၁၃၂၆၃ မှ ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေဖြစ်သော ဦးဟိန်းထက် ၁၂/ဗတထ(နိုင်)၈၄၂၁၀၀၊ ဒေါ်ဆန်းစန္ဒာထွန်း ၁၂/ဗတထ(နိုင်)၀၄၃၀၀၀ တို့ကလည်း အပြီးအပြတ်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း တိကျ ခိုင်လုံသောပိုင်ဆိုင်မှုစာရွက် စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်သက်သက်မွန်** — **ဦးသုထက်ကျော်လွင်**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၆၀၅/၂၀၁၅)** — **အထက်တန်းရှေ့နေ (စဉ်-၄၉၅၀၂/၂၀၁၈)**
**တိုက်(၄)၊အခန်း(၃၁)၊ပထမထပ်၊ မြို့ပြအိမ်ရာ(တောင်ဘက်ခြမ်း)၊ (၈)မိုင်မီးပွိုင့်အနီး၊**
**(၆)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၇၉၅၅၃၄၇၅၃၊ ၀၉-၇၅၀၃၉၈၄၀၆**

## ကန့်ကွက်နိုင်ပါကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(သကမ-၁၇)၊ မြေကွက်အမှတ်-(၈၃၉/ခ)၊ အကျယ်အဝန်း(၂၀x၆၀)ပေရှိ ယခုအခေါ်အမှတ် (၈၃၉/ခ)၊ မင်းရဲကျော်စွာ(၇)လမ်း၊ ၂၀-ရပ်ကွက်၊ လှိုင်သာယာမြို့နယ်ဟုခေါ်တွင်သော ဦးမောင်ပု အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ (၂)ထပ်အဆောင်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် ဥပဒေနှင့်အညီ တရားဝင်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးနေဇာလှိုင် ၁၂/မဂဒ(နိုင်)၁၀၂၂၃၆ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍(၁၄) ရက်အတွင်း အထက်ပါမြေကွက်နှင့်ပတ်သက်သည့် ပိုင်ဆိုင်မှုအထောက်အထား စာချုပ်/စာရွက်စာတမ်းမူရင်း၊ ပါမစ်/ဂရန်မူရင်းများနှင့် အတူကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ရွှေစင်အိ (LL.B, D.B.L,D.I.L) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၇၉၂/၂၀၂၃)**
**တိုက်- ၃၉၀/၄၊ စက်မှု(၁)လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း- ၀၉-၄၂၀၀၉၇၀၇၃**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊ ရာဇဓိရာဇ်(၂၄)လမ်း၊ မြေကွက်အမှတ် (၄၁၉/က+ခ)၊ အကျယ်အဝန်း ဧရိယာ (၂၄၀၀) စတုရန်းပေရှိ မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် (၂)ခန်းတွဲ (၆)ထပ်တိုက်၏ ကန်ထရိုက်တာအကျိုးခံစားခွင့်ရရှိသည့်(6B)(၆လွှာ)တိုက်မျက်နှာမူလျှင် ဘယ်ဘက်ခြမ်း အကျယ်အဝန်း ဧရိယာ(၁၇ ပေ x ၅၄ ပေ)ရှိတိုက်ခန်းနှင့် ယင်းတိုက်ခန်း၌ တွယ်ကပ်တပ်ဆင်ထားသည့် ပစ္စည်းများ အပါအဝင် အကျိုးခံစား ခွင့်အရပ်ရပ်အားလုံးတို့ကို (၂၀-၁၀-၂၀၁၈)ရက်စွဲပါ ကန်ထရိုက်တာနှင့်မြေရှင် တိုက်ခန်းအကျိုးတူခွဲဝေခံစားခြင်း သဘောတူကတိစာချုပ်အရ လက်ရှိထားပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံ ကတိပြုသူဦးနေလင်းထွန်း(၁၃/တကန (နိုင်)၁၄၉၆၀၇) (ဆန်းမြတ်ထွန်း ဆောက်လုပ်ရေးကုမ္ပဏီ)ထံမှကျွန်ုပ်၏ မိတ်ဆွေ ဖြစ်သူ ဒေါ်ဆု သီရိမျိုး(၁၂/တမန(နိုင်) ၁၃၇၈၂၇) က အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ပြုလုပ်ခြင်းအား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ(၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီး ဆုံးသည့်တိုင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်ဝင်းဝင်းနွယ် LL.B, B.A(Business Law) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၆၉၂)**
**အမှတ်(၁၂၂၉)၊ ပင်လုံလမ်း၊ (၃၇)ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်း။ ဖုန်း-၀၉-၉၈၂၉၃၅၉၉၁**

## ကျန်းမာရေးဝန်ကြီးဌာန
## ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
## ဆေးတက္ကသိုလ်၊တောင်ကြီး
## University of Medicine, Taunggyi
## (ဒုတိယအကြိမ်) အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ ဆေးတက္ကသိုလ်တောင်ကြီးတွင် (၂၀၂၄-၂၀၂၅) ခု၊ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း အသုံးစရိတ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် အောက်ဖော်ပြပါ တည်ဆောက်ပြုပြင် မွမ်းမံခြင်း၊ လုပ်ငန်းအတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

**စဉ် လုပ်ငန်းစီမံကိန်းအမည်**

(၁) သင်ကြားရေး(၄)ထပ်စာသင်ဆောင်၏ ဒုတိယထပ်တွင်ရှိသော Common Lab အခန်းတွင် Anti Bacterial Homogeneous Vinyl Flooring Work ကြမ်းခင်းခြင်း နှင့် Self Leveling ညှိနှိုင်းခြင်းလုပ်ငန်း (ဘယ်ဘက်) (၂၉၀၀.၀၆ Sq Ft)နှင့် သင်ကြားရေး(၄)ထပ်စာသင်ဆောင်၏ ဒုတိယထပ်တွင် Microbiology ဓာတ်ခွဲခန်း တွင် ကြမ်းခင်း Epoxy Paint ခင်းခြင်းလုပ်ငန်း(ညာဘက်)(၂၆၀၀.၄ Sq Ft)

၂။ **အိတ်ဖွင့်တင်ဒါပုံစံများ စတင်ရောင်းချမည့်ရက်** - ၂၀ -၅ -၂၀၂၄ ရက် (တနင်္လာနေ့) နံနက် (၉ : ၃၀)နာရီ
**တင်ဒါပိတ်သိမ်းမည့်ရက်** - ၃-၆-၂၀၂၄ ရက်(တနင်္လာနေ့) ညနေ(၁၆: ၃၀)နာရီ

၃။ **အိတ်ဖွင့်တင်ဒါရောင်းချမည့်လိပ်စာနှင့် အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်လိပ်စာ** - ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးလူ့စွမ်းအားအရင်း အမြစ်ဦးစီးဌာန ဆေးတက္ကသိုလ်-တောင်ကြီး ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့

၄။ တင်ဒါတင်သွင်းလိုသူသည် သက်ဆိုင်ရာလုပ်ငန်းများအတွက် တင်ဒါအာမခံကြေး ပေးသွင်းပြီးမှ သတ်မှတ် အိတ်ဖွင့်တင်ဒါပုံစံတင်သွင်းရမည်။

၅။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုသော အချက်များကို နေ့စဉ်ရုံးချိန် အတွင်း ဆေးတက္ကသိုလ် -တောင်ကြီး ဖုန်း - ၀၈၁-၂၁၂၄၈၆၂ သို့ ဆက်သွယ် စုံစမ်းနိုင်ပါသည်။

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## လမ်းဦးစီးဌာန ၊ ကချင်ပြည်နယ်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကချင်ပြည်နယ် ၊ လမ်းဦးစီးဌာန၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၊ ပြည်နယ်ဘဏ္ဍာငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများအား တင်ဒါခေါ်ယူမည်ဖြစ်ပါ၍ ဆောင်ရွက်လိုသော လုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည် -

(က) **တင်ဒါလျှောက်လွှာ ရောင်းချမည့်ရက်** - (၁၅-၅-၂၀၂၄)ရက်(ရုံးချိန်အတွင်း)
(ခ) **တင်ဒါတင်သွင်းရမည့် နောက်ဆုံးရက်/အချိန်** - (၂၄-၅-၂၀၂၄)ရက် ညနေ(၄:၃၀)နာရီ
(ဂ) **တင်ဒါလျှောက်လွှာ၊ တင်သွင်းရမည့်နေရာ** - ညွှန်ကြားရေးမှူးရုံး လမ်းဦးစီးဌာန ကချင်ပြည်နယ်၊မြစ်ကြီးနားမြို့

၂။ သတ်မှတ်ချိန်ထက်ကျော်လွန်တင်သွင်းသည့် လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

၃။ အသေးစိတ်သိရှိလိုပါက ကချင်ပြည်နယ်၊ လမ်းဦးစီးဌာန တယ်လီဖုန်းနံပါတ်-၀၇၄-၂၅၂၂၃၆၉၊ ၀၉-၄၂၄၃၈၃၅၃၉သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ်(ဖဖ)၊ ဦးပိုင်အမှတ် (၈၆)/ ၅၅ x ၅၄ လမ်းကြား၊ ၁၁၀ x ၁၁၁ လမ်းကြားရှိ ဂရန်မြေကွက်အားအမည်ပေါက်သူဦးကျော်သန်းထံမှအရောင်းအဝယ်စာချုပ်အမှတ်(၄၁၇/၂၀၂၄) ဖြင့် ဝယ်ယူခဲ့သော ဒေါ်သက်သက်လှိုင် ၁၃/လရန(နိုင်)၁၁၉၆၀၇ က ဂရန်စာချုပ်မူရင်းမှာ အသိမ်းလွန်၍ပျောက်ဆုံးသွားကြောင်း ရဲစခန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊တရားရုံးကျမ်းကျိန်ချက်များတင်ပြ၍ဂရန်မိတ္တူလျှောက်ထားရန်နှင့် အမည်ပြောင်းရန်အတွက် မြေပုံ/မြေရာဇဝင် ရေးကူးခွင့်နှင့် အမှုတွဲဖွင့်လှစ်ခွင့် ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2I/3763,Toyota Passo KGC-10,Hatch Back ယာဉ်လက်ဝယ် ရှိသူ ဦးမြင့်စိုး ၁၂/ဥကမ(နိုင်)၀၁၁၅၀၀ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(ရန်ကုန်အရှေ့ပိုင်း)ရန်ကုန်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 71W/47869,Honda Dream -125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ကျော်စိုး ၃/ဘအန(နိုင်)၀၀၅၈၄၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်ရုံး**
**(ဘားအံမြို့)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန
## ပုသိမ်တက္ကသိုလ်
## ပါရဂူ (Ph.D) သင်တန်းသားများခေါ်ယူခြင်း

၁။ ပုသိမ်တက္ကသိုလ်တွင် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် ပါရဂူဘွဲ့ (Ph.D) သင်တန်းကို အဏုဇီဝဗေဒ၊ သင်္ချာ၊ အဏ္ဏဝါသိပ္ပံနှင့် အင်္ဂလိပ်စာ အထူးပြုဘာသာရပ်များကိုဖွင့်လှစ်သင်ကြားမည်ဖြစ်ပါသည်။

၂။ ပါရဂူဘွဲ့ (Ph.D)သင်တန်းများကို တက်ရောက်ရန် အောက်ပါအရည်အချင်းနှင့် ပြည့်စုံသူများလျှောက်ထားနိုင်ပါသည်-

(က) ပါရဂူဘွဲ့သင်တန်း တက်ရောက်ခွင့် လျှောက်ထားသူသည် . မြန်မာနိုင်ငံသား ဖြစ်ရမည်။
(ခ) ၂၀၂၄ခုနှစ်၊ ဇွန်လ(၁) ရက်နေ့တွင် အသက်(၄၅)နှစ်ထက်မကျော်လွန်သူ ဖြစ်ရမည်။
(ဂ) ပါရဂူအကြိုသင်တန်းကို အချိန်ပြည့်(၁) နှစ်တက်ရောက်နိုင်သူဖြစ်ရမည်။
(ဃ) ဝင်ခွင့်လျှောက်ထားသူ၏အရည်အချင်းသတ်မှတ်ချက်မှာအောက်ပါ အတိုင်းဖြစ်ပါသည်-

**ပညာရေးဝန်ကြီးဌာနဝန်ထမ်းများအတွက်**

(၁) အဏုဇီဝဗေဒ ဘာသာရပ်အတွက် အသိအမှတ်ပြုထားသော တက္ကသိုလ်တစ်ခုခုမှ အဏုဇီဝဗေဒ၊ ရုက္ခဗေဒ၊ သတ္တဗေဒ၊ အဏ္ဏဝါသိပ္ပံ၊ ဓာတုဗေဒ၊ ဇီဝဓာတုဗေဒ ဘာသာရပ်တစ်ခုခုဖြင့် အနိမ့်ဆုံး **မဟာဘွဲ့အောင်မြင်သူဖြစ်ရမည်။**

အဏ္ဏဝါသိပ္ပံ ဘာသာရပ်အတွက် အသိအမှတ်ပြုထားသော တက္ကသိုလ်တစ်ခုခုမှ အဏ္ဏဝါသိပ္ပံ၊ ဓာတုဗေဒ၊ ရုက္ခဗေဒ၊ သတ္တဗေဒ၊ ဘူမိဗေဒ၊ အဏုဇီဝဗေဒ ဘာသာရပ်တစ်ခုခုဖြင့် အနိမ့်ဆုံးမဟာဘွဲ့ အောင်မြင်သူ ဖြစ်ရမည်။

သင်္ချာဘာသာရပ်အတွက် အသိအမှတ်ပြုထားသော တက္ကသိုလ်တစ်ခုခုမှ သင်္ချာဘာသာရပ်ဖြင့် အနိမ့်ဆုံးမဟာဘွဲ့ အောင်မြင်သူ ဖြစ်ရမည်။

အင်္ဂလိပ်စာ ဘာသာရပ်အတွက် အသိအမှတ်ပြုထားသော တက္ကသိုလ်တစ်ခုခုမှ အင်္ဂလိပ်စာဘာသာရပ်ဖြင့် အနိမ့်ဆုံး **မဟာဘွဲ့အောင်မြင်သူ** ဖြစ်ရမည်။

ဘာသာရပ်ဆိုင်ရာ (၃) နာရီမေးခွန်းနှင့် အင်္ဂလိပ်စာ (၃)နာရီ မေးခွန်းဝင်ခွင့်စာမေးပွဲ ဖြေဆိုအောင်မြင်ပြီး လူတွေ့ စစ်ဆေးခြင်း အောင်မြင်သူများကိုသာ လက်ခံမည်။

(၂) အသိအမှတ်ပြုတက္ကသိုလ် တစ်ခုခုမှ မဟာသုတေသနဘွဲ့ရရှိထားသူများသည် ဝင်ခွင့်စာမေးပွဲဖြေဆိုရန်မလိုပါ) လူတွေ့ စစ်ဆေးခြင်းကို ဖြေဆိုအောင်မြင်ရမည်။

(၃) တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ နည်းပြ၊သရုပ်ပြဖြစ်ပါက နည်းပြသရုပ်ပြရာထူးတွင် လုပ်သက်(၁)နှစ် အနည်းဆုံးရှိရမည်။

(၄) တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ဆရာ၊ ဆရာမ မဟုတ်သော ပညာရေးဝန်ထမ်းများဖြစ်လျှင် နည်းပြ၊ သရုပ်ပြနှင့် အဆင့်တူရာထူးတွင် လုပ်သက်(၂) နှစ် အနည်းဆုံးရှိသူဖြစ်ရမည့်အပြင် လျှောက်ထားသူသည် သုတေသန ဆိုင်ရာလုပ်ငန်းဆောင်ရွက်နေသူဖြစ်ပြီး ပါရဂူဘွဲ့သင်တန်း တက်ရောက်ခွင့်ပြုခြင်းဖြင့် ဌာနဆိုင်ရာလုပ်ငန်းတွင် တိုက်ရိုက် အကျိုးပြုနိုင်ကြောင်း သက်ဆိုင်ရာ ဌာနဆိုင်ရာ အကြီးအကဲက ထောက်ခံသူဖြစ်ရမည်။

(၅) ပါရဂူအကြိုသင်တန်း တက်ရောက်ခွင့်ရရှိပါက သက်ဆိုင်ရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သို့မဟုတ် သက်ဆိုင်ရာတက္ကသိုလ်၊ ဒီဂရီကောလိပ် ပါမောက္ခချုပ်၊ ကျောင်းအုပ်ကြီးထံမှ အချိန်ပြည့် (၁)နှစ် တက်ရောက်ခွင့်ပြု နိုင်ကြောင်း ထောက်ခံစာတင်ပြရမည်။

**အခြားဝန်ကြီးဌာနဝန်ထမ်းများအတွက်**

(၁) အသိအမှတ်ပြုထားသော တက္ကသိုလ်တစ်ခုခုမှ မိမိလျှောက်ထားလိုသော ဘာသာရပ်နယ်ပယ်၌ အနိမ့်ဆုံး**မဟာဘွဲ့အောင်မြင်သူ** ဖြစ်ရမည်။ဘာသာရပ် ဆိုင်ရာ ၃ နာရီမေးခွန်းနှင့် အင်္ဂလိပ်စာ ၃ နာရီ မေးခွန်းဝင်ခွင့်စာမေးပွဲ ဖြေဆိုအောင်မြင်ပြီး လူတွေ့ စစ်ဆေးခြင်းကို အောင်မြင်သူများကိုသာလက်ခံမည်။

(၂) အသိအမှတ်ပြုတက္ကသိုလ် တစ်ခုခုမှ မဟာသုတေသနဘွဲ့ရရှိထားသူများသည် ဝင်ခွင့်စာမေးပွဲဖြေဆိုရန်မလိုပါ) လူတွေ့ စစ်ဆေးခြင်းကို ဖြေဆို အောင်မြင်ရမည်။

(၃) အနိမ့်ဆုံး နည်းပြ၊ သရုပ်ပြ(သို့မဟုတ်)ယင်းနှင့်အဆင့်တူ သင်ကြားရေးရာထူးတွင် လုပ်သက် (၂)နှစ် အနည်းဆုံးရှိရမည်။

(၄) ပါရဂူအကြို သင်တန်း တက်ရောက်ခွင့်ရရှိပါက သက်ဆိုင်ရာ ညွှန်ကြားရေးမှူးချုပ်ထံမှ အချိန် ပြည့် (၁)နှစ် တက်ရောက်ခွင့်ပြုကြောင်း ထောက်ခံစာတင်ပြရမည်။

**နိုင်ငံ့ဝန်ထမ်းမဟုတ်သူများအတွက်**

အသိအမှတ်ပြုထားသော တက္ကသိုလ်တစ်ခုခုမှ မိမိလျှောက်ထားလိုသော ဘာသာရပ် နယ်ပယ်၌ အနိမ့်ဆုံး မဟာဘွဲ့ကို CGPA 4.5 နှင့် အထက်ရရှိသူ (သို့မဟုတ်) အနည်းဆုံးမဟာဘွဲ့ အပြင် ကိုယ်တိုင်သုတေသန လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သက်ဆိုင်ရာ ပါရဂူဦးစီးကော်မတီက အသိအမှတ်ပြုသူ ဖြစ်ရမည်။

၃။ ပုသိမ်တက္ကသိုလ် စာမေးပွဲဌာနတွင် သတ်မှတ်ထားသည့် လျှောက်လွှာပုံစံဖြင့် (၂၄-၅-၂၀၂၄) ရက် (သောကြာနေ့) နောက်ဆုံးထား၍ လျှောက်ထားရမည်။

၄။ လျှောက်ထားသူများသည် ပုသိမ်တက္ကသိုလ်တွင် ပါရဂူဘွဲ့ (Ph.D) သင်တန်း ဝင်ခွင့်စာမေးပွဲ ကိုအောက်ပါအတိုင်း ဝင်ရောက်ဖြေဆိုရမည်။

| | | | |
|---|---|---|---|
| (က) | (၂၇-၅-၂၀၂၄)ရက် (တနင်္လာနေ့) | (၀၉:၀၀)နာရီမှ (၁၂:၀၀)နာရီထိ | သက်ဆိုင်ရာဘာသာရပ် |
| (ခ) | (၂၈-၅-၂၀၂၄)ရက် (အင်္ဂါနေ့) | (၀၉:၀၀)နာရီမှ (၁၂:၀၀) နာရီထိ | အင်္ဂလိပ်စာဘာသာရပ် |

၅။ ရေးဖြေစာမေးပွဲအောင်မြင်သူများနှင့် မဟာသုတေသနဘွဲ့ရရှိထားသူများကို (၃၁-၅-၂၀၂၄)ရက်နေ့ (သောကြာနေ့) တွင် လူတွေ့စစ်ဆေးမည်။

၆။ အသေးစိတ်အချက်အလက်များကို ဘာသာရပ်နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ဘာသာရပ်ပါမောက္ခ(ဌာနမှူး)များထံတွင်လည်းကောင်း၊ သင်တန်းဝင်ခွင့်နှင့် စပ်လျဉ်း၍သက်ဆိုင်ရာ ဌာနမှူး(သင်တန်းရေးရာ) (ဖုန်းနံပါတ်- ၀၉-၄၅၁၂၃၆၇၁၆) ထံတွင်လည်းကောင်းစုံစမ်းနိုင်ပါသည်။

**ဌာနမှူး**
**သင်တန်းရေးရာ**
**ပုသိမ်တက္ကသိုလ်**

# " INDIA PRESIDENT'S GOLD MEDAL – PHARMACOLOGY "

# ဘွဲ့ချီးမြှင့်ခံရခြင်းအတွက် အထူးဂုဏ်ပြုခြင်း

မြန်မာ–အိန္ဒိယ အပြည်ပြည်ဆိုင်ရာစီးပွားရေးလုပ်ငန်းရှင်များအသင်းချုပ်နှင့် မြန်မာ–အိန္ဒိယ ချစ်ကြည်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအသင်း၏ ဥက္ကဋ္ဌ ဦးဇော်ဇော်နိုင် ၏သား ဒေါက်တာပိုင်စိုးသူ ၏ဇနီး **DR. PRAVEENAR** အား ၂၀၂၄ ခုနှစ်၊ မေလ ၁၀ ရက်နေ့တွင် အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ ကျင်းပသော **အိန္ဒိယနိုင်ငံသမ္မတကြီး Smt.Droupadi Murmu** ကိုယ်တိုင် တက်ရောက်ချီးမြှင့်သည့် **အိန္ဒိယနိုင်ငံ တစ်နိုင်ငံလုံး၏ ပထမဆု၊ ရွှေတံဆိပ်ဆု (Award of Gold Medal in 22nd Convocation of National Board of Examinations In Medical Science (NBEMS)၊ PRESIDENT'S GOLD MEDAL – PHARMACOLOGY ဆု** ချီးမြှင့်ခံရသည့်အတွက် မြန်မာ–အိန္ဒိယ အပြည်ပြည်ဆိုင်ရာစီးပွားရေးလုပ်ငန်းရှင်များ အသင်းချုပ်နှင့် မြန်မာ–အိန္ဒိယချစ်ကြည်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအသင်း၏ အသင်းသူ၊ အသင်းသားများမှ အထူးဂုဏ်ယူပါကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ဦးအောင်ဇော်ဝင်း**

**Vice President**

**မြန်မာ–အိန္ဒိယအပြည်ပြည်ဆိုင်ရာစီးပွားရေးလုပ်ငန်းရှင်များအသင်းချုပ်နှင့်**
**မြန်မာ–အိန္ဒိယချစ်ကြည်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးအသင်း**

---

**အများသိစေရန်နှင့်**
**ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း**

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ ရှမ်းစုမြောက်ရပ်ကွက်၊ အကွက်အမှတ်(၂၇)၊ ဦးပိုင်အမှတ် (၂၃၆)၊ မြေချိန်ဧရိယာ ၀ ဒသမ ၀၈၃ ဧကရှိ မြေကွက်သည် မူလက ဒေါ်မြင့်မြင့်ဝင်း၊ ဦးမြင့်ဟန်၊ ဦးထွန်းထွန်းလင်း (၃)ဦး အမည်ဖြင့် ၂၀–၃–၂၀၄၂ ရက်ထိ နှစ်(၃၀) မြေငှားဂရန် ရရှိခဲ့ပါသည်။ မြေငှားဂရန်အမည်ပေါက်သူ ဒေါ်မြင့်မြင့်ဝင်း ပါ(၃)ဦးအနက် (၂)ဦးတို့က ၈–၃–၂၀၂၄ ရက်စွဲပါ စာချုပ်စာတမ်းမှတ်ပုံတင်အမှတ် (၁၂၀/၂၀၂၄)အရ မူလမြေဧရိယာ ၀ ဒသမ ၀၈၃ ဧကအနက်မှ အနောက်ဘက်ခြမ်း မြေဧရိယာ (၀၄၁)ဧကအား ဦးပိုင်ခွဲစိတ်၍ ဦးမြင့်ဟန် ၁/မကန(ဧည့်)၀၀၁၃၉၀ ထံသို့ အပြီးအပိုင်စွန့်လွှတ်ပေးခဲ့ပြီးဖြစ်ပါသဖြင့် ယခုအခါ ဦးမြင့်ဟန်အမည်ဖြင့် မြေငှားဂရန် (ဦးပိုင်ခွဲ/အမည်ပြောင်း) လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူမည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်ပြည့် မြောက်သည့်ရက်အထိ မြစ်ကြီးနားခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေ**
**အုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

---

**ကြော်ငြာစာ**

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးပျော်ဘွယ်အနောက်ရပ်ကွက်၊ အကွက်အမှတ်(၂၇၀)၊ ဦးပိုင်အမှတ် (၈–ဃ)၊ ၈၇လမ်း၊ ၃၃x၃၄လမ်းကြားရှိ ဘိုးဘမြေကွက်အမည်ပေါက်သော(ဖခင်)ဦးဝင်းမောင်၊ (မိခင်)ဒေါ် ခင်လေးတို့ အသီးသီးကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ် (၂၆၄၀/၂၀၂၁) ဖြင့် အမွေဆက်ခံခဲ့သည့် သမီးများဖြစ်သော ဒေါ်ဝင်းဝင်းမြင့်၊ ဒေါ်ကေသွယ်ဝင်းတို့၏ (SPရရှိသူ ဦးစိုးအောင်)တို့ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၅၇၃/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဦးထွန်းအောင် ၁၂/သခန(နိုင်)၀၀၀၈၀၉က အမှုတွဲအမှတ် ၀၀၈၆/ဘ(ပြောင်း)/၂၀၂၄–၂၀၂၅ ဖြင့် ဘိုးဘ/အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

---

**ကြော်ငြာစာ**

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ဟေမမာလာတောင်ရပ်ကွက်၊ အကွက်အမှတ်(၆၆၀)၊ ဦးပိုင်အမှတ် (၉၇)၊ လမ်း ၄၀၊ ၇၈ x ၇၉ လမ်းကြားရှိ ဦးဘအေးအမည်ပေါက် ဘိုးဘမြေကွက်အား (ဖခင်)ဦးဘအေး၊(မိခင်)ဒေါ်တုတ်၊ (သမီး)ဒေါ်သောင်း(အပျိုကြီးဘဝ)၊ (သား)ဦးမြင့်ထွေး(လူပျိုကြီးဘဝ)၊ (သမီး)ဒေါ်ခင်သန်း၊ (ခင်ပွန်း) ဦးကျော်သိန်း ၎င်းတို့၏ (သား) ဦးခင်မောင်ထူး (လူပျိုကြီးဘဝ)၊ ဦးအောင်လွင်(လူပျိုကြီးဘဝ)တို့ အသီးသီးကွယ်လွန်၍ အမွေဆက်ခံ ပိုင်ဆိုင်ကြောင်း စာချုပ်အမှတ်(၁၄/၂၀၂၄)ဖြင့် အမွေဆက်ခံခဲ့သည့် ဒေါ်ခင်စန်း၊ ဒေါ်ခင်လှ၊ ဒေါ်ခင်လေးလွင်၊ ဒေါ်ခင်မာလွင်တို့၏(GPရရှိသူ ဦးဉာဏ်လင်းထွန်း) တို့ထံမှ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်အမှတ် (၁၁၈၈/၂၀၂၄) ဖြင့် ဝယ်ယူခဲ့သူ ဦးထွန်းနိုင်ဝင်း ၈/ရစက(နိုင်)၀၀၀၅၀၀ က အမှုတွဲအမှတ် ၀၀၈၉/ဘ(ပြောင်း)/၂၀၂၄–၂၀၂၅ ဖြင့် ဘိုးဘ/အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

---

**ကြော်ငြာစာ**

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက်အမှတ် (ဟ–၁၅)၊ ဦးပိုင်အမှတ် (၂၂)၊ ၁၁၆ x ၁၁၇ လမ်းကြား၊ ၇၄ လမ်း အနောက်ဘက်ရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်ခင်ဆွေသင်း ၉/မတရ(နိုင်)၁၁၄၅၈၉ က အမှုတွဲအမှတ် ၀၁၆၅/၂၀၂၄–၂၀၂၅ ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

---

**ကြော်ငြာစာ**

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးပျော်ဘွယ်အနောက်ရပ်ကွက်၊ အကွက် အမှတ်(၂၆၄)၊ ဦးပိုင်အမှတ် (၁၂–က)၊ ၉၁x၉၂ကြား၊ လမ်း၃၀ရှိဦးမြင့်ကျော်၊ ဒေါ်မြင့်မြင့်စန်း အမည်ပေါက် ဘိုးဘမြေကွက်အား ဇနီးဒေါ်မြင့်မြင့်စန်း ကွယ်လွန်၍ ကျန်ရစ်သော ပူးတွဲအမည်ပေါက်သူ ခင်ပွန်း ဦးမြင့်ကျော် ၅/ကသန(နိုင်)၀၇၁၈၃၀က ဘိုးဘအမည်ပေါက်မြေပုံ၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များ တင်ပြ၍ အမွေဆက်နှင့်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

---

**ကြော်ငြာစာ**

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အနိုပ်တော်ရပ်ကွက်၊ အကွက်အမှတ် ၄၈၊ ဦးပိုင်အမှတ်(၂၄–ခ)/၂၀x၂၁ ကြား၊ ၅၇x၅၈ ကြားရှိ ဦးညွန့်မောင်အမည်ပေါက်ဂရန်မြေကွက်အား ဦးညွန့်မောင်(လူပျိုဘဝ)၊ ဦးထွန်းရင်နှင့် ဇနီး ဒေါ်တင်မြ၊ သား ဦးကျော်ကျော်ထွန်း၊ ဒေါ်ဝင်းစိန်နှင့် ခင်ပွန်း ဦးပါတို့ ကွယ်လွန်၍ ကျန်ရစ်သူများဖြစ်ကြသော ဒေါ်သိန်းတင် ၉/မနမ(နိုင်)၁၂၃၁၀၉၊ ဒေါ်မြစန်း ၉/မနမ(နိုင်)၀၅၉၂၇၉၊ ဒေါ်စန်းစန်းဦး ၉/မနတ(နိုင်)၀၃၂၅၇၄ တို့က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက် နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

---

**ကြော်ငြာစာ**

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အောင်မြေသာစံရပ်ကွက်၊ အကွက်အမှတ်–၁၁၉၊ ဦးပိုင်(၉ ခဲစင်း)/လမ်း ၂၀၊ ၈၆ x ၈၇ လမ်းကြားရှိ ဒေါ်ဝင်းဝင်းခိုင်၊ ဦးသိန်းဝင်း၊ ဦးအောင်မင်း၊ ဦးစန်းဦး၊ ဒေါ်ခင်ထွေး၊ ဒေါ်ညွန့်ညွန့်ဆန်း၊ ဦးအောင်ခင်၊ ဒေါ်အေးအေးသန်းတို့ (၈)ဦး အမည်ပေါက်ဂရန်မြေကွက်အား ဒေါ်ဝင်းဝင်းခိုင်(အပျိုဘဝ)၊ ဦးစန်းဦး(လူပျိုဘဝ)၊ ဦးအောင်မင်း၊ ဦးချယ်နှင့် ဇနီး ဒေါ်ညွန့်ညွန့်ဆန်းတို့ ကွယ်လွန်၍ ကျန်ရစ်သူ သမီး၊ဇနီးနှင့် ကျန်ပူးတွဲအမည်ပေါက်သူများဖြစ်ကြသော ဦးသိန်းဝင်း ၉/မနမ(နိုင်)၀၄၇၆၅၅၊ ဒေါ်ခင်ထွေး ၉/မနမ(နိုင်)၀၄၇၆၄၄၊ ဦးအောင်ခင် ၉/မနမ(နိုင်)၀၄၇၆၅၇၊ ဒေါ်အေးအေးသန်း ၉/မနမ(နိုင်)၀၄၇၆၄၅၊ ဒေါ်သန်းသန်းဆွေ ၉/မရတ(နိုင်)၀၃၃၇၅၀၊ ဒေါ်ဝေဝေတင် ၉/အမဇ(နိုင်)၀၁၁၄၉၆ တို့က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ ခဲစင်းပြအမွေဆက်နှင့် ခဲစင်းပြ စွန့်လွှတ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါ ရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

---

**ရောင်းမည်**

မင်းဘူးမြို့၊ အမှတ်(၁)ရပ်ကွက်၊ ကျောက်တန်းလမ်း၊ မြေ ၀.၉၆၃ ဧကနှင့် ၎င်းမြေပေါ်ရှိ (၁၀' x၂၀' x ၁၂') ၊ (၆၀' x ၃၀' x ၁၃) ၊ (၁၁၀' x ၂၀' x ၁၃')၊ (၃၆'x ၁၈' x ၁၀') ၊ (၅၀' x၂၀' x ၁၃') ၊ အဆောက်အအုံ (၅)လုံး တို့ကို ရောင်းချပါမည်။

**လျှောက်လွှာရောင်းချမည့်ရက်** – (၂၃–၅–၂၀၂၄ မှ ၂၈–၅–၂၀၂၄ ထိ)

**ဆက်သွယ်ရန်ဖုန်း** – ၀၉–၇၉၂၅၀၅၁၇၇ ၊ ၀၉–၄၂၆၄၄၀၃၆၅

---

**ကြော်ငြာစာ**

**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၇၅၁/၂၀၁၄)**
**ဖုန်း-၀၉-၂၅၂၆၄၀၀၂၄**

## ကိုသူရိန်အောင်နှင့် အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏အမှုသည်ဖြစ်သူ မနော်ချက်ကရီဇော်လင်း (ဘ)ဦးအောင်ဇော်လင်း ၁၂/ဥကမ(နိုင်)၂၁၅၆၂၁၏လွှဲအပ်ညွှန်ကြားချက်အရ ကြော်ငြာအပ်ပါသည်-

ကျွန်ုပ်အမှုသည်ဖြစ်သူနှင့် ကိုသူရိန်အောင်တို့သည် ၂၀၁၆ခုနှစ်မှ စတင်၍ အကြင်လင်မယားအဖြစ်ပေါင်းသင်းနေထိုင်ခဲ့ကြပြီး သားတစ်ဦး ထွန်းကားခဲ့ပါသည်။ ထိုနောက်ပိုင်း စိတ်သဘောထားကွဲလွဲမှုများ အကြိမ်ကြိမ်ပေါ်ပေါက်ခဲ့ကြသဖြင့် ၂၀၂၂ခုနှစ်တွင် နှစ်ဦးသဘောတူကွာရှင်းလက်မှတ်ရေးထိုးကာ တရားဝင်ကွာရှင်းပြတ်စဲခဲ့ကြပါသည်။ ထို့ကြောင့် လူကြီးမင်းနှင့် ကျွန်ုပ်အမှုသည်ဖြစ်သူတို့မှာ မည်သို့မျှ သက်ဆိုင်ခြင်းမရှိတော့ပါ၍ ကျွန်ုပ်အမှုသည်ဖြစ်သူ နှင့် သက်ဆိုင်သည့် စီးပွားရေး၊ လူမှုရေး၊ ကိုယ်ရေးကိုယ်တာကိစ္စရပ်အဝဝတို့နှင့် ပတ်သက်ပြီး ဂုဏ်သိက္ခာထိခိုက်အောင်ပြောဆိုရေးသားခြင်း၊ ခြိမ်းခြောက်ခြင်း၊ စော်ကားခြင်း အစရှိသည်တို့အား ထပ်မံ၍ မပြုလုပ်ပါရန်အသိပေးအပ်ပါသည်။ လူကြီးမင်းအနေဖြင့် ထပ်မံ၍ပြုလုပ်ဆောင်ရွက်ခဲ့ပါက ဥပဒေ၏ချမှတ်ထားသောလမ်းစဉ်များအတိုင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အမှုသည်ဖြစ်သူ၏ လွှဲအပ်ညွှန်ကြားချက်များအရ အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ပြုံးမာလွင်(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၄၇၅၃၀/၉-၆-၂၀၁၆)**
**သစ္စာနေခြည်လမ်း၊ နတ်စင်တစ်ရာကုန်းထိပ်၊ ကျောက်ရေကုန်းရပ်ကွက်၊**
**သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၇၇၀၁၇၉၁၈၀၊ ၀၉-၆၇၇၀၅၄၈၄၈**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2S/4451 SUZUKI CARRY OCGIT P/U(4x2)L ယာဉ်လက်ဝယ်ရှိသူ ဒေါ်ကြည်မေထွန်း ၅/ကသန(နိုင်)၀၀၅၅၇၁ က (ကမ -၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 75W/94735 DAYANG 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းထွန်းခိုင် ၇/ပခန(နိုင်)၃၃၈၇၃၉က (ကမ -၃ )ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်တောင်ပိုင်း)သန်လျင်**

## ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

### (တရားမကျင့်ထုံးဥပဒေ အမိန့် ၂၁၊ နည်းဥပဒေ ၂၂)

### တောင်ကြီးမြို့နယ်တရားရုံးတော်

### ၂၀၂၄ ခုနှစ် တရားမကြီးမှုအမှတ် ၉ နှင့်ဆက်နွှယ်သည့် ၂၀၂၄ ခုနှစ်၊ တရားမဇာရီမှုအမှတ် ၃၂

၁။ ဦးသောင်းထိုက်တင် နှင့် ဗိုလ်ကြီးစိုးလင်းကျော်
၂။ ဒေါ်ခင်စန်းအေး

**ဒီကရီအနိုင်ရသူများ** **တရားရှုံး**

အကွက်အမှတ်(၅၉/၁၅)၊ ရပ်ကွက်(၆)၊ အေးသာယာမြို့နေသူ တရားရှုံး ဗိုလ်ကြီး စိုးလင်းကျော် (ယခုနေရပ်လိပ်စာ မသိသူ) သိစေရမည်။

သင့်အပေါ် တောင်ကြီးမြို့နယ်တရားရုံး၏ ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် ၉ တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် ဒီကရီအနိုင်ရသူ ဦးသောင်းထိုက်တင်နှင့် ဒေါ်ခင်စန်းအေးက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် ဒီကရီကို အတည်ပြုလုပ်ရန် အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုစေရန်၊ သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၂၄ ခုနှစ်၊ မေလ ၂၉ ရက် (၁၃၈၆ ခုနှစ် ကဆုန်လဆုတ် ၇ ရက်) မွန်းမတည့်မီ (၁၀း၀၀)နာရီတွင် ဤရုံးတော်သို့ လာရောက်ရမည်။

၂၀၂၄ ခုနှစ် မေလ ၁၅ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(နန်းအေးမြသီရိ)**
**တွဲဖက်မြို့နယ်တရားသူကြီး(၁)**
**တောင်ကြီးမြို့နယ်တရားရုံး**

## ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

### (တရားမကျင့်ထုံးဥပဒေ အမိန့် ၂၁၊ နည်းဥပဒေ ၂၂)

### တောင်ကြီးမြို့နယ်တရားရုံးတော်

### ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် ၇ နှင့်ဆက်နွှယ်သည့် ၂၀၂၄ ခုနှစ်၊ တရားမဇာရီမှုအမှတ် ၃၁

ဒေါ်နန်းနန္ဒာညို နှင့် ဦးစန်းလှိုင်

**ဒီကရီအနိုင်ရသူ** **တရားရှုံး**

အမှတ်(၁၆/၅၉)၊ ရပ်ကွက်(၄)၊ အေးသာယာမြို့နေသူ တရားရှုံး ဦးစန်းလှိုင် (ယခုနေရပ်လိပ်စာ မသိသူ) သိစေရမည်။

သင့်အပေါ် တောင်ကြီးမြို့နယ်တရားရုံး၏ ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် ၇ တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် ဒီကရီအနိုင်ရသူ ဒေါ်နန်းနန္ဒာညိုက လျှောက်ထားသည်ဖြစ်၍ မည်သည့် အကြောင်းကြောင့် ဒီကရီကိုအတည်ပြုလုပ်ရန် အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ပြ၍ ချေဆိုစေရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၂၄ ခုနှစ်၊ မေလ ၂၉ ရက် (၁၃၈၆ ခုနှစ်၊ ကဆုန်လဆုတ် ၇ ရက်) မွန်းမတည့်မီ (၁၀း၀၀)နာရီတွင် ဤရုံးတော်သို့ လာရောက်ရမည်။

၂၀၂၄ ခုနှစ်၊ မေလ ၁၅ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(နန်းအေးမြသီရိ)**
**တွဲဖက်မြို့နယ်တရားသူကြီး(၁)**
**တောင်ကြီးမြို့ နယ်တရားရုံး**

## ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

### (တရားမကျင့်ထုံးဥပဒေ အမိန့် ၂၁၊ နည်းဥပဒေ ၂၂)

### တောင်ကြီးမြို့နယ်တရားရုံးတော်

### ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၂ နှင့်ဆက်နွှယ်သည့် ၂၀၂၄ ခုနှစ်၊ တရားမဇာရီမှုအမှတ် ၃၃

ဒေါ်နန်းစံခမ်း နှင့် ဦးဘိုးချို

**ဒီကရီအနိုင်ရသူ** **တရားရှုံး**

အမှတ်(ည/၄၆)၊ ဂုဏ်ထူးလမ်း၊ ဦးကြီးခမ်းရပ်ကွက်၊ တောင်ကြီးမြို့နေသူ တရားရှုံး ဦးဘိုးချို (ယခုနေရပ်လိပ်စာ မသိသူ) သိစေရမည်။

သင့်အပေါ် တောင်ကြီးမြို့နယ်တရားရုံး၏ ၂၀၂၄ ခုနှစ်၊ တရားမကြီးမှု အမှတ် ၁၂တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် ဒီကရီအနိုင်ရသူ ဒေါ်နန်းစံခမ်းက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် ဒီကရီကို အတည်ပြုလုပ်ရန် အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုစေရန်၊ သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၂၄ ခုနှစ်၊ မေလ ၂၉ ရက် (၁၃၈၆ ခုနှစ် ကဆုန်လဆုတ် ၇ ရက်) မွန်းမတည့်မီ (၁၀း၀၀)နာရီတွင် ဤရုံးတော်သို့ လာရောက်ရမည်။

၂၀၂၄ ခုနှစ်၊ မေလ ၁၅ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(နန်းအေးမြသီရိ)**
**တွဲဖက်မြို့နယ်တရားသူကြီး(၁)**
**တောင်ကြီးမြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ အုတ်ဖိုမြို့နယ်၊ မိုးညိုတန်းရပ်ကွက်၊ မိုးညိုတန်းလမ်း၊ ကွင်း/အကွက်အမှတ်နှင့်အမည် ၂/အုတ်ဖိုအနောက်ရပ်၊ ဦးပိုင်အမှတ်/မြေကွက်အမှတ် ၈၃/င၊ အခွန်စည်းကြပ် ခံရသူ ဦးဖိုးငါ၊ မြို့မြေအမျိုးအစား ၊ ဧရိယာ ဧက ၀ ဒသမ ၀၇၉၊ မြေကွက်ပေါ်တွင် လက်ရှိနေထိုင်သည့် ဦးအောင်ကြည်စိုးမှ မြေဂရန်သစ်လျှောက်ထားခြင်းပတ်သက်၍ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအောင်ကြည်စိုး ၇/အဖန(နိုင်)၀၅၈၂၅၁**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (ရန်ကုန်သစ်)၊ ဘုရင့်နောင်(၁၅)လမ်း၊ မြေကွက်အမှတ် (၂၀၇/က)၊ အိမ်အမှတ်(၁၄/ခ)၊ အကျယ်အဝန်း (၂၀ပေ × ၆၀ပေ)ရှိ ဒေါ်သန်းသန်းဝေ (၁၂/သဃက (နိုင်) ၀၈၆၉၀၈) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်မြကြေးမုံ (၁၂/ဗတထ (နိုင်) ၀၃၂၄၂၈)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမှုရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ–

| | |
|---|---|
| ဦးခင်မောင်ဦး | ဦးပြည့်ဖြိုးအောင် |
| LL.B, D.B.L, D.I.L., | LL.B, |
| တရားလွှတ်တော်ရှေ့နေ(စဉ်–၈၈၅၂) | အထက်တန်းရှေ့နေ(စဉ်–၄၅၅၃၀) |

၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၂၀ ၁၂၄၀၀၃

### ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့၊ ဗိုလ်မင်းရောင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၈/ဘုရင့်နောင်၊ ဦးပိုင်အမှတ် (၇၁ᵃ)၊ ဧရိယာ ၀ ဒသမ ၁၅၃ ဧကအား ဦးသံချောင်း အမည်ပေါက် နှစ် (၃၀) မြေငှား စာချုပ်မြေကွက်အား ဒေါ်ချိုချို (ဘ) ဦးသံချောင်း (ခ)ရမ်လဂန်း ၉/တကန(ဧည့်)၀၀၀၀၆၀ အား ပေးကမ်းစာချုပ်ချုပ်ဆိုရန်အတွက် ဦးသံချောင်း(ဘ) ဦးမာသာပရာဆပ် ၉/တကန(ဧည့်)၀၀၀၀၃၆ မှ မြေငှားစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်လျှောက်ထား လာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်**
**စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

တောင်ငူခရိုင်၊ ဖြူးမြို့၊ မြို့မအနောက်ရပ်ကွက်၊ အကွက်အမှတ်နှင့် အမည်(၁–ဃ၊ ဖြူးမြို့မရပ်)၊ ဦးပိုင်အမှတ်(၇၀–ခ)၊ ဧရိယာ ၀ ဒသမ ၀၃၈ ဧကရှိမြေအား ဦးအောင်လေး (ခ) ဦးအောင်အောင် အမည်ဖြင့် မြေငှားဂရန်လျှောက်ထားလာမှုနှင့် ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြေညာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဖြူးမြို့သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ မြေငှားဂရန်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများပြည်သူများ သိရှိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေ**
**အုပ်ချုပ်ရေးဦးစီးဌာန၊ ဖြူးမြို့**

### တစ်ဦးတည်းဖြစ်ကြောင်း

ဝိုင်းမော်မြို့နယ်၊ နောင်တာလေးကျေးရွာအုပ်စု၊ နယ်မြေ(၁)နေ မမေပုလဲ၏ဖခင် ဦးခင်မောင်သောင်း (ခ) ဦးသောင်းသောင်း (ခ) ဦးမောင်သောင်း ၁/ဝမန(နိုင်) ၀၁၇၄၈၄ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## မီး သတိပြု

### ၁၉–၂–၂၀၂၃ရက်ထုတ်မြန်မာ့အလင်းသတင်းစာပါ ဒေါ်သင်းသင်းနိုင် (၁၂/စခန(နိုင်)၀၁၆၀၃၇) မှ လွှဲအပ်ညွှန်ကြားချက်အရ တရားလွှတ်တော်ရှေ့နေများဖြစ်သည့် ဒေါ်စန်းစန်းမော်နှင့် ဒေါ်မေဝင့်ဝါထွန်း တို့၏ကြေညာချက်အပေါ် ပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန်ကြေညာခြင်း

ဦးကျင်အင်း၊ ဒေါ်ခင်မြတို့တွင် သားသမီး(၇)ဦး မွေးဖွားခဲ့ပြီး ဒေါ်သင်းသင်းနိုင်၏ခင်ပွန်း ကွယ်လွန်သူ ဦးသောင်းရွှေလည်း ပါဝင်ပါသည်။ ဦးကျင်အင်း၊ ဒေါ်ခင်မြတို့ ကွယ်လွန်စဉ်က ကျန်ရစ်သောပစ္စည်းများနှင့် ပတ်သက်၍ ဒေါ်သင်းသင်းနိုင်အား အသိပေးအကြောင်းကြားခြင်းမရှိဘဲ တစ်စုံတစ်ရာဆောင်ရွက်ခြင်းမပြုရန် ၁၉–၂–၂၀၂၃ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၂၈)တွင် ထည့်သွင်းကြေညာခဲ့ပါသည်။ ယခုအခါ ဦးကျင်အင်း၊ ဒေါ်ခင်မြတို့၏အမွေဝေစုခွဲဝေသူအချင်းချင်းပြန်လည်သင့်မြတ်ပြီးဖြစ်၍ ယခင်ကြော်ငြာစာ ၁၉–၂–၂၀၂၃ ရက်ထုတ် မြန်မာ့အလင်းသတင်းစာစာမျက်နှာ (၂၈)ပါ ဒေါ်သင်းသင်းနိုင်၏ လွှဲအပ်ချက်အရ ထည့်သွင်းခဲ့သည့်ကြော်ငြာအား ပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–
ဒေါ်စန်းစန်းမော် (တရားလွှတ်တော်ရှေ့နေ)
စဉ်–၇၉၆၆/၂၀၁၁
အမှတ်(၄၂၈)၊ သုမာလာ(၁)လမ်း၊ (၂)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်
ဖုန်း–၀၉–၂၅၄၄၉၁၂၄၈

### (အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃)
### ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားရုံးတော်
### ၂၀၂၄ ခုနှစ် တရားမအထွေထွေမှုအမှတ် – ၃
### ကွယ်လွန်သူ ဦးကျော်ဆန်း ၏ကျန်ရစ်သော ပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု

ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့နယ်၊ ပွေးလှကျေးရွာ၌ နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးကျော်ဆန်း၏ ကျန်ရစ်သောပစ္စည်း ပင်းတယမြို့နယ်၊ ပွေးလှကျေးရွာအုပ်စု၊ ကွင်းအမှတ်နှင့်အမည် (၉၃/ပွေးလှမြို့မ)၊ ဦးပိုင်အမှတ်(၁၆၀)၊ ဧရိယာ ၁ ဒသမ ၀၄ ဧကရှိ ယာမြေ၊ ပင်းတယမြို့နယ်၊ ပွေးလှကျေးရွာအုပ်စု၊ ကွင်းအမှတ်နှင့်အမည် (၉၇/ဒွေးလှအနောက်)၊ ဦးပိုင်အမှတ် (၁၆၂/၂)၊ ဧရိယာ ၂ ဒသမ ၉၄ ဧကရှိ ယာမြေတို့နှင့် ယင်းမြေပေါ်တွင် တည်ရှိသော သီးပင် စားပင်အပါအဝင် အကျိုးခံစားခွင့်အားလုံး အပေါ်၌ အမွေထိန်းလက်မှတ် ထုတ်ပေးပါမည့်အကြောင်းနှင့် ဒေါ်မေမြတ်ဦးက အမွေဆက်ခံခြင်း အက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၄ ခုနှစ် မေလ ၂၇ ရက်(၁၃၈၆ ခုနှစ်၊ ကဆုန်လဆုတ် ၅ ရက်)နံနက် ၁၀ နာရီတွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးကျော်ဆန်း၏ ကျန်ရစ်သောပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည် အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့ (လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟုထင်မြင်လျှင်)ဆိုခဲ့သော ၂၀၂၄ ခုနှစ်၊ မေလ ၂၇ ရက်(၁၃၈၆ ခုနှစ် ကဆုန်လဆုတ် ၅) ရက်၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်မထုတ်ပေးမီ မှတ်တမ်းများကိုကြည့်ရှုရန် အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၈၃ နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က ဒေါ်မေမြတ်ဦး၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည် ဖြစ်သည်။

၂၀၂၄ ခုနှစ်၊ မေလ ၁၄ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(အေးမြတ်မွန်)
ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားသူကြီး
ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားရုံး

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ(၂၄)ရပ်ကွက်၊ သံသုမာလမ်း၊ တိုက်အမှတ်(B/၃)၊ (၂)ခန်းတွဲ (၄)ထပ်တိုက်၏ ဒုတိယထပ်၊ အခန်းအမှတ်(၃/၂၀၂)၊ အကျယ်အဝန်း ၁၆၀၁ ဒသမ ၁၂၅ စတုရန်းပေရှိ တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အား မူလအမည်ပေါက် ဦးအုန်းမြင့် ၁၂/ကတတ(နိုင်)၀၀၃၄၇၃ ထံမှ အရောင်းအဝယ်စာချုပ်စာတမ်းဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်တင်တင်ခိုင် ၁၂/သဃက(နိုင်)၀၈၈၃၈၃ ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေ ဒေါ်ခင်စောရွှေ ၁၂/သဃက(နိုင်)၀၃၃၄၁၃ မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်တို့ထံသို့ တိကျ ခိုင်လုံသော တရားဝင် စာချုပ်စာတမ်းများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–

| | | |
|---|---|---|
| ဦးဝင်းသူရဇော် (LL.B) | ဒေါ်ယမင်းထွေး (LL.B) | ဦးရဲသီဟ (LL.B) |
| အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ |
| (စဉ်–၄၂၀၆၆) | (စဉ်–၁၂၃၆၅) | (စဉ်–၅၆၃၆၆) |

အမှတ်(၁၀၁)၊ ကံ့ကော်မြိုင်(၂)လမ်း၊ (၃၃)ရပ်ကွက်၊
ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်
ဖုန်း–၀၉–၇၇၂၇၇၇၇၁၂၊ ၀၉ ၄၅၆၉၉၆၇၇၆၊ ၀၉–၉၇၃၀၀၂၁၁၇

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 21U/5439 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(သာယာဝတီမြို့)**

## အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဦးကျော်မင်းထွန်း ၁၂/လမန (နိုင်) ၁၇၁၄၉၄ (ဘ) ဦးတင်ဖေ၊ အမှတ် (၁၀၄/က)၊ ဇေယျာသိဒ္ဓိ (၃)လမ်း၊ လှိုင်မြို့နယ်၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန်ကြေညာအပ်သည်မှာ –

ကျွန်ုပ်၏မိတ်ဆွေ ဦးကျော်မင်းထွန်း (ဘ) ဦးတင်ဖေအား ညောင်စီရေကန်ကျောင်းတိုက် (ယခင်)ကျောင်းထိုင်ဆရာတော် ဦးဇာဂရ ၁၂/လမန(နိုင်)၀၀၀၁၄၆ မှ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ ကွင်းအမှတ် (၆၉)၊ ဦးပိုင်အမှတ် (၁၅/ဘီ)၊ အကျယ်အဝန်း အလျား (၂၇၉) ပေ x အနံ (၈၀) ပေ အကျယ်အဝန်းရှိ မြေကွက်၊ ညောင်စီရေကန်ကျောင်းတိုက် (၂) ကျောင်းဧရိယာနှင့် လွတ်ကင်းသော မြေကွက်အား (၃၀–၃–၂၀၁၈) ရက်စွဲဖြင့် စွန့်လွှတ်ပေးကမ်းခြင်းကတိစာချုပ်ချုပ်ဆိုကာ လက်ရောက်ပေးအပ်ထားခဲ့ပြီး၊ ကျွန်ုပ်၏မိတ်ဆွေကိုယ်တိုင် အဆိုပါမြေကွက်အား မိမိပိုင်ငွေကြေးဖြင့် အုတ်တံတိုင်းများ ကာရံခြင်း၊ လုပ်ငန်းရှင်များအား ငှားရမ်းခြင်း၊ ကိစ္စရပ်များကို လက်ရောက် အကျိုးခံစားနေသူဖြစ်ပါသည်။ ကျွန်ုပ်၏ မိတ်ဆွေ၏ လက်ရှိထား အကျိုးခံစားနေချိန်အတွင်းလည်း မည်သူတစ်ဦးတစ်ယောက်မျှ လာရောက်၍ နှောင့်ယှက်တားဆီးခဲ့ခြင်းမျိုးမရှိပါ။

သို့ဖြစ်ပါ၍ အဆိုပါ ညောင်စီရေကန်ကျောင်း၊ ကျောင်း၏ ရေကန် အနောက်ဘက် ယာယီအလုပ်ရုံများ လုပ်ကိုင်လျက်ရှိသော အလျား (၂၇၉) ပေ x အနံ (၈၀) ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ဆက်စပ်လျက်ရှိသော မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်များအားလုံးအား အကျိုးခံစားခွင့်ရှိသူ ကျွန်ုပ်မိတ်ဆွေ၏ ခွင့်ပြုချက်တစ်စုံတစ်ရာမရှိဘဲ ဝင်ရောက်ခြင်း၊ ကျူးကျော်ခြင်း၊ နေထိုင်ခြင်း၊ သစ်ပင်များခုတ်လှဲခြင်း၊ ခြံစည်းရိုးများဖျက်ဆီးခြင်းစသည့် မည်သည့်ပြုလုပ်မှု တစ်စုံတစ်ရာကိုမှ ပြုလုပ်ခွင့်မရှိပါကြောင်းနှင့် ပြုလုပ်ခဲ့သူ မည်သူတစ်ဦးတစ်ယောက်ကိုမဆို သက်ဆိုင်ရာတည်ဆဲ ဥပဒေများနှင့်အညီ တရားစွဲ အရေးယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ –

| | |
|---|---|
| ရှေ့နေများအသင်းရုံးခန်း | စည်သူအံ့ဘွယ် (LL.B) |
| စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့၊ | တရားလွှတ်တော်ရှေ့နေ |
| ဖုန်း – ၀၉ ၈၉၅၅၀၃၃၃၅ | (စဉ် – ၈၄၅၃) |
| | (Advocate) |

## အများသိစေရန်အသိပေး ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ အမှတ်(၃၀)၊ ဆဒ္ဒန်လမ်းတွင် နေထိုင်ကြသူများဖြစ်သော ဒေါ်နီလာဝင်းသူ ၁၂/အလန(နိုင်)၀၀၂၆၁၁ နှင့် ဦးနိုင်စည်သူ ၁၂/အလန(နိုင်)၀၄၂၆၄၃ တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန်ကြေညာအပ်ပါသည်–

ဦးသူတော်(PKU–၁၃၇၄၂၁) နှင့် ဒေါ်စန်း ၁၂/အလန(နိုင်)၀၂၇၄၄၄ တို့တွင် (၁)ဦးမျိုးမင်းသူ၊ (၂) ဒေါ်နီလာဝင်းသူ၊ (၃)ဒေါ်နီဇာလင်းသူ၊ (၄)ဦးနိုင်စည်သူဟူ၍ သားသမီး(၄)ဦး ထွန်းကားခဲ့ပါသည်။ ဦးသူတော်–ဒေါ်စန်းတို့သည် ဦးသူတော်–ဒေါ်စန်း အမည်ဖြင့် ကွမ်းရောင်းဝယ်ရေးလုပ်ငန်းကိုလုပ်ကိုင်ဆောင်ရွက်ခဲ့သူဖြစ်ပြီး ယင်းလုပ်ငန်းအား ရန်ကုန်မြို့ သီရိမင်္ဂလာဈေးသစ်တွင် ယနေ့ထိတိုင် အမည်ကောင်းသတင်းဖြင့် ဖွင့်လှစ်လုပ်ကိုင် ဆောင်ရွက်လျက်ရှိပါသည်။ ဦးသူတော်သည် ၁၀–၄–၂၀၂၃ ရက်တွင်လည်းကောင်း၊ ဒေါ်စန်းသည် ၉–၇–၂၀၁၆ ရက်တွင်လည်းကောင်း အသီးသီးကွယ်လွန်သွားကြပြီဖြစ်ရာ မိသားစု၏ စီးပွားရေးလုပ်ငန်းဖြစ်သည့် ကွမ်းရောင်းဝယ်ရေးလုပ်ငန်းအား သားသမီးများဖြစ်ကြသော ဒေါ်နီလာဝင်းသူ၊ ဦးနိုင်စည်သူတို့မှ မိဘများရှိစဉ်ကပင် မိသားစုလုပ်ငန်းအား ဝင်ရောက်လုပ်ကိုင်လျက်ရှိကြပါသည်။ ဒေါ်နီဇာလင်းသူမှာ ၂၀၁၈ ခုနှစ်တွင် သာသနာ့ဘောင်သို့ အပြီးတိုင်ဝင်ရောက်ခဲ့ပြီး၊ ဦးမျိုးမင်းသူမှာ ကိုယ်ပိုင်အိမ်ထောင်ဖြင့်သီးခြားနေထိုင်ခဲ့ပြီး ၂၀၀၉ ခုနှစ်ကတည်းပင် ဆောက်လုပ်ရေးလုပ်ငန်းအား လုပ်ကိုင်ဆောင်ရွက်ခဲ့ပါသည်။

သို့ဖြစ်ပါ၍ ဦးမျိုးမင်းသူ ဆောင်ရွက်သည့် ဆောက်လုပ်ရေးလုပ်ငန်းဆိုင်ရာ ကိစ္စများနှင့် အခြားသောလူမှုရေးဆိုင်ရာကိစ္စရပ်များ၊ ငွေကြေးအရှုပ်အရှင်းဆိုင်ရာ ကိစ္စရပ်များအားလုံးတို့သည် ၎င်းနှင့်သာသက်ဆိုင်ပြီး ကျန်မိသားစုဝင် ညီအကိုမောင်နှမများနှင့် လုံးဝ(လုံးဝ) သက်ဆိုင်ခြင်းမရှိပါကြောင်းနှင့် အဆိုပါကိစ္စအဝဝတို့သည် ဦးမျိုးမင်းသူ ကိုယ်တိုင်ဖြေရှင်းဆောင်ရွက်ရမည့် ကိစ္စအဝဝသာဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–

| | |
|---|---|
| ဦးဇင်မင်းထက် (LL.B) | ဦးလင်းဘုန်းမြတ်(LL.B)(D.IP.L)(D.M.L) |
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ |
| (စဉ်–၁၄၃၆၈) | (စဉ်–၁၇၃၈၁) |

ရုံး– အမှတ်(၃၈၈–၃၉၈)(၄လွှာ)၊ ကမ်းနားလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း–၀၉–၉၅၆၆၆၆၃၆၀၊ ၀၉–၄၂၂ ၄၆၀ ၈၀၄

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၇၀ရပ်ကွက်၊ ကျန်စစ်သားလမ်း၊ မြေကွက်အမှတ် ၇၇၂(က)၊ ဦးစိုးမြင့် ၁၂/သဃက(၉နိုင်)၀၆၈၁၉၇၊ ၇၇၂(ခ) ဦးမောင်မောင်အုန်း (MTNT–၀၀၅၇၂၉) အမည်ပေါက်လျက်ရှိသော ပေ(၄၀x၆၀) ရှိသော ပါမစ်မြေကွက်ဖြစ်ပြီး ၎င်းတို့ထံမှ အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူထားသူ ဒေါ်မျိုးသဥ္ဇာဦး ၁၂/ဒဂတ(နိုင်)၁၀၃၂၇၀ ထံမှ ကျွန်ုပ်ကဝယ်ယူရန်အတွက် မြေကွက်န်ဖိုး၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော အထောက်အထားမူရင်းများဖြင့်လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက မြေကွက်အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ တရားဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ငွေးငွေးဝင်း**
**၁၂/ဥကတ(နိုင်)၀၁၇၆၇၁**
**ဖုန်း–၀၉–၂၆၂၁၉၅၈၅၄**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဒဂုံမြို့နယ်၊ (၄၉)ရပ်ကွက်၊ စိန်ချယ်လမ်း၊ မြေကွက်အမှတ် (၁၄၀၃) သည် မြို့/မြေစာရင်းတွင်ဒေါ်ခင်ထွေး ၁၂/လကန (နိုင်)၀၅၇၀၈၉ အမည်ပေါက်လျက်ရှိသော နှစ် ၆၀ ဂရန်မြေကွက်ဖြစ်ပြီး ၎င်းထံမှ အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူထားသူ ဦးသိန်းစိုး ၁၂/ဒဂမ(နိုင်)၀၀၉၈၇၅ ထံမှ ကျွန်ုပ်ကဝယ်ယူရန်အတွက် မြေကွက်ကြီး၏ ခေါင်းရင်းခြမ်း ပေ(၂၀x၆၀)ဂရန်မူရင်းခြမ်း တစ်ထပ်တိုက်ရေမီးစုံအိမ်ကို မြေကွက်ရောင်းဖိုးတန်ဖိုး၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အိမ်ခြံမြေအရောင်းအဝယ်ကို ပြီးဆုံးသည်အထိ တရားဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်သိင်္ဂီလွင်**
**၁၂/မဂတ(နိုင်)၀၆၆၂၂၃**
**ဖုန်း–၀၉–၇၇၈၉၄၆၄၉၇**

### ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၈၈)ရပ်ကွက်၊ ဓမ္မရတနာလမ်း၊ အမှတ် (၂၆၂–က)မြေကွက်ပေါ်ရှိ ဦးအောင်ဝင်းအမည်ပေါက် မြေကွက်၏ တရားဝင်မခွဲစိတ်ရသေးသော အကျယ်အဝန်းပေ(၂၀x ၆၀)ရှိ မြေကွက်အရောင်းအဝယ်ကို ကန့်ကွက်နိုင်ပါကြောင်း

အထက်ဖော်ပြပါ မြေကွက်ကို အရောင်းအဝယ်ကတိစာချုပ်များအရ တရားဝင်ပိုင်ဆိုင်ကြောင်းနှင့် လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ခိုင်ခိုင်လင်း ၁၂/ဒဂတ(နိုင်)၀၁၇၁၅၆ ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သီရိဆွေ ၁၂/တမန(နိုင်)၀၀၃၄၅၉ သည် နှစ်ဦးသဘောတူ မြေကွက်အရောင်းအဝယ် စရန်ငွေပေးချေခြင်း သဘောတူကတိစာချုပ်အရ ရောင်းဖိုးငွေ၏ စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေပြီး ဖြစ်ပါသည်။

အဆိုပါမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောပိုင်ဆိုင်မှု စာချုပ်စာတမ်းအထောက်အထား မူရင်းများနှင့်တကွ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်သီရိဆွေ၏ လွှဲအပ်ညွှန်ကြားချက်အရ–

| | |
|---|---|
| ဦးရဲအောင်နိုင်ထူး | ဒေါ်ဖြိုးပိုပို |
| LL.B (စဉ်–၁၈၈၀၃) | LL.B (စဉ်–၅၄၁၆၈) |
| WIPO (Switzerland) | WIPO (Switzerland) |
| တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ |

ဖုန်း–၀၉–၇၉၁၆၈၆၃၃၄၊ ၀၉–၄၅၀၀၄၅၁၈၇

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈၃)၊ မြေကွက်အမှတ်(၃၅၃) ဟုခေါ်တွင်သော မြေအလျား x အနံ (၄၀x၆၀)ပေရှိ မြေချပါမစ်မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား မူလအမည်ပေါက်ပိုင်ဆိုင်သူ ဦးကံမြင့် ၁၂/မရက(နိုင်)၀၃၃၅၇၈ ထံမှ အရောင်းအဝယ်စာချုပ်စာတမ်းအဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်စောင်ဆန်း ၁၃/မကန(နိုင်)၀၂၃၄၅၉ ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်စိုးစိုးနွယ် ၁၄/ပတန(နိုင်)၁၁၄၆၀၂ မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်တို့ထံသို့ တိကျခိုင်လုံသော တရားဝင် စာချုပ်စာတမ်းများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–

| | | |
|---|---|---|
| ဦးဝင်းသူရဇော် (LL.B) | ဒေါ်ယမင်းထွေး (LL.B) | ဦးရဲသီဟ (LL.B) |
| အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ |
| (စဉ်–၄၂၀၆၆) | (စဉ်–၁၂၃၆၅) | (စဉ်–၅၆၃၆၆) |

အမှတ်(၁၀၁)၊ ကံ့ကော်မြိုင် (၂)လမ်း၊ (၃၃)ရပ်ကွက်၊
ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်
ဖုန်း–၀၉–၇၇၂၇၇၇၇၁၂၊ ၀၉ ၄၅၆၉၉၆၇၇၆၊ ၀၉–၉၇၃၀၀၂၁၁၇

### သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာခြင်း

ရှမ်းပြည်နယ်မြောက်ပိုင်း၊ မန်တုံမြို့၊ မြို့မရပ်ကွက်၊ အိမ်အမှတ် (ဇကလ/၀၃၆) နေ (ဦးဇော်လွန်)–ဒေါ်မာကိုင်(ခ)မလိကွေ ၁၃/နမတ (နိုင်)၀၁၉၀၈၉ တို့၏ တတိယသမီး မနန်ရွယ်(ခ)အဘုတ် ၁၃/မတတ (နိုင်)၀၀၉၉၉၈ သည် မိဘများ၏ ဆိုဆုံးမမှုကိုမနာခံဘဲ နေအိမ်မှ ဆင်းသွားပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ် လိုက်ပါကြောင်းနှင့် နောက်နောင် ၎င်း၏အရှုပ် အရှင်းပြဿနာအဝဝတို့အား လုံးဝတာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မိခင်**
**ဒေါ်မာကိုင် (ခ) မလိကွေ**

## ဒေါ်အုံးတင်
### အသက် (၁၀၃)နှစ်

ကွယ်လွန်သူ ဦးဘလှ၏ သမီးထွေး၊ ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ အင်းယားလမ်း၊ အမှတ်-၇၀(အေ)နေ (ဦးဘိုစိန်)၏ဇနီး၊ ဒေါ်ခင်ငွေးရီ-(ဦးရွှေဝင်း)၊ (ဒေါ်တင်မိုးအေး-ဦးမြင့်အောင်)၊ (ဦးမြင့်လွင်)၊ ဒေါ်ခင်လေးမူ-ဒေါက်တာညွန့်ဝေတို့၏မွေးသမိခင်၊ ဒေါ်ကေခိုင်ဝင်း၊ (ဒေါက်တာကေသွယ်ဝင်း)၊ ဦးသက်ဇော်ဝင်း-ဒေါ်အိအိမျိုး၊ ဦးသန့်စင်ဦး၊ ဒေါ်ချိုနှင်းလွင်-ဦးမောင်ဇော်၊ ဒေါ်နေနွယ်ဦး-Mr.Manuel Ternonတို့၏အဘွား၊ မြစ်(၅)ယောက်တို့၏ဘွားဘွားကြီးသည် ၁၈-၅-၂၀၂၄ရက် နံနက် ၁:၅၀နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ကွယ်လွန်ခြင်း (၅) နှစ်ပြည့်
### (၁၉-၅-၂၀၁၉ မှ ၁၉-၅-၂၀၂၄ )
### ဦးရွှေဘော် (ဗိုလ်မှူး-ငြိမ်း) (OTS-၆၆)
### ရွှေမြန်မာ၊ ရွှေရော-ဂျာနယ်

မိဘများစောင့်ရှောက်ရေးကူညီမှုအသင်းဥက္ကဋ္ဌ၊ ကိုကို မမျှော်လင့်ဘဲ ခွဲခွာသွားတာ ဒီနေ့ (၁၉-၅-၂၀၂၄)ရက်တွင် (၅)နှစ်ပြည့်သော်လည်း တနေ့မှမမေ့ပါ။ ကျေးဇူးရှင် ချစ်ခင်ပွန်းအတွက်၊ နေ့စဉ်၊ လစဉ်၊ နှစ်စဉ် ပြုသမျှကုသိုလ် ကောင်းမှုများအတွက် အမျှ အမျှ အမျှ ပေးဝေပါတယ် ......

မြင့်မြတ်သော ဘုံဘဝမှ ကိုကို သာဓုခေါ်ဆိုနိုင်ပါစေ။

**ချစ်ဇနီး**
**သဲသဲ (လေးခိုင်ခိုင်)**

## ကန့်ကွက်နိုင်ပါသည်

ရောဝတီတိုင်းဒေသကြီး၊ အမှတ်(၃)ရပ်ကွက်၊ ကန်ပတ်လမ်း၊ ကွင်းအမှတ်(၃၀)၊ ကန်သုံးဆင့်အကွက်၊ ဦးပိုင်အမှတ်(၃)၊ ဧရိယာ(၀.၉၁၉)ဧကရှိ ဥယျာဉ်ခြံမြေအမျိုးအစား၊ ပိုင်ဆိုင်ခွင့်လိုင်စင်၊ လက်ရှိအမည်ပေါက် ဦးပတာနီ၊ ဒေါ်မယ်ဆင့် (ဦးကျော်မြင့်မှ အမည်ပြောင်းလျှောက်ထားပြီး) အတွင်းမှ အနီရောင်အမှတ်အသားဖြင့်ပြထားသော ဧရိယာ(၀.၀၆၆)ဧကရှိ မြေကွက်အား ဦးကျော်မြင့်(၁၄/ပသန(နိုင်)၁၀၀၇၉၂)ထံမှ ဦးလှဘို(၁၄/ပသန(နိုင်)၀၉၆၂၇၂) သည်(၁၅-၇-၂၀၁၃)ရက်နေ့တွင် အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပြီး လက်ဝယ်ပိုင်ဆိုင်ထားပါသည်။ အထက်ဖော်ပြပါ မြေကွက်အား ဦးလှဘို(၁၄/ပသန(နိုင်)၀၆၉၂၇၂)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးအောင်ထက်သူ(၁၄/ပသန(နိုင်)၂၇၄၄၃၈)က (၁၆-၅-၂၀၂၄)ရက်တွင် စရန်ငွေတစ်စိတ်တစ်ဒေသကို အသိသက်သေများရှေ့တွင် ပေးချေပြီးဝယ်ယူခဲ့ပါသည်။

သို့ပါ၍ အထက်ဖော်ပြပါ မြေကွက်နှင့်ပတ်သက်ပြီး ကန့်ကွက်သူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားရင်းများ ယူဆောင်၍ ကျွန်ုပ်ထံသို့လာရောက် ကန့်ကွက် နိုင်ပါသည်။ ကန့်ကွက်သူများမရှိပါက အထက်ဖော်ပြပါ မြေကွက်အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးသတ်ဝယ်ယူပြီး ၎င်းမြေကွက်အား လက်ခံဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ဖြူဖြူဝင်း ( LL.B, C,B.L) IP-Law (W.I.P.O, Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၉၉၂၂)**
**(A-16)၊ ရုံးရှေ့(၁)လမ်း၊ (၁၃)ရပ်ကွက်၊ ပုသိမ်မြို့၊ ဖုန်း - ၀၉-၈၈၁၁၆၆၆၀, ၀၉-၂၆၆၆၉၀၀၀၄**

**ရန်ကုန်မြို့၊ကမာရွတ်မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၃၆-D)၊မြေကွက်အမှတ်(၂၆/ဒီ-၂/၁)၊ ဧရိယာ(၀.၁၁၆)ဧကရှိ၊ ဦးအောင်အောင်ညွန့်သိန်း(၁၂/ဗဟန(နိုင်)၁၁၀၅၂၇)အမည်ပေါက် မြေပိုင်မြေကွက်နှင့်မြေပေါ်ရှိ အမှတ်(၁၁၇/D-1သံလွင်လမ်းသွယ်၊(၁၀)ရပ်ကွက်၊ကမာရွတ်မြို့နယ်ဟုခေါ် သောနေအိမ်အဆောက်အဉီ အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း**

အထက်ပါအိမ်ခြံမြေကွက်ကို အမွေဆက်ခံပိုင်ဆိုင်ကြောင်းကြေညာစာချုပ်အရ တရားဝင်အမည်ပေါက်သူ-ဦးအောင်အောင်ညွန့်သိန်း ထံမှ အရောင်းအဝယ်သဘောတူကတိစာချုပ် နှင့် အထူးကိုယ်စားလှယ်လွှဲစာတို့အရ ဝယ်ယူပိုင်ဆိုင်ထားသူ ဦးခင်မောင်အေး(၁၂/ကမတ(နိုင်)၀၀၇၃၆၃)က တရားဝင်ပိုင်ရှင်အဖြစ် အရှုပ်အရှင်းကင်းစွာ လက်ဝယ်ထားရှိပိုင်ဆိုင်ပါကြောင်းနှင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိပါကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေ-ဦးသန်းဝင်း(၁၂/စခန(နိုင်)၀၁၂၁၄၄)က အပြီးအပိုင်ဝယ်ယူရန်(စရန်ငွေ)များပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအိမ်ခြံမြေကွက်နှင့်ပတ်သက်၍ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှစ၍(၁၄)ရက်အတွင်းတိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်ပါက အိမ်ခြံမြေကွက်အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်းကြေညာပါသည်။ (လွှဲအပ်ညွှန်ကြားချက်အရ)

**ဒေါ်ထက်ထက်ပိုင် ( LL-B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၇၄၆)**
**09-43198418 , 09-262377751**
အမှတ်(၂၅၅)၊ မင်းရဲကျော်စွာ(၂)လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ ရွှေညောင်ပင်ရပ်ကွက်၊ ကွင်းအမှတ်(၄၀)၊ ဦးပိုင်အမှတ် (၅/၅ခ+ ၅/၆ခ)၊ မြေချိန်ဧရိယာ(၀.၀၈၆)ဧကရှိ မြေကွက်သည် မူလက ဦးရင်ချောက်အမည်ဖြင့်(၁၅-၃-၂၀၅၂)ရက်အထိနှစ်(၃၀) မြေငှားဂရန်ရရှိခဲ့ပါသည်။ ဂရန်အမည်ပေါက်သူ ဦးရင်ချောက်က(၁၀-၄-၂၀၂၄) ရက်စွဲပါစာချုပ်စာတမ်းမှတ်ပုံတင်အမှတ်(၁၈၅/၂၀၂၄)အရ ဦးချိန်ရှီရှုတ် ၁/လဂန(နိုင်)၀၀၂၄၈၃ထံသို့ အပြီးအပိုင်ရောင်းချပေးခဲ့ပါသည်။ ယခုအခါ ဦးချိန်ရှီရှုတ် အမည်ဖြင့် မြေငှားဂရန်(အမည်ပြောင်း) လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူ မည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်ပြည့်မြောက်သည့်ရက်အထိ မြစ်ကြီးနားခရိုင် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအားလုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ်တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ဘဝနတ်ထံ ပျံလွန်တော်မူခြင်း
### ဘဒ္ဒန္တ စက္ကိန္ဒ
### သက်တော် (၇၅)နှစ်၊ သိက္ခာတော်(၅၅)ဝါ

ခရမ်းမြို့၊ ဘုရားကြီးကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ စက္ကိန္ဒ သက်တော်(၇၅)နှစ်၊ သိက္ခာတော်(၅၅)ဝါရှိ (တိုင်းသံဃဝန်ဆောင်၊ သကျမာရဇိန် သွန်းဘုရားကြီး၏ ဩဝါဒါစရိယ) မဟာထေရ်မြတ်သည် ၁၃၈၆ ခုနှစ်၊ ကဆုန်လဆန်း(၈)ရက်၊ 15-5-2024ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် စံကျောင်းချ အခမ်းအနားကို ၁၃၈၆ ခုနှစ်၊ ကဆုန်လဆုတ်(၆)ရက် 28-5-2024ရက် (အင်္ဂါနေ့) မွန်းလွဲ ၁နာရီအချိန်တွင် ကျင်းပမည်ဖြစ်ပါသည်။ ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်ကို အန္တိမအဂ္ဂိစျာပန သာဓုကိဠနသဘင် ဆင်ယင်ကျင်းပပူဇော်ကြမည်ဖြစ်ပါ၍ ၁၃၈၆ခုနှစ်၊ ကဆုန်လဆုတ် (၇)ရက် 29-5-2024 ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီအချိန် အမှတ် (၂) ရပ်ကွက်ဘုရားကြီးကျောင်းတိုက်သို့ကြွရောက်၍ တရားတော်ဓမ္မစက်အတူတကွနာယူပြီး မွန်းလွဲ ၂နာရီအချိန်တွင် အသုဘကမ္မဋ္ဌာန်းစီးဖြန်းရင်း သုသာန်သို့ လိုက်ပါပို့ဆောင်ကြပါရန် ညို့ငယ်သောစိတ်ထားဖြင့် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

**စျာပနကျင်းပရေးကော်မတီ**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်အိ
### အသက်(၇၇)နှစ်

မင်္ဂလာဒုံနေ(ဦးအုန်းလှ-ဒေါ်စောနု)တို့၏သမီး၊ (ဦးလှထွန်း-ဒေါ်အေးအေး)တို့၏သမီးချွေးမ၊ ဦးအုန်းကျော်(ငြိမ်း၊ ကက.ယာ/ဆ.လ.အ ၉၆၀)၏ဇနီး၊ ဦးတေဇာမျိုး-ဒေါ်အေးအေးကျော်၊ ဦးကိုကိုကျော်-ဒေါ်ခင်မိုးရီ၊ဒေါ်စန္ဒာကျော်၊ ဒေါ်နှင်းနှင်းကျော်တို့၏ မွေးသမိခင်သည် ၁၇-၅-၂၀၂၄ရက် ညနေ ၄:၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၅-၂၀၂၄ရက်တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကွယ်လွန်သူအား ရည်စူး၍ ၂၁-၅-၂၀၂၄ရက်(အင်္ဂါနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာယူမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ်၊ (၃) ရပ်ကွက်၊ ၃၆လမ်း (အထက်)၊ အမှတ် (၁၉၉)၊ မြေညီထပ်၊ အကျယ်အဝန်း (၁၁´ × ၅၀´) ရှိရေမီးအစုံ တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးမှာ ဦးအေးလွင် (၁၂/ကတတ (နိုင်) ၀၀၅၃၂၁) မှ အမည်ပေါက်လက်ရှိထားပိုင်ဆိုင် အကျိုးခံစားလျက်ရှိပြီး၊ ရောင်းချပိုင်ခွင့်ရှိကြောင်းမြွက်ဆို၍ ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်တို့၏မိတ်ဆွေမှဝယ်ယူရန် စရံငွေတစ်စိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်ရန်ရှိပါက ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ ( ၇ ) ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဦးတင်မောင်သိန်း** (စဉ်-၅၃၃၈) B.A, RL, D.B.L, D.I.L **ဒေါ်ယဉ်ယဉ်အောင်** (စဉ်-၁၀၃၈၃) LL.B, D.B.L, D.I.L, D.M.L

**တရားလွှတ်တော်ရှေ့နေများ**

အမှတ် (၁၅၇)၊ ဒုတိယထပ်၊ (A-3)၊ ၂၈-လမ်း(အထက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၅၀၇၆၁၅၈ ၊ ၀၉ ၄၃၀ ၆၄၆၅၇

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ အကွက်အမှတ်(အ-၁၆)၊ ဦးပိုင်အမှတ် (၁၀၆)၊ ၆၇x၆၈ကြား၊ ကုသိုလ်တော်xမင်းကြီးရန်နောင်လမ်းကြားရှိတောဂရန်မြေကွက်အား အမည်ပေါက်သူ ခင်ပွန်း ဦးသန်းမောင်ကွယ်လွန်၍ ကျန်ရစ်သူဇနီး ဒေါ်ခင်စိမ်း ၉/အမရ(နိုင်)၀၃၄၆၃၉ ကတောဂရန်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက် ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါ သည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## မောင်ဖြိုးကိုကို(၁၂/ဥကတ(နိုင်)၁၉၁၄၃၄)အား သားအဖြစ်မှ အပြီးအပိုင်အမွေပြတ်စွန့်လွှတ်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်(၅၄)ရပ်ကွက်၊လေးကျွန်းဇမ္ဗူလမ်း၊အမှတ်(၇၉၇/က)နေ ဦးစိန် ညွန့် (၁၂/ဥကတ(နိုင်)၀၅၉၅၆၁)နှင့်ဒေါ်မိုးမိုးကြည်(၁၂/ဥကတ(နိုင်)၀၆၂၇၀၈)တို့၏ သားဖြစ်သူမောင်ဖြိုးကိုကို (၁၂/ဥကတ(နိုင်)၁၉၁၄၃၄)သည်မိဘတို့၏ပြောဆိုဆုံးမမှုများကိုလိုက်နာမှုမရှိဘဲ၊ မိဘများအား စိတ်ဆင်းရဲစေရန် အမြဲတစေပြုမူ ဆောင်ရွက်နေသည့်အပြင် မိဘများအား ရိုင်းစိုင်းစွာပြောဆိုပြီး နေအိမ်ပေါ်မှ အပြီးအပိုင်ထွက်သွားခဲ့သည့်အတွက် သားအဖြစ်မှ အပြီးအပိုင်အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် မောင်ဖြိုးကိုကို၏ငွေကြေးကိစ္စများနှင့်တကွဆောင်ရွက်မှုမှန်သမျှကို မိဘများမှလုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ အထက်ဖော်ပြပါကိစ္စနှင့်ပတ်သက်၍ စုံစမ်းမေးမြန်းခြင်းသည်းခံပါရန် တောင်းပန်အပ်ပါသည်။

**ဦးစိန်ညွန့်-ဒေါ်မိုးမိုးကြည်တို့၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်စိုးစိုးနွယ်(LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၄၇၅၃)**
**ဖုန်း-၀၉-၄၂၀၂၉၉၀၀၀**

## အမည်မှန်

ဒေါ်လွင်မာဦး (၈/ဂဂန(နိုင်)၀၇၅၇၆၂)၏သား၊ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ စမ်းချောင်းကြီးကျေးရွာ၊ လှော်ကားတာဆုံ၊ အလက (၁) Grade-3 မှ မောင်အောင်ကိုကို၏ အမည်မှန်မှာ မောင်ဟန်ထူးစံဖြစ်ပါကြောင်း။

**ဟန်ထူးစံ**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မကွေးတိုင်းဒေသကြီး၊ဂန့်ဂေါမြို့နယ်၊ ပိုဦးကျေးရွာနေ ဒေါ်စိုးမိုးဝင်း ၈/ဂဂန(နိုင်)၀၁၅၈၉၄၏ ခင်ပွန်းသည် ဦးထွားကြီးနှင့် ဦးခင်မောင်စန်း ၈/ဂဂန(နိုင်)၀၁၆၃၅၃ ဆင်ဦးစီးမှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဦးထွားကြီး(ခ)**
**ဦးခင်မောင်စန်း**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ စောရန်ပိုင် အနောက်ရပ်ကွက်၊ အာသာဝတီလမ်း၊ အမှတ်(၂၀)၊ ၆ထပ်တိုက်၏ပထမထပ်၊(၂လွှာ)၊ အကျယ်အဝန်း(၂၅'x၅၀')ပေရှိတိုက်ခန်းကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း တာဝန်ယူကတိပြုသည့် ဒေါ်ချစ်ချစ်မေ ၁၃/တကန(နိုင်)၀၁၅၈၁၂ထံမှ ကျွန်ုပ်မိတ်ဆွေ ဒေါ်မြင့်မြင့်သန်း (၈/ပခက(နိုင်)၀၆၅၃၃၉)က (၁-၅-၂၀၂၄)ရက်တွင်ရောင်းသူနှင့်ဝယ်သူ အရောင်းအဝယ်ပြီးစီးခဲ့ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ဆုရည်အောင်LL.B,D.L.S,D.B.L,WIPO(Switzerland)**
**အထက်တန်းရှေ့နေ (စဉ်-၅၅၉၀၈)**
**အမှတ်(၂)ရပ်ကွက်၊မရမ်းကုန်းမြို့နယ်၊ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၄၄၅၆၄၅၆၉၉**

## အများသိစေရန် ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ ဝဏ္ဏဒီပရပ်ကွက်၊ အကွက်အမှတ်(ပ-၃၁၉၅၀)တွင် နေထိုင်သူ ဦးခိုင်ကျော်ထွန်း (ဘ)ဦးမောင်ထွေး (၆/သရခ(နိုင်)၀၃၇၈၀၈)ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာ အပ်ပါသည်။ ကျွန်ုပ်၏မိတ်ဆွေ ဦးခိုင်ကျော်ထွန်းနှင့် ဒေါ်အိသိမ့်သိမ့်ဖြိုး (ဘ)ဦးစောဝင်း (၇/တငန(နိုင်)၁၀၉၆၀၂)တို့သည် (၁၂-၁-၂၀၂၄)ရက်တွင် နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ တရားဝင် ကွာရှင်းပြတ်စဲခဲ့ကြပြီးဖြစ်၍ အဆိုပါကွာရှင်းပြတ်စဲသည့်နေ့ရက်မှစ၍ ဦးခိုင်ကျော်ထွန်းနှင့် ဒေါ်အိသိမ့်သိမ့်ဖြိုးတို့သည် တစ်ဦးနှင့်တစ်ဦး ကိုယ်ရေးကိုယ်တာကိစ္စမှန်သမျှကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်ခြင်း မပြုလုပ်ကြရန်နှင့် ဦးခိုင်ကျော်ထွန်းနှင့် ဒေါ်အိသိမ့်သိမ့်ဖြိုးတို့သည် တရားဝင်ကွာရှင်းပြတ်စဲပြီးသည့်ရက်မှစ၍ လုံးဝသက်ဆိုင်ခြင်းမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးခိုင်ကျော်ထွန်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သိင်္ဂီဝင်း (LLB) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၃၆၃/၂၀၁၇ )**
**အမှတ်(၁၄/၂၂၃)၊ (၁၀)လမ်း၊ ပေါင်းလောင်း(၁)ရပ်ကွက်၊ ပျဉ်းမနားမြို့၊**
**ဖုန်း-၀၉-၄၂၀၇၁၇၄၀၁**

## ကန့်ကွက်နိုင်ပါကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၀၇)၊ မြေကွက်အမှတ်- (၆၃၇/ခ)၊ အကျယ်အဝန်းပေ(၂၀ x ၆၀)ရှိ ယခုအခေါ် အမှတ် (၆၃၇/ခ)၊ မေယုလမ်း၊ ၁၀၇-ရပ်ကွက်၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်) ဟုခေါ်တွင်သော ဦးကျော်ခိုင်အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား အရပ်ကတိစာချုပ် အဆက်စပ်ဖြင့် ဥပဒေနှင့်အညီ တရားဝင်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ ဝန်ခံကတိပြုသူများဖြစ်ကြသော (၁) ဦးမျိုးသူအောင် (၉/ခအဇ(နိုင်)၀၁၄၄၅၃)၊ (၂)ဦးတင်မင်းထွေး (၉/မဟမ(နိုင်)၀၄၁၉၃၇)တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း အထက်ပါမြေကွက်နှင့် ပတ်သက်သည့် ပိုင်ဆိုင်မှုအထောက်အထား စာချုပ်/စာရွက်စာတမ်းမူရင်း၊ ပါမစ်/ဂရန်မူရင်းများနှင့် အတူကျွန်ုပ်ထံ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ရွှေဇင်အိ (LL.B, D.B.L,D.I.L) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၇၉၂/၂၀၂၃)**
**တိုက် - ၃၉၀/၄၊ စက်မှု(၁)လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း - ၀၉-၄၂၀၀၉၇၀၇၃**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 79W/89646, Honda Wave-110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးပြည့်စုံအောင် ၁၄/ပသန(နိုင်) ၂၄၄၅၉၈က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 58W/62317, Honda Click-125,M/C ယာဉ်လက်ဝယ်ရှိသူ ဦးဇင်သက်ပိုင် ၁၄/ပသန(နိုင်)၂၁၉၆၈၇က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

❖ **မိမိတို့တပ်မတော်သည် တိုင်းပြည်၏ နေရာဒေသအသီးသီးက တိုင်းရင်းသားပြည်သူများ စုစည်းနေထိုင် တာဝန်ထမ်းဆောင်ခြင်း ဖြစ်သည့်အတွက် မိသားစုစိတ်ဓာတ် မွေးမြူပြီး စည်းလုံးညီညွတ်မှုရှိကြရမည်ဖြစ်ပြီး စုပေါင်းအားသည် ထုကိုရရှိစေပြီး ခိုင်မာမှုကို ပိုမိုရရှိစေ...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၃ခုနှစ်၊ ဒီဇင်ဘာလ ၈ ရက်နေ့တွင် ပြုလုပ်သော စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၆၅) သင်တန်းဆင်းဂုဏ်ပြု စစ်ရေးပြအခမ်းအနား မိန့်ခွန်းပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၉) ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။



ရှမ်းယူနိုက်တက်နှင့် YREO အသင်း ယှဉ်ပြိုင်စဉ်။

## မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲတွင် YREO အသင်း နိုင်ပွဲစရပြီး အား/ကာသိပ္ပံအသင်း ထိပ်ဆုံးတက်လှမ်း

**ရန်ကုန် မေ ၁၈**

၂၀၂၄ ရာသီ မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ် (၃) ပထမနေ့ကို မေ ၁၈ ရက်က ဆက်လက်ကျင်းပရာ YREO အသင်း ပထမဆုံးနိုင်ပွဲရပြီး အား/ကာသိပ္ပံအသင်း ဇယားထိပ်ဆုံးသို့ တက်လှမ်းနိုင်ခဲ့သည်။

စလင်းကွင်း၌ကျင်းပသည့်ပွဲတွင် YREO အသင်းက ရှမ်းယူနိုက်တက်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ အဖွင့်ပွဲတွင် နိုင်ပွဲပျောက်ဆုံးထားသည့် နှစ်သင်းတွေ့ဆုံခြင်းဖြစ်ပြီး YREO အသင်းက နိုင်ပွဲစတင်ရယူနိုင်ခဲ့သည်။ အသင်းသစ် ရှမ်းယူနိုက်တက်အသင်းမှာမူ ရှုံးကန်နေရဆဲဖြစ်ပြီး ရှုံးပွဲဆက်ခဲ့သည်။ YREO အသင်းသည် ပွဲအစမှာပင် ဦးဆောင်ဂိုးရခဲ့သဖြင့် ပွဲကို ထိန်းချုပ်ကစားနိုင်ခဲ့ခြင်းဖြစ်သည်။ YREO အသင်းအတွက် အဖွင့်ဂိုးကို ငါးမိနစ်တွင် စုစုခင်က သွင်းယူခဲ့ခြင်းဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းအနေဖြင့် ချေပဂိုးရရန်

*စာမျက်နှာ ၇ ကော်လံ ၁* ❖

## လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်

**နေပြည်တော် မေ ၁၈**

ယနေ့မွန်းလွဲ ၃ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်း၌ မေ ၂၂ ရက်တွင် လေဖိအားနည်းရပ်ဝန်း (Low Pressure Area) တစ်ခုဖြစ်ပေါ်နိုင်ပါသည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် ကနဦးတွင် အရှေ့မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး ပိုမိုအားကောင်းလာနိုင်ကာ ဘင်္ဂလားပင်လယ်အော် အလယ်ပိုင်း၌ မေ ၂၄ ရက်တွင် မုန်တိုင်းငယ် (Depression) အဖြစ်သို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရပါသည်။ မိုး/ဇလ

## နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့၏ ၁၈ -၅- ၂၀၂၄ ရက်နေ့တွင် ဖြစ်ပေါ်ခဲ့သော အမြင့်ဆုံးနေ့အပူချိန်များ

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်များရှိ မြို့များ | အမြင့်ဆုံး အပူချိန် ဒီဂရီဆဲလ်စီးယပ် | အမြင့်ဆုံး အပူချိန် ဒီဂရီဖာရင်ဟိုက် |
|---|---|---|---|
| ၁။ | နေပြည်တော် | ၃၈.၆ | ၁၀၁.၅ |
| ၂။ | ရန်ကုန် | ၃၉.၅ | ၁၀၃.၁ |
| ၃။ | မန္တလေး | ၄၂.၀ | ၁၀၇.၆ |

## ပရီမီယာလိဂ်တန်းတက်ခွင့် လက်ကျန်တစ်နေရာအတွက် ဆောက်သမ်တန်နှင့် လိဒ်စ်အသင်းယှဉ်ပြိုင်မည်




ချန်ပီယံရှစ်ရှုံးထွက်ပွဲစဉ် ဒုတိယအကျော့မှ ဆောက်သမ်တန်နှင့် ဝက်စ်ဘရွန်းအသင်းပွဲစဉ်ကို မေ ၁၈ ရက် နံနက် ၁ နာရီခွဲတွင် ယှဉ်ပြိုင်ကစားခဲ့ရာ ဆောက်သမ်တန်အသင်းက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ထို့ကြောင့် ဆောက်သမ်တန် အသင်းသည် ဝက်စ်ဘရွန်းအသင်းကို နှစ်ကျော့ပေါင်းရလဒ် သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိကာ ချန်ပီယံရှစ် ရှုံးထွက်ဗိုလ်လုပွဲသို့ တက်လှမ်းနိုင်ခဲ့သည်။

*စာမျက်နှာ ၇ ကော်လံ ၃* ❍

**ယနေ့ သတင်းအညွှန်း**

ISTAF World Cup 2024 ပိုက်ကျော်ခြင်းပြိုင်ပွဲ အုပ်စုအဖွင့်ပွဲတွင် မြန်မာအသင်း ဖိလစ်ပိုင်ကို အနိုင်ရ — ပြည်တွင်းသတင်း စာ ၁၁

အာကာသစခန်းသို့ စတားလိုင်းနား အာကာသယာဉ် ထပ်မံလွှတ်တင်ရန် နာဆာ နှောင့်နှေး — နိုင်ငံတကာသတင်း စာ ၁၃

ကလောမြို့မှာ နှစ်ရက်သာကျင်းပမယ့် မြို့ရဲ့အထင်ကရ ဆုတောင်းပြည့်နှီးဘုရားပွဲတော် — ရွှေနိုင်ငံမြင်ကွင်းကျယ် စာ ၁၆